http://www.dhammadownload.com

လောကာသင်းကျစ်၊ဓမ္မရာဇ်မှန်ကျူ၊သယမ္ဘူ၊မြတ်စွာ၊
စေတသဗ္ဗညာ၏၊သာသနာရောင်၊ ထွန်းပြောင်စေရန်၊ရည်သန်မယုတ်၊
အားထုတ် ကြိုးစားတော် မူလေ့ရှိသော၊ မန္တလေးမြို့၊
မန္တလေးတောင်၊ ရသေ့ကြီး-ဦးခန္တီ တောင်း
ပန်ချက်အရ၊မန္တလေးတောင်အနီးရှိ၊
မိုးထိတိုက်၌၊ယာပိုထ်လေး
ထိ၊မျှညီနွှေလျော်၊နေတော်မူသော၊
အသျှင်ဇာဂရမထေရ်သည်၊ ရှေးဆရာမြတ်
တို့စီရင်တော် မူအပ်သော နိသျဉ်း၊ မြှုပ်ထားအပ်သော
အနက်တို့ကို၊ အကုန်အစင် ဖေါ်ထုတ်၍ စီစဉ်ပြုရတော်မူအပ်သော

# နေတ္တိပါဠိတော်နိဿယ။

## စာချနက်၊မိုးထိမူ။

ပဉ္စမပုံနှိပ်ခြင်း-၅၀၀

မန္တလေးမြို့၊

မန္တလေးတောင် ပိဋကတ်တော် စာပုံနှိပ်တိုက်၊

၁၂၇၈-ခုနှစ်၊ကဆုန်လ။

http://www.dhammadownload.com




| ဦးရေ နံပါတ် | ဝါရတို့၏အမည်။ | မျက်နှာ နံပါတ် |
|---|---|---|
| ၁ | သင်္ဂဟဝါရ .... ... .... .... | ၁ |
| ၂ | ဥဒ္ဒေသဝါရ ... .... .... .... | ၂ |
| ၃ | နိဒ္ဒေသဝါရ ... .... .... .... | ၅ |
| ၄ | ပဋိနိဒ္ဒေသဝါရဒေသနာဟာရဝိဘင်္ဂ .... .... | ၁၂ |
| ၅ | ဝိစယဟာရဝိဘင်္ဂ .... ... .... | ၂၄ |
| ၆ | ယုတ္တိဟာရဝိဘင်္ဂ .... .... .... | ၅၂ |
| ၇ | ပဒဋ္ဌာနဟာရဝိဘင်္ဂ .... ... ... | ၆၅ |
| ၈ | လက္ခဏဟာရဝိဘင်္ဂ .... .... ... | ၇၂ |
| ၉ | စတုဗျူဟဟာရဝိဘင်္ဂ ... .... .... | ၇၉ |
| ၁၀ | အာဝဋ္ဋဟာရဝိဘင်္ဂ .... .... .... | ၉၇ |
| ၁၁ | ဝိဘတ္တိဟာရဘင်္ဂ .... ... .... | ၁၀၇ |
| ၁၂ | ပရိဝတ္တနဟာရဝိဘင်္ဂ .... .... ... | ၁၂၄ |
| ၁၃ | ဝေဝစနဟာရဝိဘင်္ဂ .... .... | ၁၂၉ |
| ၁၄ | ပညတ္တိဟာရဝိဘင်္ဂ .... .... .... | ၁၃၉ |
| ၁၅ | ဩတရဏဟာရဝိဘင်္ဂ .... .... | ၁၅၇ |
| ၁၆ | သောဓနဟာရဝိဘင်္ဂ .... .... .... | ၁၇၃ |
| ၁၇ | အဓိဋ္ဌာနဟာရဝိဘင်္ဂ .... ... .... | ၁၇၇ |
| ၁၈ | သမာရောပနဟာရဝိဘင်္ဂ .... .... | ၁၉၉ |
| ၁၉ | ဒေသနာဟာရသမ္ပါတ .... .... .... | ၂၀၀ |
| ၂၀ | ဝိစယဟာရသမ္ပါတ .... .... .... | ၂၀၄ |
| ၂၁ | ယုတ္တိဟာရသမ္ပါတ .... .... .... | ၂၅၆ |
| ၂၂ | ပဒဋ္ဌာနဟာရသမ္ပါတ .... .... .... | ၂၅၇ |
| ၂၃ | လက္ခဏဟာရသမ္ပါတ ... .... .... | ၂၅၈ |
| ၂၄ | စတုဗျူဟဟာရသမ္ပါတ.... .... .... | ၂၅၉ |
| ၂၅ | အာဝဋ္ဋဟာရသမ္ပါတ .... .... .... | ၂၆၀ |
| ၂၆ | ဝိဘတ္တိဟာရသမ္ပါတ။ .... .... .... | ၂၆၀ |
| ၂၇ | ပရိဝတ္တနာဟာရသမ္ပါတ.... .... .... | ၂၆၀ |
| ၂၈ | ဝေဝစနဟာရသမ္ပါတ .... .... .... | ၂၆၂ |

http://www.dhammadownload.com

# နေတ္တိပါဠိတော်နိဿယ-မာတိကာ။


| ဦးရေ နံပါတ် | ဝါရတို့၏အမည်။ | မျက်နှာ နံပါတ် |
|---|---|---|
| ၂၉ | ပညတ္တိဟာရသမ္ပါတ .... .... .... | ၂၆၂ |
| ၃၀ | ဩတရဏဟာရသမ္ပါတ ... ... .... | ၂၆၃ |
| ၃၁ | သောဓနဟာရသမ္ပါတ .... .... ... | ၂၆၄ |
| ၃၂ | အဓိဋ္ဌာနဟာရသမ္ပါတ .... .... .... | ၂၆၅ |
| ၃၃ | ပရိက္ခာရဟာရသမ္ပါတ .... ... .... | ၂၆၆ |
| ၃၄ | သမာရောပနဟာရသမ္ပါတ .... .... | ၂၆၇ |
| ၃၅ | နယသမုဋ္ဌာန ... .... .... | ၂၆၈ |
| ၃၆ | သာသနပဋ္ဌာန .... .... ... | ၃၁၆ |


နေတ္တိပါဠိတော်နိဿယ-မာတိကာပြီး၏။

http://www.dhammadownload.com

# နေတ္တိပါဠိတော်နိဿယ။

နမော၊ တဿ၊ ဘဂဝတော၊ အရဟတော၊ သမ္မာသမ္ဗုဒ္ဓဿ။
နမော၊ တဿ၊ ဓမ္မဿ၊ သွာက္ခာတဿ၊ သန္ဒိဋ္ဌိကဿ၊ . ။
နမော၊ တဿ၊ သံဃဿ၊ သုပ္ပဋိပန္နဿ၊ ဥဇုပဋိပန္နဿ၊ ။

## ၁-သင်္ဂဟဝါရ၊

သလောကပါလော၊ စတုလောကပါလနှင့်တကွဖြစ်သော၊ လောကော၊ သတ္တလောကသည်။ ယံနုဝရံ၊ အကြင်လူတကာတို့ထက်မြတ်သောသဗ္ဗညုဘုရားကို၊ သဒါ၊ အခါခပ်သိမ်း။ပူဇယတေ၊ပူဇော်မြတ်နိုး၏၊ နမဿတိစ၊ရှိလည်းခိုး၏၊ တဿနုဝရဿ၊ ထိုလူတကာတို့ထက်မြတ်သောသဗ္ဗညုဘုရား၏၊ ဧတံ သာသနဝရံ၊ ဤသာသနာတော်မြတ်ကို၊ ဝိဒူဟိ၊ ပညာရှိတို့သည်၊ ဉေယျံ၊ သိအပ်၏။ ။တိဝိဓံ ဗိ သာသနံ၊ သုံးပါးအပြားရှိသောသာသနာတော်ကိုလည်း၊ သာသနဝရန္တိ၊ သာသနဝရံဟူ၍၊ ဝုတ္တံ၊ ဆိုအပ်၏၊ တေသု၊ ထိုသုံးပါးတို့တွင်၊ ယံပရိယတ္တိသာသနံ၊ အကြင်ပရိယတ္တိသာသနာတော်သည်၊ သုတ္တံ၊ သုတ်မည်၏။ တံသုတ္တံ၊ ထိုသုတ်သည်၊ နွါဒသပဒါနိ၊ တဆဲ့နှစ်ပုဒ်တို့သည်၊ ဟောတိ၊ ဖြစ်၏။ တံသဗ္ဗံ၊ ထိုသုတ်ဟုဆိုအပ်သော အလုံးစုံသော ဘုရားစကား တော်သည်၊ ဗျဉ္ဇနဉ္စ၊ ဗျဉ္ဇနပဒသည် လည်းကောင်း၊ အတ္ထောစ၊ အတ္ထပဒသည်လည်းကောင်း၊ ဟောတိ၊ ဖြစ်၏၊ တံဥဘယံ၊ ထိုနှစ်ပါးစုကို၊ သဉ္ဇာနေတော၊ သချပ်အားဖြင့်၊ ဝိဇ္ဇေယျံ၊ သိအပ်၏၊ တတ္ထ၊ ထိုနှစ်ပါးတို့တွင်၊ အတ္ထော၊ အနက်သည်၊ ကော၊ အဘယ်နည်း၊ ဗျဉ္ဇနံ၊ သဒ္ဒါသည်၊ ကတမံ၊ အဘယ်နည်း၊ ဣတိ၊ ဤသို့၊ သချပတော၊ သချပ်အားဖြင့်၊ ဝိဇ္ဇေယျံ၊ သိအပ်၏။ ။သာသနဿ၊ ပရိယတ္တိသာသနာတော်၏၊ ပရိယေဋ္ဌိ၊ ထက်ဝန်ကျင်မှအနက်ကိုရှာမှီးရာ ရှာမှီးကြောင်းဖြစ်သော၊ သောဠသဟာရော၊ တဆဲ့ခြောက်ပါးသောဟာရရှိထသော၊ ပဉ္စနယာ၊ ငါးပါးသောနည်းရှိထသော၊ အဋ္ဌာရသမူလပဒါ၊ တဆဲ့ရှစ်ပါးသောမူလပဒရှိထသော၊ နေတ္တိ နေတ္တိကို၊ မဟာကစ္စာနေန၊ အရှင်မဟာကစ္စည်းမထေရ်သည်၊ နိဒ္ဒိဋ္ဌာ၊ ပြဟော်မူအပ်ပြီ၊ ။ဟာရော၊ ဟာရတို့သည်၊ သင်္ခေပဿ၊ သုတ်၏၊ ဗျဉ္ဇနဝိစ

http://www.dhammadownload.com



ယော၊ သဒ္ဒါကိုရွေးချယ်စိစစ်တတ်သည်၊ဟောဒ္ဓိ၊ ဖြစ်ကုန်၏၊ တယောစ၊ သုံးပါးသည်းဖြစ်ကုန်သော၊နယာ။ အတ္ထနယတို့သည်၊ သုတ္တဝေဿ၊သုတ်၏အနက်ကိုရွေးချယ်စိစစ်တတ်သည်၊ဟောဒ္ဓိ၊ဖြစ်ကုန်၏၊ တံဥဘယံ၊ထိုဟာရနယနှစ်ပါးတို့၏အပေါင်းကို၊ သံဝဏ္ဏကာနံ၊ ဖွင့်တတ်သော ဆရာသည်၊ပရိဂ္ဂဟိတံ၊သံဝဏ္ဏေတဗ္ဗသုတ်၏ထက်ဝန်းကျင်မှယူအပ်၏၊ သုတ္တံ၊သုတ်ကို၊နေတ္တိ၊ နေတ္တိဟုဆိုအပ်သောသံဝဏ္ဏနာသည်၊ ယထာသုတ္တံ၊သံဝဏ္ဏေတဗ္ဗသုတ်အားလျော်စွာ။ရက္ခတိဝဒတိ၊သံဝဏ္ဏေတိ၊ဖွင့်တတ်၏၊ ၊ယာစေဝဒေသနာ၊အကြင်ပါဠိတော်သည်လည်းကောင်း၊ ယစ္စဒေသိတံ၊အကြင်ပါဠိတော်၏အနက်သည်လည်းကောင်း၊ အတ္ထိ၊ရှိ၏၊ တံဥဘယမ္ပိ၊ထိုနှစ်ပါးရကိုလည်း၊ဝိညေယျံ ဝေ၊သိအပ်သည်သာလျှင်တည်း၊ တတြ၊ထိုသို့သိခြင်း၌၊အယံအနုပုဗ္ဗိ၊ ဤဆိုလတ္တံ့သောဟာရနယတို့၏ အစဉ်သည်၊ နဝဝိဓသုတ္တန္တပရိယေဋ္ဌိ၊အင်္ဂါကိုးပါးအပြားရှိသောသုတ္တန်၏အနက်ကိုရှာမှီးစိစစ်တတ်သောအဖွဲ့ကထာသည်၊ဟောတိ၊ဖြစ်၏။ ဣတိ၊ ဤသည်လျှင်သင်္ဂဟဝါရအပြီးတည်း၊ ၊သင်္ဂဟဝါရော၊သင်္ဂဟဝါရသည်၊သမတ္တော၊ပြီးပြီ ၊

---

## ၂–ဥဒ္ဒေသဝါရ၊

တတ္ထ၊ သောဠသဟာရစသောဂါထာ၌၊ သမတိနိဒ္ဒိဋ္ဌာ၊ကောင်းစွာအကျဉ်းဝင်ကုန်သော၊သောဠသဟာရာ၊ တဆဲ့ခြောက်ပါးသောဟာရတို့သည်၊ ကတမေ၊အဘယ်သည်တို့နည်း၊ ဒေသနာ၊ဒေသနာဟာရ လည်းကောင်း၊ ဝိစယော၊ဝိစယဟာရလည်းကောင်း၊ ယုတ္တိ၊ ယုတ္တိဟာရလည်းကောင်း၊ ပဒဋ္ဌာနော၊ပဒဋ္ဌာနဟာရလည်းကောင်း၊လက္ခဏော၊ လက္ခဏဟာရလည်းကောင်း၊စတုဗျူဟော၊စတုဗျူဟဟာရလည်းကောင်း၊ အာဝဋ္ဋော၊အာဝဋ္ဋဟာရလည်းကောင်း၊ဝိဘတ္တိ၊ ဝိဘတ္တိဟာရလည်းကောင်း၊ ပရိဝတ္တနော၊ပရိဝတ္တနဟာရလည်းကောင်း၊ဝေဝစနော၊ ဝေဝစနဟာရလည်းကောင်း၊ ပညတ္တိ၊ ပညတ္တိဟာရလည်းကောင်း၊ ဩတရဏော၊ ဩတရဏဟာရလည်းကောင်း၊သောဓနော၊သောဓနဟာရလည်းကောင်း၊ အဓိဋ္ဌာနော၊အဓိဋ္ဌာနဟာရလည်းကောင်း၊ပရိက္ခါရော၊ပရိက္ခာရဟာရလည်းကောင်း၊သမာရောပနော၊သမာရောပနဟာရလည်းကောင်း၊ ဣတိ၊ဤသို့၊ သောဠသဟာရာ၊တဆဲ့ခြောက်ပါးသောဟာရတို့သည်၊ဟောန္တိ၊ ဖြစ်ကုန်၏၊ ၊ဒေသနာ၊ဒေသနာဟာရလည်းကောင်း၊ ဝိစယော၊ ဝိစယဟာရလည်းကောင်း၊

http://www.dhammadownload.com



ယုတ္တိ၊ ယုတ္တိဟာရလည်းကောင်း၊ ပဒဋ္ဌာနော၊ ပဒဋ္ဌာနဟာရလည်းကောင်း လက္ခဏော၊ လက္ခဏဟာရလည်းကောင်း၊ စတုဗျူဟော စ၊ စတုဗျူဟဟာရလည်းကောင်း၊ အာဝဋ္ဋော၊ အာဝဋ္ဋဟာရလည်းကောင်း၊ ဝိဘတ္တိ၊ ဝိဘတ္တိဟာရလည်းကောင်း၊ ပရိဝတ္တနော၊ ပရိဝတ္တနဟာရလည်းကောင်း၊ ၊ ဝေဝစနော စ၊ ဝေဝစနဟာရလည်းကောင်း၊ ပညတ္တိ၊ ပညတ္တိဟာရလည်းကောင်း၊ ဩတရဏော စ၊ ဩတရဏဟာရလည်းကောင်း၊ သောဓနော၊ သောဓနဟာရလည်းကောင်း၊ အဓိဋ္ဌာနော၊ အဓိဋ္ဌာနဟာရလည်းကောင်း၊ ပရိက္ခာရော၊ ပရိက္ခာရဟာရလည်းကောင်း၊ သမာရောပနော၊ သမာရောပနဟာရလည်းကောင်း၊ ဣတိ၊ ဤသို့၊ သောဠသ၊ တဆဲ့ခြောက်ပါးသော ဟာရတို့သည်၊ ဟောန္တိ၊ ဖြစ်ကုန်၏၊ ဧတေ သောဠသဟာရာ၊ ထိုတဆဲ့ခြောက်ပါးသောဟာရတို့ကို၊ အတ္ထတော၊ ပဒတ္ထအားဖြင့်၊ အသံကိတ္တနာ၊ အချင်းချင်းမရောမယှက်သည်တို့ကို၊ ကတွာ၊ ပြု၍၊ ပကိတ္တိတာ၊ အပြားအားဖြင့်ဆိုအပ်၏၊ ဧတေသံ၊ ထိုတဆဲ့ခြောက်ပါးသောဟာရတို့၏၊ ယထာ၊ အကြင်အခြင်းအရာအားဖြင့်၊ အသင်္ကရော၊ မရောမရှက်ခြင်းသည်၊ ဟောတိ၊ ဖြစ်၏၊ တထာ စေဝ၊ ထိုမရောမရှက်သောအခြင်းအရာအားဖြင့် သာလျှင်၊ ဘဝတိ၊ ဖြစ်၏၊ ကိံ ဘဝတိ၊ အဘယ်သို့ဖြစ်သနည်း၊ ဝိတ္ထာရတယာ ဝိတ္ထာရေန၊ အကျယ်အားဖြင့်၊ နယဝိဘတ္တိ၊ သင့်သောအကြောင်းဖြင့်ဝေဘန်ခြင်းသည်၊ ဘဝတိ၊ ဖြစ်၏။ ဣတိ ဣမာ၊ ဤဂါထာတို့သည်၊ တာသံ ဟာရုဒ္ဒေသသော ထိုဟာရုဒ္ဒေသ၏၊ အနုဂီတိ၊ အနုဂီတိဂါထာသည်၊ ဟောတိ၊ ဖြစ်၏။ ။

တတ္ထ၊ ထိုသောဠသဟာရစသောဂါထာ၌၊ သမတ္တိနိဗ္ဗိဋ္ဌာ၊ ကောင်းစွာအကျုံးဝင်ကုန်သော၊ ပဉ္စနယာ၊ ငါးပါးသောနည်းတို့သည်၊ ကတမေ၊ အဘယ်သည်တို့နည်း။ နန္ဒိယာဝဋ္ဋော၊ နန္ဒိယာဝဋ္ဋနည်းလည်းကောင်း၊ တိပုက္ခလော၊ တိပုက္ခလနည်း လည်းကောင်း၊ သီဟဝိက္ကီဠိတော၊ သီဟဝိက္ကီဠိတနည်း လည်းကောင်း၊ ဒိသာလောစနော၊ ဒိသာလောစနနည်း လည်းကောင်း၊ အင်္ကုသော၊ အင်္ကုသနည်းလည်းကောင်း၊ ဣတိ ဣမေ၊ ဤသည်တို့သည်၊ ပဉ္စနယာ၊ ငါးပါးသောနည်းတို့သည်၊ ဟောန္တိ၊ ဖြစ်ကုန်၏၊ ။ ပဌမော၊ ပဌမနည်းသည်၊ နန္ဒိယာဝဋ္ဋော၊ နန္ဒိယာဝဋ္ဋမည်၏၊ ဒုတိယော စ၊ နှစ်ခုတို့၏ပြည့်ကြောင်း ဖြင်သောနည်းသည်ကား၊ တိပုက္ခလော၊ တိပုက္ခလမည်၏။ နယလဉ္ဇကော၊ ပါဠိတော်၏ အနက်ကိုဆောင်တတ်သော၊ တတိယော၊ သုံးခုတို့၏ ပြည့်ကြောင်းဖြစ်သောနည်းသည်၊ သီဟဝိက္ကီဠိတော နာမ၊ သီဟဝိက္ကီဠိတမည်၏၊ ဥတ္တမံ၊ မြတ်သော၊ စတုတ္ထံ၊ လေးခုတို့၏ပြည့်ကြောင်းဖြစ်သောနယံ၊

http://www.dhammadownload.com



နည်းကို၊ ဒိသာသောစနံ၊ ဒိသာလောစနမည်၏ဟူ၍၊ အာယတံသု၊ ဆိုကုန်ပြီ၊ ပဉ္စမော၊ ငါခုတို့၏ပြည့်ကြောင်းဖြစ်သောနည်းသည်၊ အကုသောနာမ၊ အကုသမည်၏၊ သဗ္ဗေ၊ ခပ်သိမ်းကုန်သော၊ ပဉ္စနယာ၊ ငါးပါးသောနည်းတို့ကို၊ ဂဏာဉာတာ၊ သိအပ်ကုန်၏၊ ဣတိအယံ၊ ဤသည်သျှင်၊ တဿ၊ ထိုနယဒ္ဒသ၏၊ အနုဂီတိ၊ အနုဂီတိဂါထာသည်၊ ဟောတိ၊ ဖြစ်၏။ ။

တတ္ထ၊ ထိုသောဋ္ဌသဟာရာပသော ဂါထာ၌၊ သမတိနိဝိဋ္ဌာနိ၊ ကောင်းစွာအကျုံးဝင်ကုန်သော၊ အဋ္ဌာရသမူလပဒါနိ၊ တဆဲ့ရှစ်ပါးသောမူလပဒတို့သည်၊ ကတမာနိ၊ အဘယ်သည်တို့နည်း၊ ကုသလာနိ၊ ကုသလပက္ခဖြစ်ကုန်သော၊ နဝပဒါနိ၊ ကိုးပဒတို့လည်းကောင်း၊ အကုသလာနိ၊ အကုသလပက္ခဖြစ်ကုန်သော၊ နဝပဒါနိ၊ ကိုးပဒတို့လည်းကောင်း၊ ဣမာနိ၊ ဤသည်တို့တည်း၊ တတ္ထ၊ ထိုကုသလပဒကိုးခုအကုသလပဒကိုးခုတို့တွင်၊ အကုသလာနိ၊ အကုသလပက္ခဖြစ်ကုန်သော၊ နဝပဒါနိ၊ ကိုးပဒတို့သည်၊ ကတမာနိ၊ အဘယ်သည်တို့နည်း၊ တဏှာ၊ တဏှာလည်းကောင်း၊ အဝိဇ္ဇာ၊ အဝိဇ္ဇာလည်းကောင်း၊ လောဘော၊ လောဘလည်းကောင်း၊ ဒေါသော၊ ဒေါသလည်းကောင်း၊ မောဟော၊ မောဟလည်းကောင်း၊ သုဘသညာ၊ သုဘသညာလည်းကောင်း၊ သုခသညာ၊ သုခသညာလည်းကောင်း၊ နိစ္စသညာ၊ နိစ္စသညာလည်းကောင်း၊ အတ္တသညာ၊ အတ္တသညာလည်းကောင်း၊ ဣတိဣမာနိ၊ ဤသည်တို့တည်း၊ ဣမာနိနဝပဒါနိ၊ ဤကိုးပဒတို့သည်၊ အကုသလာနိ၊ အကုသလပက္ခဖြစ်သောတရားတို့သည်၊ ဟောန္တိ၊ ဖြစ်ကုန်၏၊ ယတ္ထ၊ အကြင်ကိုးပဒတို့၌၊ သဗ္ဗော၊ အလုံးစုံသော၊ အကုသလပက္ခော၊ အကုသလပက္ခဖြစ်သောတရားသည်၊ သင်္ဂဟံ၊ ရေတွက်ခြင်းသို့၊ သမောသရဏံ၊ စုဝေးပေါင်းဆုံခြင်းသို့၊ ဂစ္ဆတိ၊ ရောက်၏။ ။ တတ္ထ၊ ထိုကုသလပဒကိုးခုအကုသလပဒကိုးခုတို့တွင်၊ ကုသလာနိ၊ ကုသလပက္ခဖြစ်ကုန်သော၊ နဝပဒါနိ၊ ကိုးပဒတို့သည် ကတမာနိ၊ အဘယ်သည်တို့နည်း၊ သမထော၊ သမထလည်းကောင်း၊ ဝိပဿနာ၊ ဝိပဿနာ လည်းကောင်း၊ အလောဘော၊ အလောဘ လည်းကောင်း၊ အဒေါသော၊ အဒေါသ လည်းကောင်း၊ အမောဟော၊ အမောဟ လည်းကောင်း၊ အသုဘသညာ၊ အသုဘသညာလည်းကောင်း၊ ဒုက္ခသညာ ဒုက္ခသညာလည်းကောင်း၊ အနိစ္စသညာ၊ အနိစ္စသညာ လည်းကောင်း၊ အနတ္တသညာ၊ အနတ္တသညာလည်းကောင်း၊ ဣတိဣမာနိ၊ ဤသည်တို့တည်း၊ ဣမာနိနဝပဒါနိ၊ ဤကိုးပဒတို့သည်၊ ကုသလာနိ၊ ကုသလပက္ခဖြစ်သော တရားတို့သည်၊ ဟောန္တိ၊ ဖြစ်ကုန်၏၊ ယတ္ထ၊ အကြင်ကိုးပဒတို့၌၊ သဗ္ဗော၊

အလုံးစုံသော၊ကုသလပဉှာ၊ ကုသလပဉှဖြစ်သော တရားသည်။ သင်္ဂဟ၊ရေတွက်ခြင်းသို့၊ သမောသရဏံ၊ ရုံးပေါင်းဆုံခြင်းသို့၊ ဂစ္ဆတိ၊ ရောက်၏။ ၊တတြ၊ထိုတဆဲ့ရှစ်ပါးကုန်သော မူလပဒတို့၌၊ ဓမ္မာ၊ ဤဆိုလတ္တံ့သည်ကား၊ဥဒါနံ၊ဥဒါန်းတည်း။ ၊တဏှာစ၊တဏှာလည်းကောင်း အဝိဇ္ဇာပိစ၊အဝိဇ္ဇာလည်းကောင်း၊လောဘောစ၊ လောဘလည်းကောင်း၊ ဒေါသောစ၊ဒေါသလည်းကောင်း၊တထေဝ၊ထိုမှတပါး။ မောဟောစ၊မောဟလည်းကောင်း၊ စတုရော၊လေးပါးကုန်သော၊ဝိပလ္လာသာစ၊ ဝိပလ္လာသတို့လည်းကောင်း၊ဣတိ၊ဤသို့၊နဝပဒါနိ၊ ကိုးပုဒ်တို့သည်၊ ကိလေသဘူမိ၊ သံကိလေသဘုံတို့သည်၊ဟောန္တိ၊ ဖြစ်ကုန်၏။ ၊သမထောစ၊ သမထလည်းကောင်း။ဝိပဿနာစ၊ဝိပဿနာလည်းကောင်း၊ကုသလာနိ၊ ကုသလပဉှဖြစ်ကုန်သော၊တိဏိ၊သုံးပါးကုန်သော၊ ယာနိမူလာနိစ၊ အကြင်မူလတို့လည်းကောင်း၊စတုရော၊လေးပါးကုန်သော၊သတိပဋ္ဌာနာစ၊သတိပဋ္ဌာန်တို့လည်းကောင်း၊ဣတိ၊ဤသို့၊နဝပဒါနိ၊ကိုးပုဒ်တို့သည်၊ ဗျူဒြိယဘူမိ၊ဗျူဒြိယဘုံတို့သည်၊ ဟောန္တိ၊ ဖြစ်ကုန်၏။ ၊နဝဟိပဒေဟိစ၊ သမထအစရှိကုန်သော ကိုးပုဒ်တို့ဖြင့်လည်း၊ကုသလာ၊ကုသလပက္ခဖြစ်ကုန်သောတရားတို့ကို၊ သံဝဏ္ဏကေဟိ၊ ဖွင့်တော်မူကုန်သော အဋ္ဌကထာဆရာတို့သည်၊ ယုဇ္ဇန္တိယောဇိယန္တိ၊ယှဉ်စေအပ်ကုန်၏၊နဝဟိစ၊တဏှာအစရှိကုန်သော၊ ကိုးပဒ ဘို့ဖြင့်လည်း၊ အကုသလပက္ခာ၊ အကုသလပက္ခ ဖြစ်ကုန်သော၊ တရားတို့ကို၊ယုဇ္ဇန္တိယောဇိယန္တိ၊ ယှဉ်စေအပ်ကုန်၏၊ ဧတေခေါ၊ ဤတဏှာအစရှိကုန်သော၊ အဋ္ဌာရသပဒါနိ၊ တဆဲ့ရှစ်ပါးကုန်သောပုဒ်တို့သည်၊ မူလပဒါ၊မူလပုဒ်မည်ကုန်သည်၊ဘဝန္တိ၊ဖြစ်ကုန်၏၊ ဣတိ၊ ဤသည်လျှင် ဥဒ္ဒေသဝါရ အပြီးတည်း။ ၊ဥဒ္ဒေသဝါရော၊ ဥဒ္ဒေသဝါရသည်၊ ၊သမတ္တော၊ပြီးပြီ။ ၊

---

## ၃-နိဒ္ဒေသဝါရ၊

တတ္ထ၊ထိုဥဒ္ဒေသပါဠိ၌၊ သင်္ခေပတော၊ အကျဉ်းအားဖြင့်၊ နေတ္တိ၊နေတ္တိကျမ်းကို၊မယာ၊ ငါသည်၊ ကိတ္တိတာ၊ ဆိုအပ်ပြီ။ ၊အဿာဒေါစ၊သုခသောမနဿစသောတဏှာစသောအဿာဒလည်းကောင်း၊ အာဒီနဝတာ၊ အာဒီနဝေါစ၊ ဒုက္ခဒေါမနဿဝေဒနာစသောအာဒီနဝလည်းကောင်း၊နိဿရဏမ္ပိစ၊အရိယာမဂ်နိဗ္ဗာန်ဟုဆိုအပ်သောနိဿရဏလည်းကောင်း၊ဖလမ္ပိစ၊ဒေသနာဖလလည်းကောင်း၊ ဥပါယောစ၊ အရိယာမဂ်၏အာသန္နကာရ

http://www.dhammadownload.com



ထာဖြစ်သောပုဗ္ဗဘာဂပဋိပဒါလည်းကောင်း၊ ယောဂီနံ၊ ယောဂီပုဂ္ဂိုလ်တို့၏ အညာသယ၊ အကျိုးငှါ၊ ဘဂဝတော၊ မြတ်စွာဘုရား၏။ အာဏတ္တိစ၊ ဝေနေယျတို့အား တိုက်တွန်းခြင်းအာဏာ အစီအရင်လည်းကောင်း၊ ယောသံဝဏ္ဏနာဝိသေသော၊ အကြင်သံဝဏ္ဏနာ အထူးသည်၊ ဧတေသံ အဿာဒီနံ၊ ဤအဿာဒအစရှိကုန်သော ခြောက်ပါးကုန်သော သဘာဝတို့ကို၊ ဝိဘဇ္ဇန လက္ခဏော၊ ဝေဘန်၍ ခွဲခြမ်းခြင်းလက္ခဏာရှိ၏။ သောသံဝဏ္ဏနာဝိသေသော ထိုသံဝဏ္ဏနာအထူးသည်၊ ဒေသနာဟာရော၊ ဒေသနာဟာရမည်၏၊ ၊ ဝိစယမာနာ၊ ရွေးချယ်စိစစ်အပ်သော။ ယံပုစ္ဆိတံယာပုစ္ဆာဝိစ၊ အကြင်ပုစ္ဆာသည်လည်းကောင်း၊ ဝိစယမာနာ၊ ရွေးချယ်စိစစ်အပ်သော၊ ယံဝိဿဇ္ဇိတံ ယာဝိဿဇ္ဇနာစ၊ အကြင်ဝိဿဇ္ဇနာသည်လည်းကောင်း၊ ဝိစယမာနာ၊ ရွေးချယ်စိစစ်အပ်သော၊ သုတ္တဿ၊ သုတ်၏၊ ယာအနုဂီတိစ၊ အကြင်ပုစ္ဆာနှင့်လျော်စွာဆိုခြင်းသည်လည်းကောင်း။ သုတ္တဿ၊ သုတ်၏၊ အဿာဒီနံ၊ အဿာဒအစရှိသည်တို့ကို၊ ယောပဝိစယောစ၊ အကြင်ရွေးချယ်စိစစ်ခြင်းသည်းလည်းကောင်း၊ ပဒသာ စ၊ ပုဒ်ကိုထည်း၊ ယောပဝိစယောစ၊ အကြင်ရွေးချယ်စိစစ်ခြင်းသည်လည်းကောင်း၊ အတ္ထိ၊ ရှိ၏။ ဧတေသံပဒပုစ္ဆာဒီနံ၊ ထိုပဒပုစ္ဆာ အစရှိသည်တို့၏၊ ဝိသေသနိဒ္ဒါရဏာဝသေန၊ အထူးကိုထုတ်သည်၏အစွမ်းအားဖြင့်၊ ယောသံဝဏ္ဏနာဝိသေသော၊ အကြင်သံဝဏ္ဏနာအထူးသည်၊ ဝိစယလက္ခဏော၊ ရွေးချယ်စိစစ်ခြင်းလက္ခဏာရှိ၏။ သောသံဝဏ္ဏနာဝိသေသော၊ ထိုသံဝဏ္ဏနာအထူးကို၊ ဝိစယောဟာရောတိ၊ ဝိစယဟာရဟူ၍၊ နိဒ္ဒိဋ္ဌော၊ ပြအပ်၏၊ ၊ သဗ္ဗေသံ၊ ခပ်သိမ်းကုန်သော၊ ဟာရာနံ၊ တဆဲ့ခြောက်ပါးသောဟာရတို့၏။ ယာဘူမိစ၊ အကြင်ဖြစ်ရာဖြစ်သောသဒ္ဒါသည်သည်းကောင်း၊ ယောဂေါစရောစ၊ အကြင်သုတ္တန်၏အနက်ဟု ဆိုအပ်သောကျက်စားရာသည်သည်းကောင်း၊ အတ္ထိ၊ ရှိ၏၊ တေသံ၊ ထိုသဒ္ဒါအနက်တို့၏၊ ယုတ္တာယုတ္တိပရိက္ခာ၊ သင့်သည်မသင့်သည်တို့ကို ပုံစမ်းဆင်ခြင်ခြင်းကို၊ ယေန၊ အကြင်ဟာရဖြင့်၊ ကာတဗ္ဗာ၊ ပြုအပ်၏၊ သောဟာရော၊ ထိုဟာရကို၊ ယုတ္တိတိ၊ ယုတ္တိဟာရဟူ၍၊ နိဒ္ဒိဋ္ဌော၊ ပြအပ်၏၊ ၊ဇိနေန၊ မြတ်စွာဘုရားသည်၊ ဓမ္မံ၊ တရားကို၊ ဒေသေတိ၊ ဟောတော်မူ၏၊ တဿ ဓမ္မဿစ၊ ထိုဟောတော်မူအပ်သောတရား၏လည်း၊ ယံပဒဋ္ဌာနံ၊ အကြင်နည်းစွာသောအကြောင်းကို၊ ကထေတဗ္ဗံ၊ ဆိုအပ်၏။ ဣတိဧဝံ ဝုတ္တနယေန၊ ဤသို့ဆိုအပ်ခဲ့ပြီးသောနည်းဖြင့်၊ ယာဝယတ္တကာ၊ အကြင်မျှလောက်ကုန်သော၊ သဗ္ဗဓမ္မာ၊ အလုံးစုံသောတရားတို့သည်၊ တတ္ထ သုတ္တေ၊ ထိုသုတ်၌၊ အာဂတာ

http://www.dhammadownload.com



ထာကုန်၏၊ တေသံသဗ္ဗေသံ၊ ထိုအလုံးစုံသော တရားတို့၏၊ ယထာဘူတ ရူပ ပဒဋ္ဌာနံ၊ ဟုတ်တိုင်းမှန်စွာ ပဒဋ္ဌာန်ကိုလည်းကောင်း၊ ဆိုအပ်၏၊ ဧဝံ၊ ဤသို့၊ ပဒဋ္ဌာနဘူတာနံ၊ ပဒဋ္ဌာန်ဖြစ်၍ဖြစ်ကုန်သော၊ တေသံဓမ္မာနံ၊ ထိုတရားတို့ကို ယောသံဝဏ္ဏနာဝိသေသော၊ အကြင်သံဝဏ္ဏနာအထူးသည်၊ နိဒ္ဒါရဏာလက္ခ ဏော၊ ထုတ်ခြင်းလက္ခဏာရှိ၏၊ သောသံဝဏ္ဏနာဝိသေသော၊ ဤသံဝဏ္ဏ နာအထူးသည်၊ ပဒဋ္ဌာနှာရော၊ ပဒဋ္ဌာနဟာရမည်၏။ ၊ ဧကဓမ္မေ၊ တခုသောတရားကို၊ သုတ္တေ၊ ပါဠိတော်၌၊ သရူပတော ဝါ၊ သရုပ်အားဖြင့် လည်းကောင်း၊ နိဒ္ဒါရဏဝသေန ဝါ၊ ဟုတ်သည်၏ အစွမ်းအားဖြင့် လည်း ကောင်း၊ ဝုတ္တမှိ၊ ဟောအပ်ပြီးသည်ရှိသော်၊ ဧကစ္စံ၊ အချို့ကုန်သော၊ ယေဓမ္မာ အကြင်တရားတို့သည်၊ ဧကနိမ္မေန၊ ထိုသုတ်၌ဟောအပ်ပြီးသောတရား နှင့်၊ ဧကလက္ခဏာ၊ တူသောလက္ခဏာရှိကုန်၏၊ သဗ္ဗေ၊ ခပ်သိမ်းကုန်သော၊ တေဓမ္မာ၊ ထိုတရားတို့သည်၊ သုတ္တေ၊ ပါဠိတော်၌၊ အဝုတ္တာပိ၊ မဟောအပ် ကုန်ငြားသော်လည်း၊ တာယသမာနလက္ခဏတာယ၊ ထိုသို့တူသောလက္ခ ဏာရှိသည်၏ အဖြစ်ဖြင့်၊ ဝုတ္တာ၊ ဆိုအပ်ကုန်သည်၊ ဘဝန္တိ၊ ဖြစ်ကုန်၏၊ ဣတိဧဝံ၊ ဤသို့၊ သုတ္တေ၊ ပါဠိတော်၌၊ အဝုတ္တေ၊ မဟောအပ်ကုန်သော၊ ဓမ္မေ၊ တရားတို့ကို၊ သမာနလက္ခဏာ ဒိဝသေန၊ တူသောလက္ခဏာ ရှိခြင်းအစရှိ သည်တို့၏အစွမ်းဖြင့်၊ နိဒ္ဒါရေတွါ၊ ထုတ်၍၊ ယာသံဝဏ္ဏနာ၊ အကြင်သံဝဏ္ဏ နာသည်၊ ဘဝတိ၊ ဖြစ်၏၊ သောသံဝဏ္ဏနာဝိသေသော၊ ထိုသံဝဏ္ဏနာအထူး သည်၊ လက္ခဏောနာမဟာရော၊ လက္ခဏာဟာရမည်၏။ ၊ ဗျဉ္ဇနံ ဗျဉ္ဇနေန၊ သဒ္ဒါဖြင့်၊ သုတ္တဿ၊ ပါဠိတော်၏၊ နေရုတ္တိစ၊ ဝိဂြိုဟ်ကိုလည်းကောင်း၊ အဓိပ္ပါ ယော စ၊ ဟုရားစသောဒေသကပုဂ္ဂိုလ်၏အလိုကိုလည်းကောင်း၊ ဒေသနာ နိဒါနဉ္စ၊ ဒေသနာဖြစ်ခြင်း၏အကြောင်းကိုလည်းကောင်း၊ ပုဗ္ဗာပရာနုသန္ဓိ စ၊ ရှေ့ပုဒ်၏နောက်ပုဒ်နှင့်စပ်ခြင်းကိုလည်းကောင်း၊ ဣတိဧဝံ၊ ဤသို့၊ စတုဗ္ဗိ၊ လေးပါးအပြားရှိကုန်သော ပဒတ္ထတို့ကို၊ ယေနသံဝဏ္ဏနာဝိသေသေန၊ အ ကြင်သံဝဏ္ဏနာအထူးဖြင့်၊ ဂဝေသိကဗ္ဗာ၊ ရှာအပ်ကုန်၏၊ သောသံဝဏ္ဏ နာဝိသေသော၊ ဤသံဝဏ္ဏနာအထူးသည်၊ စတုဗျူဟောဟာရော၊ စတုဗျူ ဟဟာရမည်၏။ ၊ သုတ္တေ၊ ပါဠိတော်၌၊ ပဒဋ္ဌာနေ၊ နည်းစွာသောအ ကြောင်းဖြစ်၍ဖြစ်သော၊ ဧကမ္ဟိဓမ္မေ၊ တခုသောဓမ္မကို၊ ဒေသနာရုဠှေ၊ ဒေသ နာသို့တင်အပ်ပြီးသည်၊ သတိ၊ ရှိသော်၊ သေသကာံ၊ ကြွင်းသော၊ ပဒဋ္ဌာနံ၊ နည်းစွာသောအကြောင်းဖြစ်၍ ဖြစ်သော ကောသဇ္ဇစသော တရားအထူး ကို၊ ယေနသံဝဏ္ဏနာဝိသေသေန၊ အကြင်သံဝဏ္ဏနာအထူးဖြင့်၊ ပရိယေသ

http://www.dhammadownload.com



တိ၊ရှာအပ်၏။ပရိယေသိတ္ဗာစ၊ရှာပြီး၍လည်း၊ ပဋိပက္ခေ၊ ဆန့်ကျင်ဘက်
တရားတို့သို့။အာဝဋ္ဋတိ၊ လည်စေ၏၊ သောဟာရော၊ ထိုဟာရသည်။အာဝ
ဋ္ဋောနာမ၊အာဝဋ္ဋဟာရမည်၏။ ။ဓမ္မဥ္စ၊တရားကိုလည်းကောင်း၊ ပဒဋ္ဌာ
နဥ္စ၊နည်းစွာသော အကြောင်းကို လည်းကောင်း၊ ဘူမိံစ၊ ဘုံကိုလည်း
ကောင်း၊သာဓရဏေစ၊ ဆက်ဆံသည်တို့ကိုလည်းကောင်း၊ အသာဓာရ
ဏေစ၊မဆက်ဆံသည်တို့ကိုလည်းကောင်း၊ယောဟာရော၊အကြင်ဟာရ
သည်၊ဝိဘဇတေ၊ဝေဘန်၏၊အယံဟာရော၊ဤဟာရကို၊ဝိဘတ္တီတိ၊ဝိဘတ္တိ
ဟာရဟူ၍၊နေယျော၊သိအပ်၏။ ။ဘာဝိတော ဘာဝေတဗ္ဗစ၊ပွါးစေအပ်
သည်လည်းဖြစ်ကုန်သော၊ပဟိနေပဟာတဗ္ဗေစ၊ ပယ်အပ်သည်လည်းဖြစ်
ကုန်သော၊ ကုသလာကုသလေ၊ ကုသိုလ်အကုသိုလ်ဖြစ်ကုန်သော၊ ဓမ္မေ၊
တရားတို့ကို။သုတ္တေ၊ပါဠိတော်၌၊နိဒ္ဒိဋ္ဌေကထိတော၊ဟောအပ်သည်ရှိသော်၊
ယောနယဟာရေန၊အကြင်ဟာရဖြင့်၊ ပဋိပက္ခေ၊ ဆန့်ကျင်ဘက်တရားတို့သို့၊
ပရိဝတ္တတိ၊လည်၏၊သောဟာရော၊ ထိုဟာရသည်၊ ပရိဝတ္တနောနာမ၊ပရိ
ဝတ္တနဟာရမည်၏။ ။ဧကေ ဓမ္မသာ၊တရသော ဓမ္မ၏၊ဗဟူနိ၊ များသည်သာ
လျှင်ဖြစ်ကုန်သော၊သုတ္တေ၊ပါဠိတော်၌၊ဝုတ္တာနိ၊ ဟောအပ်ပြီးသည်သာ
လျှင်ဖြစ်ကုန်သော၊ဝေဝစနာနိ၊ ပရိယာယ်သဒ္ဒါတို့ကို၊ ယောသုတ္တဝိဒူ၊အ
ကြင်သုတ်၌ လိမ္မာသော ဓမ္မကထိကပုဂ္ဂိုလ်သည်၊ ဇာနာတိ၊ သိ၏၊သော
သုတ္တဝိဒူ၊ ထိုသုတ်၌လိမ္မာသောဓမ္မကထိကပုဂ္ဂိုလ်သည်၊ ယေနဟာရေန၊
အကြင်ဟာရဖြင့်၊တသ္မပဒတ္ထသာ၊ ထိုပဒတ္ထဟုဆိုအပ်သောဓမ္မ၏၊ဝုတ္တပ္ပ
ကာရပရိယာယသဒ္ဒေ၊ ဆိုအပ်ပြီးသော အပြားရှိသော ပရိယာယ်သဒ္ဒါတို့
ကို၊သုတ္တာနုရူပံ၊ပါဠိတော်အားလျော်စွာ၊ယောဇေတိ၊ယှဉ်စေ၏၊သောဟာ
ရော၊ထိုဟာရသည်၊ဝေဝစနောနာမ၊ဝေဝစနဟာရမည်၏။ ။ဧကဓမ္မံ၊
ဖြတ်စွာဘုရားသည်၊ဧကံ၊တပါးသော၊ဓမ္မံ၊ခန္ဓာစသောတရားကို၊ဝိဝိဓာဟိ
အထူးထူးအပြားပြားရှိကုန်သော၊ပညတ္တီဟိ၊ ပညတ်တို့ဖြင့်၊ ဒေသေတိ၊
ဟောတော်မူ၏၊ သောအာကာရော၊ ထိုအပြားအားဖြင့်သိစေသောအခြင်း
အရာကို၊ ပညတ္တိနာမဟာရောတိ၊ပညတ္တိဟာရမည်၏ဟူ၍၊ ဉေယျော၊သိ
အပ်၏။ ။ယောဝပဋိစ္စသမုပ္ပါဒေါစ၊ အကြင်ပဋိစ္စသမုပ္ပါဒ် လည်းကောင်း
ယေဣန္ဒြိယက္ခန္ဓာစ၊အကြင်ဣန္ဒြေခန္ဓာတို့လည်းကောင်း၊ ယာဓာတုအာယ
တနာယာနိ ဓာတုအာယတနာနိစ၊ အကြင်ဓာတ် အာယတနတို့လည်း
ကောင်း၊ဧတေဟိ၊ ဤပဋိစ္စသမုပ္ပါဒ်အစရှိသည်တို့ဖြင့်၊ ယောသံဝဏ္ဏနာ
ဝိသေသော၊ အကြင် သံဝဏ္ဏနာ အထူးသည်၊ ဩတရဏောဩတာရောတိ၊

http://www.dhammadownload.com



သွင်းအပ်ကုန်ပြီ၊ (ဘဂဝတော၊ မြတ်စွာဘုရား၏၊ ဝစနသာ၊ ပါဠိတော်၏။
အဋ္ဌော၊ အနက်သည်၊ နဝဟိ၊ ကိုးပါးကုန်သော၊ ဆုမေဟိပဒေဟိ၊ ဤအနက်
အရကိုနှင့်၊ သမ္ဗါယုတ္တော၊ အမြဲယှဉ်၏။ အဋ္ဌသော၊ အနက်၏၊ နဝပဒါနိစ၊ ကိုး
ပါးသောပဒတို့လည်းကောင်း။ ဗျဉ္ဇနပရိယေဋ္ဌိယာ၊ သဒ္ဒါကို စိစစ်ရှာမှီးခြင်း
ငှါ၊ ပဝတ္တာ၊ ဖြစ်ကုန်သော၊ စတုဂ္ဂိသ၊ နှစ်ဆဲ့လေးပါးတို့ လည်းကောင်း၊
ဣတိ၊ ဤသို့၊ တော်ဥဘယံ၊ ဤနှစ်ပါးရုံကို၊ သင်္ခေပယတော၊ တပေါင်းတည်း
ပြု၍ (ယာသုဒ္ဓါသုဒ္ဓပရိက္ခာ၊ အကြင်သုတ်သင်၍စင်သည်မစင်သေးသည်ကို
စိစစ်ခြင်းသည်၊ ဟောတိ၊ ဖြစ်၏၊ သာပရိက္ခာ၊ ထိုစိစစ်ခြင်းသည်၊ သောဠ
နောနာဓဟာရော၊ သောဠနဟာရမည်၏၊ ) ၊ယေဓမ္မာ၊ အကြင်တရားတို့
ကို၊ ကေတ္တတာယ၊ တူသောသာမညာ၏အဖြစ်ဖြင့်လည်းကောင်း၊ ဝေမတ္တ
တာယဝိစ၊ ထူးသော ဝိသေသ၏အဖြစ်ဖြင့် လည်းကောင်း၊ သုတ္တေ၊ ပါဠိ
တော်၌၊ နိဒ္ဒိဋ္ဌာ၊ ပြအပ်ကုန်၏၊ တေဓမ္မာ၊ ထိုတရားတို့ကို၊ သာမညာ၊ သာမညာ
ကား၊ ကိ၊ အဘာယ်နည်း။ ဝိသေသော၊ ဝိသေသကား၊ ကော၊ အဘာယ်နည်း။
ဣတိ၊ ဤသို့၊ ယေနသံဝဏ္ဏနာနယေန၊ အကြင်သံဝဏ္ဏနာနည်းဖြင့်၊ နဝိက
ပ္ပယိဘဗ္ဗာ၊ အထူးအပြားမကြံအပ်ကုန်၊ သောသံဝဏ္ဏနာနယော၊ ဤသံဝ
ဏ္ဏနာ နည်းသည်၊ အဓိဋ္ဌာနောဟာရော၊ အဓိဋ္ဌာန ဟာရမည်၏။ ၊ယေ
ဓမ္မာ၊ အကြင်အဝိဇ္ဇာအစရှိသော ပစ္စည်းတရားတို့သည်၊ ယံဓမ္မံ၊ အကြင်သ
ခ်ါရအစရှိသော ပစ္စယုပ္ပန်တရားကို၊ ပစ္စယာ၊ သဟဇာတပစ္စယသတ္တိဖြင့်
လည်း ကောင်း၊ ပရိပခတော၊ အဆင့် ဆင့်သောပစ္စယ သတ္တိဖြင့်လည်း
ကောင်း။ ဇနယန္တိ နိဗ္ဗတ္တေန္တိ၊ ဖြစ်စေတတ်ကုန်၏၊ တေသံသခ်ါရာဒီနံ၊ ထို
သခ်ါရ အစရှိသော ပစ္စယုပ္ပန်တရားတို့အား၊ ပစ္စယသခ်ါတံ၊ ကျေးဇူးပြု
တတ်သည်ဟု ဆိုအပ်သော၊ တံဟေတုံ၊ ထိုဇနကစသော အားဖြင့်ပြား
သောအဝိဇ္ဇာစသောအကြောင်းကို၊ အဝကဍ္ဎယိတွာ၊ သံဝဏ္ဏေတဗ္ဗသုတ်
မှထုတ်၍၊ သံဝဏ္ဏနာသခ်ါတော၊ ဖွင့်သည်ဟုဆိုအပ်သော၊ ယောဟာရော၊
အကြင်ဟာရသည်၊ ဘဝတိ၊ ဖြစ်၏၊ သောဟာရော၊ ဤဟာရသည်၊ ပရိက္ခာ
ရော၊ ပရိက္ခာရဟာရမည်၏၊ ။ယေဓမ္မာ၊ အကြင်သိလအစရှိကုန်သော
တရားတို့သည်၊ ယံမူလာ၊ အကြင်မူလသမာဓိ အစရှိကုန်သော တရားတို့
၏အကြောင်းရင်းဖြစ်ကုန်၏၊ တေဓမ္မာ၊ ထိုသိလအစရှိကုန်သော တရားတို့
ကို၊ တေသံ၊ ထိုသမာဓိ အစရှိသည်တို့၏၊ ပဒဋ္ဌာနဝသေန၊ နည်းစွာသောအ
ကြောင်း၏ အစွမ်းဖြင့်၊ သမာရောပယိတဗ္ဗာ၊ ကောင်းစွာတင်အပ်ကုန်၏၊
ကေတ္တာ၊ အနာဂါမိဗိုလ်စသော အနက်၏အဖြစ်ဖြင့်တူသော အနက်ရှိကုန်

သော၊ယောစ၊ အကြြင်ရာဂဝိရာဂအစရှိသော သဒ္ဒါတို့ကိုလည်း၊ ရနိနာ၊မြတ်စွာဘုရားသည်၊ ပကာသိတာ၊ပြအပ်ကုန်ပြီ၊ တေ၊ထိုသဒ္ဒါတို့ကို၊သမာရောပယိတဗ္ဗာ၊ ကောင်းစွာ တင်အပ်ကုန်၏၊ ယောသံဝဏ္ဏနာဝိသေသော၊အကြြင်သံဝဏ္ဏနာအထူးသည်၊ ဧတေသံဓမ္မာနံ၊ ထိုသီလအစရှိကုန်သောတရားတို့ကို၊ပဒဋ္ဌာနဝေဝစနာဒိသမာရောပနဝိစာရဏာ လက္ခဏော၊ပဒဋ္ဌာန်ဝေဝုစ်အစရှိသည်၏အဖြစ်ဖြင့်ကောင်းစွာတင်သည်ဖြစ်၍စိရင်ခြင်းလက္ခဏာရှိ၏၊ဧသော၊ဤသံဝဏ္ဏနာအထူးသည်၊သမာရောပနော ဟာရော၊သမာရောပနဟာရမည်၏၊ ၊

ယောသံဝဏ္ဏနာဝိသေသော၊အကြြင်သံဝဏ္ဏနာ အထူးသည်၊ တဏှဉ္စ၊တဏှာကိုလည်းကောင်း၊အဝိဇ္ဇဉ္စ၊အဝိဇ္ဇာကိုလည်းကောင်း၊သံကိလေသပက္ခေ၊ညစ်ညူးသော အကုသိုလ်အဘို့၌၊ သမထေန စ၊ သမာဓိကိုလည်းကောင်း၊ ဝိပဿနာ စ၊ ပညာကို လည်းကောင်း၊ ဝေါဒါနပက္ခေ၊ ဝေါဒါနပက္ခ၌၊သစ္စေဟိ၊လေးပါးကုန်သောသစ္စာတို့နှင့်၊ ယောဇယိတွာ၊ယှဉ်စေ၍၊နေတိ၊ဆောင်တတ်၏၊စတုသစ္စယောဇနမုခေန၊ သစ္စာလေးပါးတို့နှင့်ယှဉ်ခြင်းကို အဦးပြုသဖြင့်၊ ယောနနယနလက္ခဏော၊ အကြြင်ဆောင်ခြင်းလက္ခဏာရှိသော၊အယံသံဝဏ္ဏနာဝိသေသော၊ဤသံဝဏ္ဏနာအထူးသည်၊နန္ဒိယာဝဋ္ဋော၊နန္ဒိယာဝဋ္ဋဟုဆိုအပ်သော၊နယော၊နည်းမည်၏၊ ၊ယောသံဝဏ္ဏနာဝိသေသော၊ အကြြင်သံဝဏ္ဏနာအထူးသည်၊ အကုသလေ၊အလုံးစုံသောအကုသိုလ်တရားတို့ကို၊ သမူလေဟိ၊မိမိ၏မူလဖြစ်ကုန်သောလောဘာဒေါသမောဟတို့ဖြင့်၊ သံကိလေသပက္ခံ၊သံကိလေသပက္ခသို့၊ သစ္စေဟိ၊သစ္စာလေးပါးတို့ဖြင့်၊ယောဇေတွာ၊ယှဉ်၍၊ ကုသလေစ၊အလုံးစုံသောကုသိုလ်တရားတို့ကိုလည်း၊ ကုသလမူလေဟိ၊ ကုသလမူလဖြစ်ကုန်သောအလောဘအဒေါသအမောဟတို့ဖြင့်၊ ဝေါဒါနပက္ခံ၊ ဝေါဒါနပက္ခသို့၊ သစ္စေဟိ၊သစ္စာလေးပါးတို့နှင့်၊ယောဇေတွာ၊ယှဉ်၍၊ ဘူတံ၊ဟုတ်သည်ကို၊ တထံ၊မှန်သည်ကို၊ အဝိတထံ၊ မချွတ်ယွင်းသည်ကို၊ကတွာ၊ပြု၍၊ နေတိ၊ဆောင်တတ်၏၊တံသံဝဏ္ဏနာဝိသေသံ၊ထိုသံဝဏ္ဏနာအထူးကို၊တိပုက္ခလံ၊တိပုက္ခလဟုဆိုအပ်သော၊နယံ၊နည်းဟူ၍၊ အာဟု၊ ဆိုကုန်ပြီ၊ ၊ယောသံဝဏ္ဏနာဝိသေသော၊အကြြင်သံဝဏ္ဏနာအထူးသည်၊ဝိပလ္လာသေဟိ၊ဝိပလ္လာသလေးပါးတို့ဖြင့်၊ ကိလေသေ၊ကိလေသာ တရားတို့ကို၊ ဣန္ဒြိယေဟိ၊သဒ္ဓါအစရှိသော ဣန္ဒြေတို့ဖြင့်၊သဒ္ဓမ္မေ၊ ပဋိပတ္တိပဋိဝေဓသဒ္ဓမ္မတို့ကို၊ သစ္စေဟိ၊သစ္စာလေးပါးတို့နှင့်၊ယောဇေတွာ၊ယှဉ်၍၊ နေတိ၊ဆောင်တတ်၏၊ တံသံဝဏ္ဏ

http://www.dhammadownload.com



နာဝိသေသံ၊ ဤသံဝဏ္ဏနာအထူးကို၊ သီဟဠဋ္ဌကထာ၊ သီဟဠဋ္ဌကထာဟုဆို
အပ်သော၊နယံ၊နည်းဟူ၍၊ နယပဋိပတိ၊နည်း၌ လိမ္မာကုန်သော ပညာရှိတို့
သည်၊ အာဟု၊ ဆိုကုန်ပြီ၊ ၊တတ်ိတတ်ိ၊ ထိုထိုသို့သော ပါဠိတော်၌၊
ဝေယျာကရဏေသု၊ဝေယျာကရဏတို့၌၊ယေကုသလာကုသလာ၊အကြင်
ကုသိုလ်အကုသိုလ်တို့ကို၊ ဝုတ္တာ၊ဟောတော်မူအပ်ကုန်ပြီ၊ တေဓမ္မေ၊ထို
ကုသိုလ် အကုသိုလ်တရားတို့ကို၊ မနသာစက္ခုနေဝ၊ စိတ်ဖြင့်သာလျှင်၊
ဩလောကယတော၊ ကြည့်ဆင်ခြင်၏၊တံရတံဝေ၊ ထိုစိတ်ဖြင့်ကြည့်ဆင်
ခြင်ခြင်းကိုသာလျှင်၊ဒွိသာလောစနံ၊ဒွိသာလောစနနည်းမည်၏ဟူ၍၊အာဟု
ဆိုကုန်ပြီ၊ ။ဒွိသာလောစနေန၊ ဒွိသာလောစနနည်းဖြင့်၊ တေဒွိသာဘူတ
ဓမ္မေ၊ထိုဒွိသာဘူတဓမ္မတို့ကို၊ဩလောကေတွာ၊ ပဋ္ဌမဒွိသာစသောအဖြစ်
ဖြင့်ရှုစမ်း ဆင်ခြင်ဦး၍၊ ဥက္ကဋ္ဌပိယ၊သုတ်မှထုတ်၍၊ သမ္ဗေ၊ အလုံးစုံကုန်
သော၊ကုသလာကုသလေ၊ဝေါဒါနပက္ခကိလေသာပက္ခတရားတို့ကို၊ယော
နယော၊ အကြင်နည်းသည်၊ သမာနေတိ၊ ချိပ်ငင်ပေါင်းရုံး၍ ကောင်းစွာ
ဆောင်တတ်၏၊အယံနယော၊ဤနည်းသည်၊အင်္ကုသောနာမ၊ အင်္ကုသနည်း
မည်၏၊ ။

ပဋ္ဌမံ၊ပဋ္ဌနယ၏ရှေးဦးစွာ၊ သောဠသဟာရာ၊ တဆဲ့ခြောက်ပါးသော
ဟာရတို့ကို၊ သုတ္တေ၊သံဝဏ္ဏေတဗ္ဗသုတ်၌၊ယောဇေတဗ္ဗာ၊ ယှဉ်အပ်ကုန်
၏၊ဒွိသာလောစနေန၊ ဒွိသာလောစနနည်းဖြင့်၊ဒွိသာ၊ အဋ္ဌနယ၏ဒွိသာဖြစ်
ကုန်သောဓမ္မတို့ကို၊ ဝိလောကေတွာ၊ကြည့်ဆင်ခြင်ပြီး၍၊ အင်္ကုသေနတိ၊
အင်္ကုသနည်းဖြင့်၊ သံခိပိယ၊ပေါင်းရုံး၍၊ တီဟိ၊သုံးပါးကုန်သော၊ နယေဟိ၊
အဋ္ဌနယတို့ဖြင့်၊ သုတ္တံ၊ပါဠိကို၊နိဒ္ဒိသေ၊ပြရာ၏၊ ၊အင်္ကုရံ၊ပုဒ်မပြီးမှဝဏ္ဏ
လည်းကောင်း၊ပဒံ၊ငယ်းပါးသော ပုဒ်လည်းကောင်း၊ဗျဉ္ဇနံ၊ ပုဒ်သည်ဟော
အပ်သော အနက်ကို ပြတတ်သော ဝါကျလည်းကောင်း၊ နိရုတ္တိ၊ဝိဂ္ဂဟ်
လည်းကောင်း၊တထေဝ၊ထိုမှတပါး၊နိဒ္ဒေသော၊ဝိဂ္ဂဟ်၏ အကျယ်လည်း
ကောင်း၊အာကာရော၊ဝါကျ၏အစိပ်လည်းကောင်း၊ ဆုတိ၊ဤသို့၊ အာကာ
ရဆဋ္ဌဝစနံ၊အာကာရလျှင်ခြောက်ခု မြောက်သောသဒ္ဒါရှိသော၊ သဗ္ဗံ၊အ
လုံးစုံသော၊ဗျဉ္ဇနံ၊ဗျဉ္ဇနပဒသည်၊ ဣတ္တာဝတာဣတ္တကမေဝ၊ဤအကျွရာအစ
ရှိသည်မှသာလျှာဖြစ်သော၊သဗ္ဗံ၊အလုံးစုံသော၊ဗျဉ္ဇနံ၊ဗျဉ္ဇနပဒသည်၊ ဘဝ
တိ၊ဖြစ်၏၊ ၊သင်္ကာသနာစ၊ အကျဉ်း ပြအပ်သော အနက်ဟူသောအ
ခြင်းအရာလည်းကောင်း၊ ပကာသနာစ၊ ရှေးဦးစွာပြအပ်သော အနက်ဟူ
သော အခြင်းအရာလည်းကောင်း၊ ဝိဝရဏာစ၊ အကျယ်ချဲ့အပ်သောအ

http://www.dhammadownload.com



နာက်ဟူသော အခြင်းအရာလည်းကောင်း၊ ဝိဘတ္တနုတ္တာနုကာမ ပညတ္တိစ၊
ဝေဘန်အပ်သောအနက်ဟူသော အခြင်းအရာထင်ရှားစွာ ပြုအပ်သောအ
နက်ဟူသောအခြင်းအရာအပြားတို့ဖြင့်သိစေအပ်သော အနက်ဟူသောအ
ခြင်းအရာသည်းကောင်း။ ဣတိ၊ ဤသို့။ ဧတေဟိ ဆဟိပဒေဟိ၊ ဤခြောက်
ပါးသောအတ္ထပဒတို့ဖြင့်သာလျှင်၊ အတ္ထော စ၊ သုတ်၏အနက်ကိုလည်း၊ နိဒ္ဒိ
ဋ္ဌော၊ ပြအပ်၏၊ ကမ္မဋ္ဌ၊ ဥဿုက္ကနစသောကိရိယာကိုလည်း၊ နိဒ္ဒိဋ္ဌံ၊ ပြအပ်၏၊ ၊
အတ္ထဿ၊ အနက်၏၊ အနုနာ၊ မယုတ်ကုန်သော။ တိဏိစတယော နယာ
စ၊ သုံးပါးကုန်သောနည်းတို့ကိုလည်း၊ ဂဏိတာ၊ ရေတွက်အပ်ကုန်ပြီ။ အနူ
နာနိ၊ မယုတ်ကုန်သော၊ အတ္ထဿ၊ အနက်၏၊ ဆပ္ပဒါနိစ၊ ခြောက်ပဒတို့ကို
လည်း၊ ဂဏိတာနိ၊ ရေတွက်တတ်၏၊ သောသံဝဏ္ဏနာဝိသေသော၊ ထိုသံ
ဝဏ္ဏနာအထူးသည်၊ သြတရဏောနာမဟာရော၊ သြတရဏဟာရမည်၏။
ဝိဿဇ္ဇိတမှိ၊ ဝိဿဇ္ဇနာဂါထာ၌ ဖြေအပ်သည်ရှိသော်၊ ပဉ္စေ၊ သိလို၍မေး
အပ်သော အနက်ကို၊ ဂါထာယံဂါထာရုဋ္ဌော၊ ဂါထာသို့ တင်အပ်သည်
ရှိသော်၊ ဂါထာယံ၊ ဂါထာ၌။ ယံအတ္ထံ၊ အကြင်အနက်ကို။ အာရဗ္ဘအဓိကိစ္စ၊
စွဲ၍၊ ပုစ္ဆိ၊ မေးအပ်၏၊ တဿအတ္ထဿ၊ ထိုအားထုတ်အပ်သော အနက်၏၊
တေတ္တိံသာ၊ သုံးဆဲ့သုံးပါးတို့သည်၊ ဟောန္တိ၊ ဖြစ်ကုန်၏။ နေတ္တိ၊ နေတ္တိ
သည်၊ ဣတ္ထကာ၊ ဤသုံးဆဲ့သုံးပါးသော ပဒတ္ထမျှအတိုင်း အရှည်ရှိ၏၊
ဣတိ၊ ဤသို့၊ ဝေဒိတဗ္ဗာ၊ သိအပ်၏၊ ။နိဒ္ဒေသဝါရော၊ နိဒ္ဒေသဝါရတည်း။ ၊

---

## ၄-ပဋိနိဒ္ဒေသဝါရဒေသနာဟာရဝိဘင်္ဂ၊

တတ္ထ၊ ထိုဟာရအစရှိသည်တို့၌၊ သမုဋ္ဌိနိဝိဋ္ဌော၊ ကောင်းစွာအကျုံး
ဝင်သော၊ ဒေသနာဟာရော၊ ဒေသနာဟာရသည်၊ ကတမော၊ အဘယ်နည်း။
အဿာဒါဒီနဝတာတိဂါထာ၊ အဿာဒါဒီနဝတာဟူသောဂါထာကို၊ မယာ၊
ငါသည်၊ ဝုတ္တာ၊ ဆိုအပ်ပြီ၊ အယံဂါထာ၊ ဤဂါထာသည်၊ ဒေသနာဟာရော၊
ဒေသနာဟာရမည်၏၊ သော၊ ထိုဒေသနာဟာရသည်၊ ကိံ၊ အဘယ်ဓမ္မကို၊
ဒေသယတိ၊ ဟောသနည်း၊ အဿာဒံ၊ သုခသောမနဿစသောတဏှာစ
သောအဿာဒကိုလည်းကောင်း၊ အာဒီနဝံ၊ ဒုက္ခဒေါမနဿဝေဒနာစသော
အာဒီနဝကိုလည်းကောင်း၊ နိဿရဏံ၊ အရိယမဂ်နိဗ္ဗာန်ဟုဆိုအပ်သော
နိဿရဏကိုလည်းကောင်း၊ ဖလံ၊ ဒေသနာဖလကိုလည်းကောင်း၊ ဥပါယံ၊
အရိယမဂ်၏အာသန္နကာရဏဖြစ်သောပုဗ္ဗဘာဂပဋိပဒါကိုလည်းကောင်း
အာဏတ္တိံ၊ ဝေနေယျတို့အားတိုက်တွန်းခြင်း အာဏာ အမိန့်ကို

http://www.dhammadownload.com



လည်းကောင်း၊ဒေသယတိ၊ဟောအံ့၊ ကထံ၊အဘယ်သို့၊ ဒေသယတိ၊ဟော သနည်း၊ဘိက္ခဝေ၊ ရဟန်းတို့၊ ဝေါ၊သင်တို့အား၊ အာဒိကလျာဏံ၊အစ၌ ကောင်းခြင်းရှိထသော၊မဇ္ဈေကလျာဏံ၊ အလယ်၌ကောင်းခြင်းရှိထသော ပရိယောသာနကလျာဏံ၊ အဆုံး၌ကောင်းခြင်းရှိထသော၊ဓမ္မံ၊ တရားကို၊ ဒေသိဿာမိ၊ဟောတော်မူအံ့၊သာတ္ထံ၊အနက်နှင့်ပြည့်စုံထသော၊သဗျဉ္ဇနံ၊ သဒ္ဒါနှင့်ပြည့်စုံထသော၊ ကေဝလပရိပုဏ္ဏံ၊ အလုံးစုံပြည့်စုံထသော၊ပရိ သုဒ္ဓံ၊ စင်ကြယ်စွာထသော၊ ဗြဟ္မစရိယံ၊ မြတ်သော အကျင့်ကို၊ ပကာ သိဿာမိ၊ ထင်ရှားပြတော်မူအံ့၊ ဣတိဧဝံ၊ ဤဒေသနာ၌၊ ဒေသယတိ၊ ဟောအံ့၊ ။

တတ္ထ၊ထိုအဿာဒါဒီနဝတာဟူသော ဂါထာ၌၊ ဝုတ္တော၊ဆိုအပ်သော၊ အဿာဒေါ၊ အဿာဒသည်၊ ကတမော၊ အဘယ်နည်း၊ ။ကာမံ၊ ဝတ္ထုကာမကို၊ကာမယမာနဿ၊ အလိုရှိသော၊ တဿ၊ ထိုသတ္တဝါအား၊ တံ၊ ထိုဝတ္ထုကာမသည်၊ စေသမိဇ္ဈတိ၊ အကယ်၍ ပြည့်စုံသည် ဖြစ်အံ့၊ သောမစ္စော၊ထိုသတ္တဝါသည်၊ယံ၊အကြင်ဝတ္ထုကာမကို၊ဣစ္ဆတိ၊အလိုရှိ၏၊ တံ၊ထိုဝတ္ထုကာမကို၊လဒ္ဓါ၊ရသောကြောင့်၊ အဒ္ဓါ၊စင်စစ်၊ ပီတိမနော၊နှစ် သက်သောစိတ်ရှိသည်၊ဟောတိ၊ဖြစ်၏၊ဣတိဧဝံ၊ ဤဒေသနာ၌၊အယံ၊ဤ အလို၏ ပြည့်စုံခြင်းဝမ်း မြောက်ခြင်းသောမနဿသည်၊ အဿာဒေါ၊ အဿာဒမည်၏၊ ။

တတ္ထ၊ထိုအဿာဒါဒီနဝတာ ဟူသောဂါထာ၌၊ ဝုတ္တော၊ဆိုအပ်သော၊ အာဒီနဝေါ၊ အာဒီနဝသည်၊ ကတမော၊ အဘယ်နည်း၊ ။ကာမယမာ နဿ၊ ဝတ္ထုကာမကို အလိုရှိထသော၊ ဆန္ဒဇာတဿ၊ ဖြစ်ပြီးသောတ ဏှာရှိထသော၊တဿဇန္တုနော၊ထိုသတ္တဝါအား၊တေကာမာ၊ထိုကာမတို့ သည်၊စေပရိဟာယန္တိ၊အကယ်၍ဆုတ်ယုတ်ပျက်စီးကုန်အံ့၊သောပုဂ္ဂလော ထိုပုဂ္ဂိုလ်သည်၊ သလ္လဝိဒ္ဓေါဝ၊ မြားဖြင့်ပစ်ခတ်မိသကဲ့သို့၊ ရုပ္ပတိ၊ဖေါက် ပြန်တတ်၏၊ဣတိဧဝံ၊ဤဒေသနာ၌၊အယံ၊ ဤဒေါမနဿ၏ဖြစ်ခြင်းသည်၊ အာဒီနဝေါ၊အာဒီနဝမည်၏၊ ။

တတ္ထ၊ထိုအဿာဒါဒီနဝတာဟူသောဂါထာ၌၊ဝုတ္တံ၊ဆိုအပ်သော၊နိဿ ရဏံ၊နိဿရဏသည်၊ ကတမံ၊ အဘယ်နည်း၊ ။ယောဘိက္ခု၊ အကြင် ရဟန်းသည်၊သပ္ပဿ၊မြွေ၏၊သိရောသိရံ၊ဦးခေါင်းကို၊ ပဒါပဒေန၊မိမိ၏ ခြေဖြင့်၊ပရိဝဇ္ဇေတိဣဝ၊ကြဉ်သကဲ့သို့၊ ကာမေ၊ကာမတို့ကို၊ ပရိဝဇ္ဇေတိ၊ ကြဉ်၏၊သောဘိက္ခု၊ထိုရဟန်းသည်၊လောကေ၊လောက၌၊ဧတံဝိသတ္တိကံ၊

ဤတဏှာကို၊ သတော၊ သတိရှိသည်ဖြစ်၍၊ သမတိဝတ္တတိ၊ ကောင်းစွာလွန်၏၊ ဣတိဝုတ္တေ၊ ဤဒေသနာ၌။ ဣဒံ၊ ဤတဏှာကို လွန်ခြင်းသည်၊ နိဿရဏံ၊ နိဿရဏမည်၏၊ ။

တတ္ထ၊ ထိုအဿာဒါဒီနဝတာဟူသောဂါထာ၌။ ဝုတ္တော၊ ဆိုအပ်သော၊ အဿာဒေါ၊ အဿာဒသည်၊ ကတမော၊ အဘယ်နည်း၊ ။ ခေတ္တံဝါ၊ လယ်ကိုလည်းကောင်း၊ ဝတ္ထုံဝါ၊ ယာကိုလည်းကောင်း၊ ဟိရညံဝါ၊ ရွှေငွေကိုလည်းကောင်း၊ ဂဝဿံဝါ၊ နွားမြင်းကိုလည်းကောင်း။ ဒါသပေါရိသံဝါ၊ ကျွန်အမှုလုပ်အချင်းကိုလည်းကောင်း။ ထိယောဝါ၊ မိန်းမကို လည်းကောင်း၊ ဗန္ဓူဝါ၊ အဆွေအမျိုးတို့ကိုလည်းကောင်း၊ ပုထူ၊ ဆိုအပ်ခဲ့ပြီးသည်မှတပါးကုန်သော၊ ကာမေဝါ၊ ဝတ္ထုကာမတို့ကိုလည်းကောင်း။ ယောနရော၊ အကြင်သူသည်။ အနုဂိဇ္ဈတိ၊ အထန်တလဲလဲတောင့်တမက်မော၏။ ဣတိဝုတ္တေ၊ ဤဒေသနာ၌၊ အယံ၊ ဤတပ်မက်မောသောလောဘသည်။ အဿာဒေါ၊ အဿာဒမည်၏၊ ။

တတ္ထ၊ ထိုအဿာဒါဒီနဝတာဟူသောဂါထာ၌။ ဝုတ္တော၊ ဆိုအပ်သော၊ အာဒီနဝေါ၊ အာဒီနဝသည်၊ ကတမော၊ အဘယ်နည်း၊ ။ ကာမေ၊ ကာမတို့ကို၊ အနုဂိဇ္ဈန္တံ၊ အလွန်တပ်မက်မောသည်ဖြစ်၍၊ အပ္ပဗလံ၊ သဒ္ဓါဗလစသည်မှကင်းသဖြင့်အားနည်းသောသော၊ နံပုဂ္ဂလံ၊ ထိုပုဂ္ဂိုလ်ကို၊ အဗလာ၊ အားနည်းကုန်သောကိလေသာတို့သည်၊ ဗလီယန္တိ၊ နှိပ်စက်ကုန်၏၊ ကာမဂိဒ္ဓံ၊ ဝတ္ထုကာမတို့ကိုအလွန်တောင့်တမက်မောသည်ဖြစ်၍၊ ကာမေ၊ ဝတ္ထုကာမတို့ကို၊ ပရိယေသန္တံစ၊ ရှာမှီးသည်လည်းဖြစ်ထသော။ ရက္ခန္တံစ၊ စောင့်ရှောက်သည်လည်းဖြစ်ထသော။ နံကာမဂိဒ္ဓံ၊ ထိုဝတ္ထုကာမတို့၌အလွန်တောင့်တမက်မောသောသူကို၊ ပရိဿယာ၊ ဘေးရန်တို့သည်၊ မဒ္ဒန္တိ၊ နှိပ်စက်ကုန်၏၊ တတောတေဟိပရိဿယေဟိ၊ ထိုဘေးရန်တို့သည်၊ အဘိဘူတံ၊ နှိပ်စက်အပ်သော။ နံပုဂ္ဂလံ၊ ထိုပုဂ္ဂိုလ်ကို၊ ဒုက္ခံ၊ ဇာတိဒုက္ခစသောဒုက္ခအပေါင်းသည်၊ အန္ဝေတိ၊ အစဉ်တပိုက်လိုက်၏၊ ကိမိဝ၊ ဥပမာအဘယ်ကဲ့သို့နည်း၊ ဘိန္နံ၊ ကွဲသော၊ နာဝံ၊ လှေသို့၊ ဥဒကံ၊ ရေသည်၊ အန္ဝေတိဣဝ၊ အစဉ်တပိုက်လိုက်သကဲ့သို့တည်း။ ဣတိဝုတ္တေ၊ ဤဒေသနာ၌၊ အယံ၊ ဤဇာတိအစရှိသောဒုက္ခ၏အစဉ်လိုက်ခြင်းသည်၊ အာဒီနဝေါ၊ အာဒီနဝမည်၏၊ ။

တတ္ထ၊ ထိုအဿာဒါဒီနဝတာဟူသော ဂါထာ၌၊ ဝုတ္တံ၊ ဆိုအပ်သော၊ နိဿရဏံ၊ နိဿရဏသည်၊ ကတမံ၊ အဘယ်နည်း၊ ။ ယသ္မာ၊ အကြင်ကြောင့်၊ ကာမဂိဒ္ဓဿ၊ ဝတ္ထုကာမတို့၌ တောင့်တမက်မောသောသူအား၊

http://www.dhammadownload.com



ဒုက္ခာနုပဗန္ဓော၊ဇာတိအစရှိသောဒုက္ခတို့၏ အစဉ်လိုက်ခြင်းသည်။ ဝိဇ္ဇတိ၊ ရှိ၏၊ဘသ္မာ၊ ထိုကြောင့်၊ဇန္တု၊သတ္တဝါသည်။သဒါ၊ အခါခပ်သိမ်း။ဇာဂရိယာနုယောဂေန၊နိုးကြားခြင်းဝီရိယဖြင့်၊သတော၊ကမ္မဋ္ဌာန်း၌မမေ့မလျော့သောသတိရှိသည်ဖြစ်၍၊ကာမာနံ၊ဝတ္ထုကာမတို့ကို၊ ပရိဝဇ္ဇယေ၊ကြဉ်ရာ၏၊တော၊ထိုဝတ္ထုကာမတို့ကို၊ပဟာယ၊ ပယ်၍၊ဩဃံ၊ လေးပါးသောဩဃကို၊တရေ၊အရိယမဂ်တည်းဟူသော လှေဖြင့်ကူးရာ၏၊ နာဝံ၊လှေ၌၊ဥဒကံ၊ရေကို၊သိတွာ၊သွန်၍၊ပါရဂူ၊ကမ်းတဘက်သို့ရောက်သည်၊ ဘဝေယျ၊ ဖြစ်ရာသကဲ့သို့၊ပါရဂူ၊နိဗ္ဗာန်တည်းဟူသော ကမ်းတဘက်သို့ရောက်သည်၊ဘဝေယျ၊ ဖြစ်ရာ၏။ ဣတိဧတ္တ၊ ဤဒေသနာ၌၊ ဣဒံ၊ဤအနုပါဒိသေသနိဗ္ဗာန်သည်၊နိဿရဏံ၊နိဿရဏမည်၏။ ၊

တတ္ထ၊ ထိုအသာဒါဒိနဝတ္တာစသောဂါထာ၌၊ဝုတ္တံ၊ဆိုအပ်သော၊ဖလံ၊ ဖလသည်၊ ကတမံ၊ အဘယ်နည်း။ ၊ဓမ္မော၊ ကုသိုလ်ဓမ္မသည်၊ဟဝေ၊ စင်စစ်၊ ဓမ္မစာရိံ၊ တရားကို ကျင့်သောသူကို၊ ရက္ခတိ၊ စောင့်တတ်၏၊ ဝဿကာလေ၊ မိုးယွန်းရွာသော ကာလ၌၊ မဟန္တံ၊ကြီးသော၊ ဆတ္တံ၊ထီးသည်၊ ဓာရေန္တံ၊ထီးဆောင်းသောသူကို၊ ရက္ခတိယထာ၊စောင့်သကဲ့သို့၊ ဧဝံ၊ ဤအတူ။ရက္ခတိ၊စောင့်တတ်၏၊ဓမ္မစာရိ၊တရားကိုကျင့်သောသူသည် ဒုဂ္ဂတိံ၊ဒုဂ္ဂတိဘဝသို့၊ နဂစ္ဆတိ၊မသွား။ ဧသော၊ ဤတရားကို ကျင့်သောသူ၏ဒုဂ္ဂတိဘဝသို့ မသွားခြင်းသည်။ သုစိဏ္ဏဿ၊သုစိဏ္ဏဿ၊ကောင်းစွာကျင့်အပ်သော၊ ဓမ္မဓမ္မဿ၊တရားတော်၏၊ အာနိသံသော၊ အကျိုးစက်တည်း။ ဣတိဧတ္တ၊ ဤဒေသနာ၌၊ ဣဒံ၊ ဤတရား၏ စောင့်ရှောက်ခြင်းသည်။ဖလံ၊ဖလမည်၏။ ၊

တတ္ထ၊ထိုအသာဒါဒိနဝတ္တာဟူသောဂါထာ၌၊ ဝုတ္တော၊ ဆိုအပ်သော၊ ဥပါယော၊ဥပါယသည်၊ ကတမော၊အဘယ်နည်း၊ ၊သဗ္ဗေ၊ခပ်သိမ်းကုန်သော၊သင်္ခါရာ၊သင်္ခါရတို့သည်၊ အနိစ္စာ၊အမြဲမရှိကုန်၊ ဣတိ၊ဤသို့၊(ပ)၊ ဒုက္ခာ၊ဆင်းရဲကုန်၏၊ ဣတိ၊ဤသို့၊(ပ)၊ သဗ္ဗေ၊ခပ်သိမ်းကုန်သော၊ ဓမ္မာ၊ သင်္ခါရတရားတို့သည်၊ အနတ္တာ၊ကိုယ်မဟုတ်ကုန်၊ဣတိ၊ဤသို့၊ ယဒါ၊အကြင်အခါ၌၊ပညာယ၊ဝိပဿနာပညာဖြင့်၊ပဿတိ၊မြင်၏၊ အထ၊ထိုသို့မြင်သောအခါ၌၊ဒုက္ခေ၊ဝဋ်ဆင်းရဲ၌၊ နိဗ္ဗိန္ဒတိ၊ငြီးငွေ့၏၊ ဧသော၊ဤသို့ဝဋ်ဆင်း၌ငြီးငွေ့ခြင်းသည်။ဝိသုဒ္ဓိယာ၊နိဗ္ဗာန်၏၊မဂ္ဂေါ၊အကြောင်းတည်း၊ဣတိ ဧတ္တ၊ ဤဒေသနာ၌၊ ၊အယံ၊ဤငြီးငွေ့ခြင်းတည်းဟူသော ဝိပဿနာသည်၊ ဥပါယော၊ဥပါယမည်၏။ ၊

တတ္ထ၊ ထိုအဿာဒဒိန္နဝတာ ဟူသောဂါထာ၌၊ ဝဏ္ဏာ၊ ဆိုအပ်သော။ အဿာဒဂ္ဂဟိ၊ အဿာဒဂ္ဂဟိသည်၊ ကတမာ၊အဘယ်နည်း၊ ပရက္ကမေ၊ခရီးသွားခြင်းလုံ့လသည်၊ဝိဇ္ဇမာနေ၊ရှိသည်ရှိသော်၊စက္ခုမာ၊ မျက်စိအမြင်ရှိသော၊ ဝုရိသော၊ယောကျ်ားသည်၊ဝိသမာနိ၊မညီမညွတ်ကုန်သော၊ ဘူမိပဒေသာနိ၊မြေအရပ်တို့ကို။ ပရိဝဇ္ဇေတိ ဣဝ၊ကြဉ်သကဲ့သို့၊ ဇီဝလောကသ္မိံ၊သတ္တလောက၌၊ပဏ္ဍိတော၊ပညာရှိသည်၊ပါပါနိ၊ယုတ်မာကုန်သော အကုသိုလ်တရားတို့ကို၊ ပရိဝဇ္ဇယေ၊ကြဉ်ရာ၏၊ ဣတိဝစနေ၊ဤဒေသနာ၌၊ ၊အယံ၊ ဤအဿာဒအစီအရင်သည်၊အဿာဒဂ္ဂဟိ၊အဿာဒဂ္ဂဟိမည်၏၊

မောဃဇာရာဇ၊မောဃရာဇရသေ့၊တို့၊သင်သည်။ လောကံ၊သတ်ါရလောကကို၊ သုညတော၊အချည်းနှီး၏အဖြစ်ကိုကောင်းစွာ မြင်သောအားဖြင့်၊ အဝေက္ခဿု၊ရှုကြည့်လော၊ ဣတိဝစနေ၊ဤဒေသနာတော်၌၊ အဝေက္ခဿုတိဣဒံဝစနံ၊အဝေက္ခဿုဟူသော ဤစကားတော်သည်၊ အဿာဒဂ္ဂဟိ၊အဿာဒဂ္ဂဟိမည်၏၊သဒါသတောတိဝစနေ၊သဒါသတောဟူသောဒေသနာတော်၌၊ သဒါကိရိယာ၊ အခါခပ်သိမ်းမမေ့မလျော့ကမ္မဋ္ဌာန်းကို အောက်မေ့ခြင်းကိုပြုခြင်းသည်၊ဥပါယော၊ဥပါယမည်၏၊အတ္တာနုဒိဋ္ဌိံ၊သက္ကာယဒိဋ္ဌိကို၊မဂ္ဂဉာဏေန၊မဂ်ဉာဏ်ဖြင့်၊ ဥဟစ္စ၊ အကြွင်းမဲ့ဖြုတ်၍၊ဧဝံ၊ဤသို့ သောအစီရင်ဖြင့်၊မစ္စုတရော၊သေမင်း၏ အရာကိုလွန်မြောက်သည်၊ သိယာ၊ဖြစ်ရာ၏၊ ဣတိဝစနေ၊ဤဒေသနာတော်၌။ ၊ဣဒံ၊ဤသေမင်း၏အရာကိုလွန်မြောက်ခြင်းသည်၊ ဖလံ၊ဖလမည်၏၊ ၊ ၊

၂၀ တတ္ထ၊ထိုအဿာဒအစရှိသည်တို့တွင်၊ဘဂဝါ၊မြတ်စွာဘုရားသည်၊ ဥဃဋိတညုဿ၊ ဥဃဋိတညုမည်သော၊ ပုဂ္ဂလဿ၊ ပုဂ္ဂိုလ်အား၊ နိဿရဏံ၊နိဿရဏကို၊ဒေသယတိ၊ ဟောတော်မူ၏၊ ဝိပဉ္စိတညုဿ၊ဝိပဉ္စိတညုမည်သော၊ ပုဂ္ဂလဿ၊ ပုဂ္ဂိုလ်အား၊ အာဒီနဝဉ္စ၊ အာဒီနဝကိုလည်းကောင်း၊ နိဿရဏဉ္စ၊ နိဿရဏကို လည်းကောင်း၊ ဒေသယတိ၊ဟောတော်မူ၏၊နေယျဿ၊နေယျမည်သော၊ပုဂ္ဂလဿ၊ပုဂ္ဂိုလ်အား၊အဿာဒဉ္စ၊ အဿာဒကို လည်းကောင်း၊ အာဒီနဝဉ္စ၊ အာဒီနဝကို လည်းကောင်း၊ နိဿရဏဉ္စ၊ နိဿရဏကိုလည်းကောင်း၊ဒေသယတိ၊ဟောတော်မူ၏။ ၊

တတ္ထ၊ ထိုနိဿရဏ စသောဒေသနာ၌၊ စတဿော၊ လေးပါးကုန်သော၊ပဋိပဒါ၊အကျင့်တို့သည်၊ ဟောန္တိ၊ဖြစ်ကုန်၏၊ ပုဂ္ဂလာစ၊ပုဂ္ဂိုလ်တို့သည်လည်း၊ ပဋိပဒါဝသေန၊အကျင့်၏ အစွမ်းအားဖြင့်၊ စတ္တာရော၊လေးယောက်တို့သည်၊ ဟောန္တိ၊ဖြစ်ကုန်၏၊တဏှာစရိတော၊ တဏှာစရိုက်ရှိ

http://www.dhammadownload.com



သော၊မန္ဒော၊အဝိဇ္ဇာရှိသော၊ ပုဂ္ဂလော၊ ပုဂ္ဂိုလ်သည်၊သတိန္ဒြိယေန၊ သတိ
ဣန္ဒြေဖြင့်၊ ဒုက္ခာယ၊ခဲ့ယဉ်းသော၊ ပဋိပဒါယ၊ အကျင့်ဖြင့်၊ ဒန္ဓာဘိညာယ၊
နှေးသောအဘိညာဉ်ဖြင့်၊ အရိယမဂ္ဂေန၊ အရိယာမဂ်ဖြင့်၊ သတိပဋ္ဌာနေဟိ၊
သတိပဋ္ဌာန်ဟုဆိုအပ်ကုန်သော၊ နိဿယေဟိ၊ဥပနိဿယတို့ဖြင့်၊ နိယျာတိ၊
ဝဋ်မှထွက်၏၊တဏှာစရိတော၊တဏှာစရိုက်ရှိသော၊ ဥဒတ္ထော၊ပြန့်ပြော
သောပညာရှိသော၊ပုဂ္ဂလော၊ပုဂ္ဂိုလ်သည်၊သမာဓိန္ဒြိယေန၊ သမာဓိဣန္ဒြေဖြင့်၊
ဒုက္ခာယ၊ခဲယဉ်းသော၊ ပဋိပဒါယ၊အကျင့်ဖြင့်၊ခိပ္ပါဘိညာယ၊ လျင်သော
အဘိညာဉ်ဖြင့်၊ အရိယမဂ္ဂေန၊အရိယာမဂ်ဖြင့်၊ဈာနေဟိ၊ ဈာန်ဟုဆိုအပ်
ကုန်သော၊ နိဿယေဟိ၊ဥပနိဿယတို့ဖြင့်၊ နိယျာတိ၊ဝဋ်မှထွက်၏၊ ဒိဋ္ဌိစရိ
တော၊ဒိဋ္ဌိစရိုက်ရှိသော၊မန္ဒော၊အဝိဇ္ဇာရှိသော၊ပုဂ္ဂလော၊ ပုဂ္ဂိုလ်သည်၊ဝီရိ
ယိန္ဒြိယေန၊ဝီရိယိဣန္ဒြေဖြင့်၊ သုခါယ၊လွယ်သော၊ ပဋိပဒါယ၊ အကျင့်ဖြင့်၊
ဒန္ဓာဘိညာယ၊နှေးသော အဘိညာဉ်ဖြင့်၊အရိယမဂ္ဂေန၊ အရိယာမဂ်ဖြင့်၊
သမ္မပ္ပဓာနေဟိ၊သမ္မပ္ပဓာန်ဟု ဆိုအပ်ကုန်သော၊ နိဿယေဟိ၊ ဥပနိဿယတို့
ဖြင့်၊နိယျာတိ၊ဝဋ်မှထွက်၏၊ ဒိဋ္ဌိစရိတော၊ဒိဋ္ဌိစရိုက်ရှိသော၊ ဥဒတ္ထော၊ပြန့်
ပြောသောပညာရှိသော၊ ပုဂ္ဂလော၊ပုဂ္ဂိုလ်သည်၊ပညိန္ဒြိယေန၊ပညိဣန္ဒြေဖြင့်၊
သုခါယ၊လွယ်သော၊ ပဋိပဒါယ၊အကျင့်ဖြင့်၊ ခိပ္ပါဘိညာယ၊ လျင်သောအ
ဘိညာဉ်ဖြင့်၊အရိယမဂ္ဂေန၊အရိယာမဂ်ဖြင့်၊ သစ္စေဟိ၊သစ္စာဟုဆိုအပ်ကုန်
သော၊နိဿယေဟိ၊ဥပနိဿယတို့ဖြင့်၊ နိယျာတိ၊ဝဋ်မှထွက်၏၊ ။ဥဘော၊
နှစ်ယောက်ကုန်သော၊ တဏှာစရိတာ၊တဏှာပြောသော ပုဂ္ဂိုလ်တို့သည်၊
သမထပုဗ္ဗင်္ဂမာယ၊ သမာဓိလျှင်ပြဋ္ဌာန်းခြင်းရှိသော၊ ဝိပဿနာယ၊ဝိပဿ
နာဖြင့်၊ပဋ္ဌဗ္ဗာယ၊ရောက်အပ်သော၊ ရာဂဝိရာဂါယ၊ရာဂ၏ ကင်းရာကင်း
ကြောင်းဖြစ်သော၊စေတောဝိမုတ္တိယာ၊ အနာဂါမိဖိုလ်သမာဓိဖြင့်၊နိယျန္တိ၊
ဝဋ်မှထွက်ကုန်၏၊ ဥဘော၊ နှစ်ယောက်ကုန်သော၊ ဒိဋ္ဌိစရိတာ၊ ဒိဋ္ဌိပြော
သောပုဂ္ဂိုလ်တို့သည်၊ ဝိပဿနာပုဗ္ဗင်္ဂမေန၊ ဝိပဿနာလျှင်ပြဋ္ဌာန်းခြင်းရှိ
သော၊သမထေန၊သမာဓိဖြင့်၊ပဋ္ဌဗ္ဗာယ၊ရောက်အပ်သော၊ အဝိဇ္ဇာဝိရာဂါ
ယ၊အဝိဇ္ဇာ၏ကင်းရာကင်းကြောင်းဖြစ်သော၊ ပညာဝိမုတ္တိယာ၊အရဟတ္တ
ဖိုလ်ပညာဖြင့်၊ နိယျန္တိ၊ဝဋ်မှ ထွက်ကုန်၏၊ တတ္ထ၊ထိုပုဂ္ဂိုလ်တို့တွင်။ယေ၊
အကြင် တဏှာစရိတာ ပုဂ္ဂိုလ်နှစ်ယောက်တို့သည်၊ သမထပုဗ္ဗင်္ဂမာဟိ၊
သမာဓိလျှင် ပြဋ္ဌာန်းခြင်းရှိကုန်သော၊ ပဋိပဒါဟိ၊ဝိပဿနာအကျင့်တို့ဖြင့်၊
နိယျန္တိ၊ဝဋ်မှထွက်ကုန်၏၊တေ၊ထိုပုဂ္ဂိုလ်နှစ်ယောက်တို့ကို၊နန္ဒိယာဝဋ္ဋေန
နန္ဒိယာဝဋ္ဋမည်သော၊နယေန၊နည်းဖြင့်၊ဟာတဗ္ဗာ၊ဆောင်အပ်ကုန်၏၊ယေ၊

အကြင်ဒိဋ္ဌိစရိတပုဂ္ဂိုလ်နှစ်ယောက်တို့သည်၊ ဝိပဿနာပုဗ္ဗင်္ဂမာဟိ၊ ဝိပဿ
နာလျှင်ပြဓာန်းခြင်း ရှိကုန်သော၊ ပဋိပဒါဟိ၊ အကျင့်တို့ဖြင့်၊ နိယျန္တိ၊ ဝဋ်မှ
ထွက်ကုန်၏၊ တေ၊ ထိုပုဂ္ဂိုလ်နှစ်ယောက်တို့ကို၊ သီဟဝိက္ကီဠိတန၊ သီဟ
ဝိက္ကီဠိတမည်သော၊ နယေန၊ နည်းဖြင့်၊ ဟာတဗ္ဗာ၊ ဆောင်အပ်ကုန်၏။ ။

သွာယံသော ယံဟာရော၊ ထိုဒေသနာ ဟာရသည်၊ ကတ္ထ၊ အဘယ်
ပုဂ္ဂိုလ်၌၊ သမ္ဘဝတိ၊ ဖြစ်သနည်း၊ ယဿ၊ အကြင်ပုဂ္ဂိုလ်အား၊ သတ္ထာဝါ၊
မြတ်စွာ ဘုရားတည်းလည်း၊ ဓမ္မံ၊ တရားကို၊ ဒေသယတိ၊ ဟောတော်မူ၏၊
အညတရော၊ တယောက်သော၊ ဂရုဋ္ဌာနိယော၊ အလေးအမြတ် ပြုခြင်းငှါ
ထိုက်သော၊ သဗြဟ္မစာရီဝါ၊ သီတင်းသုံးဖော် သည်လည်း၊ ဓမ္မံ တရား
ကို၊ ဒေသယတိ၊ ဟော၏၊ သော၊ ထိုပုဂ္ဂိုလ်သည်၊ တံဓမ္မံ၊ ထိုတရားကို၊
သုတွာ၊ ကြားနာရ၍၊ သဒ္ဓံ၊ ရတနာသုံးပါးတို့၌ ယုံကြည်ခြင်းကို၊ ပဋိလ
ဘတိ၊ ရ၏၊ တတ္ထ၊ ထိုပုဂ္ဂိုလ်၌၊ သွာယံသောယံ ဟာရော၊ ထိုဟာရသည်၊
သမ္ဘဝတိ၊ ဖြစ်၏၊ တတ္ထ၊ ထိုကြားအပ်သော တရား၌၊ ယာဝီမံသာ၊ အကြင်
ရုံစမ်းခြင်းသည် လည်းကောင်း၊ ယာဥဿာဟနာ၊ အကြင် အားထုတ်
ခြင်းသည်လည်းကောင်း၊ ယာတုလနာ၊ အကြင်နှိုင်းချိန်ခြင်းသည် လည်း
ကောင်း၊ ယာဥပပရိက္ခာ၊ အကြင်ကပ်၍ဆင်ခြင်ခြင်းသည်လည်းကောင်း၊
ဟောတိ၊ ဖြစ်၏၊ အယံ၊ ဤပညာသည်၊ သုတမယီပညာ၊ သုတမယပညာ
မည်၏၊ တထာသုတေန နိဿယေန၊ ထိုပရိယတ္တိဓမ္မကို ကြားခြင်းဟူ
သော ဥပနိဿျဖြင့်၊ ယာဝီမံသာ၊ အကြင်ရုံစမ်းခြင်းသည် လည်းကောင်း၊
ယာတုလနာ၊ အကြင်နှိုင်းချိန်ခြင်းသည် လည်းကောင်း၊ ယာဥပပရိက္ခာ၊
အကြင်ကပ်၍ဆင်ခြင်ခြင်းသည် လည်းကောင်း၊ ယာမနသာနုပေက္ခာ၊
အကြင်စိတ်ဖြင့် အဖန်တလဲလဲ ရှုကြည့်ခြင်းသည် လည်းကောင်း၊ ဟော
တိ၊ ဖြစ်၏၊ အယံ၊ ဤပညာသည်၊ စိန္တာမယီပညာ၊ စိန္တာမယပညာမည်၏၊
ဣမာဟိ ဒွီဟိ ပညာဟိ၊ ဤနှစ်ပါးကုန်သော ပညာတို့ဖြင့်၊ မနသိကာရသမ္ပ
ယုတ္တဿ၊ နှလုံးသွင်းခြင်း၌ လို့ထပြုသောပုဂ္ဂိုလ်အား၊ ဒဿနဘူမိယံဝါ၊
သောတာပတ္တိမဂ်ဖိုလ်တည်းဟူသော ဒဿနဘုံ၌လည်းကောင်း၊ ဘာဝနာ
ဘူမိယံဝါ၊ ကြွင်းသော သေက္ခာအသေက္ခဟုဆိုအပ်သော ဘာဝနာဘုံ၌လည်း
ကောင်း၊ ယံဉာဏံ၊ အကြင်အရိယမဂ်ဉာဏ်သည်၊ ဥပ္ပဇ္ဇတိ၊ ဖြစ်၏၊ အယံ၊
ဤပညာသည်၊ ဘာဝနာမယီပညာ၊ ဘာဝနာမယပညာမည်၏၊ ပရတော၊
မိမိမှ တပါးသောတရားမှ၊ ပဝတ္တာ၊ ဖြစ်သော၊ ဃောသာ၊ ဒေသနာသံဟူ
သော အကြောင်းကြောင့်၊ ပဝတ္တာ၊ ဖြစ်သောပညာသည်၊ သုတမယီပညာ၊

http://www.dhammadownload.com



သုတမယံပညာမည်၏၊ ပစ္စတ္တသရမ္ဗိတာ၊ မိမိမှအသိးဖြစ်သော၊ ယောနိသောမနသိကာရာ၊ သင့်သောအကြောင်းဖြင့် နှလုံးသွင်းခြင်းကြောင့်၊ ပဝတ္တာ၊ဖြစ်သောပညာသည်၊ စိန္တာမယီပညာ၊ စိန္တာမယပညာမည်၏၊ ပရတောဃောသနစ၊ အဆင့်ကြားခြင်းကြောင့်လည်းကောင်း၊ ပစ္စတ္တသရမ္ဗိတောနစ၊ မိမိမှအသိးဖြစ်သောစိန္တာမယပညာကြောင့်လည်းကောင်း။ ယောနိသောမနသိကာရေ၊ သင့်သောအကြောင်းဖြင့်နှလုံးသွင်းခြင်း၌၊ ယံဉာဏံ၊ အကြင်ဉာဏ်သည်၊ ဥပ္ပဇ္ဇတိ၊ဖြစ်၏၊ အယံ၊ ဤပညာသည်၊ ဘာဝနာမယီပညာ၊ ဘာဝနာမယပညာမည်၏၊ယဿ၊ အကြင်ပုဂ္ဂိုလ်အား။ သုတမယီစ၊ သုတမယပညာလည်းကောင်း။ စိန္တာမယီစ၊ စိန္တာမယပညာလည်းကောင်း၊ ဧွေ၊နှစ်ပါးကုန်သော၊ ဣမာပညာ၊ဤပညာတို့သည်၊ သန္တိ၊ ရှိကုန်၏၊ အယံ၊ ဤပုဂ္ဂိုလ်သည်။ ဥဃဋိတညူ၊ ဥဃဋိတညူမည်၏။ ယဿ၊အကြင်ပုဂ္ဂိုလ်အား။ သုတမယီပညာ၊သုတမယပညာသည်၊အတ္ထိ၊ ရှိ၏၊ စိန္တာမယီ၊စိန္တာမယပညာသည်၊ နတ္ထိ၊မရှိ။ အယံ၊ ဤပုဂ္ဂိုလ်သည်၊ ဝိပဉ္စိတညူ၊ ဝိပဉ္စိတညူမည်၏၊ ယဿ၊ အကြင်ပုဂ္ဂိုလ်အား၊ သုတမယီပညာ၊ သုတမယပညာသည် နေဝအတ္ထိ၊မရှိ၊ စိန္တာမယီ၊စိန္တာမယပညာသည် နေဝအတ္ထိ၊မရှိ။ အယံ၊ ဤပုဂ္ဂိုလ်သည်၊နေယျော၊နေယျပုဂ္ဂိုလ်မည်၏၊ သာယံဓမ္မဒေသနာ၊ထိုဓမ္မဒေသနာသည်၊ကိံ၊ အဘယ်ကို။ ဒေသယတိ၊ဖွင့်သနည်း။ စတ္တာရိ၊လေးပါးကုန်သော၊သစ္စာနိ၊သစ္စာတို့ကို၊ ဒေသယတိ၊ ဖွင့်၏။ကတမာနိ၊ အဘယ်သစ္စာလေးပါးတို့ကို၊ဒေသယတိ၊ ဖွင့်သနည်း၊ ဒုက္ခံ၊ဒုက္ခသစ္စာကိုလည်းကောင်း။ သမုဒယံ၊သမုဒယသစ္စာကိုလည်းကောင်း၊နိရောဓံ၊နိရောဓသစ္စာကိုလည်းကောင်း၊မဂ္ဂံ၊မဂ္ဂသစ္စာကိုလည်းကောင်း၊ဣမာနိစတ္တာရိသစ္စာနိ၊ ဤလေးပါးသော သစ္စာတို့ကို။ ဒေသယတိ၊ဖွင့်၏၊ အာဒီနဝေါစ၊ အာဒီနဝသည်လည်းကောင်း၊ဖလံစ၊ ဖလသည်လည်း လည်းကောင်း၊ ဒုက္ခံ၊ဒုက္ခသစ္စာမည်၏။ အဿာဒေါ၊အဿာဒသည်၊သမုဒယော၊ သမုဒယသစ္စာမည်၏၊နိဿရဏံ၊နိဿရဏသည်၊နိရောဓော၊ နိရောဓသစ္စာမည်၏၊ ဥပါယောစ၊ဥပါယသည်လည်းကောင်း၊အာဏတ္တိစ၊အာဏတ္တိသည်လည်းကောင်း၊ မဂ္ဂေါ၊မဂ္ဂသစ္စာမည်၏၊ဣမာနိစတ္တာရိသစ္စာနိ၊ဤလေးပါးသောသစ္စာတို့ကို၊ ဒေသယတိ၊ဖွင့်၏၊ဣဒံ၊ဤဒေသနာတော်သည်၊ဓမ္မစက္ကံ၊ ဓမ္မစက္ကသုတ်မည်၏၊ ။ယထာဟ၊ကိံ အာဟ၊ဘုရားအဘယ်သို့ဟောတော်မူသနည်း၊ဣဒံ၊ဝေါ၊ရဟန်းတို့၊ဣဒံ၊ ဤတေဘူမကတရားအပေါင်းသည်၊ ဒုက္ခံ၊ဒုက္ခသစ္စာမည်၏၊ဣတိ၊ဤသို့၊ မေမယာ၊ငါဘုရားသည်၊ ဗါရာဏသိယံ၊ ဗါရာဏသီ

http://www.dhammadownload.com



ပြည်၌၊ ဣသိပတနေ၊ ဣသိပတနအမည်ရှိသော၊ မိဂဒါယေ၊ မိဂဒါဝုန်တော၌ ယောကသ္မိံ၊ သတ္တလောက၌။ သမဏေနဝါ၊ ရဟန်းသည်လည်းကောင်း၊ ဗြာဟ္မဏေနဝါ၊ ပုဏ္ဏားသည်လည်းကောင်း၊ ဒေဝေနဝါ၊ နတ်သည်လည်းကောင်း၊ မာရေနဝါ၊ မာရ်မင်းသည်လည်းကောင်း၊ ဗြဟ္မုနာဝါ၊ ဗြဟ္မာသည်လည်းကောင်း၊ ကေနစိဝါ၊ တစုံတယောက်သောသူသည်လည်းကောင်း၊ အပ္ပဋိဝတ္တိယံ၊ ဟောခြင်းငှါမစွမ်းနိုင်သော၊ အနုတ္တရံ၊ အတုမရှိမြတ်သော၊ ဓမ္မစက္ကံ၊ ဓမ္မစကြာသုတ်ကို၊ ပဝတ္တိတံ၊ ဟောတော်မူအပ်ပြီ၊ ဣတိအာဒိံ၊ ဤသို့အစရှိသော၊ သဗ္ဗံ၊ အလုံးရုံသော၊ ဓမ္မစက္ကံ၊ ဓမ္မစကြာသုတ်ကို၊ ဘဂဝါ မြတ်စွာဘုရားသည်၊ အာဟ၊ ဟောတော်မူ၏၊ တတ္ထတိသံဒေသနာယံ၊ ထိုဒေသနာသုံးပါး၌၊ အပရိမာဏာ၊ အတိုင်းအရှည်မရှိကုန်သော၊ ပဒါ၊ ပုဒ်တို့သည်၊ အတ္ထိ သန္တိ၊ ရှိကုန်၏၊ အပရိမာဏာ၊ အတိုင်းအရှည်မရှိကုန်သော၊ အက္ခရာ၊ အက္ခရာတို့သည်၊ အတ္ထိ သန္တိ၊ ရှိကုန်၏၊ အပရိမာဏာ၊ အတိုင်းအရှည်မရှိကုန်သော၊ ဗျဉ္ဇနာ၊ ဝါကျတို့သည်၊ အတ္ထိ သန္တိ၊ ရှိကုန်၏၊ အပရိမာဏာ၊ အတိုင်းအရှည်မရှိကုန်သော၊ အာကာရာ၊ ဝေဘန်ပြီးသောဝါကျအစိတ်တို့သည်၊ အတ္ထိ သန္တိ၊ ရှိကုန်၏၊ နေရုတ္တာ၊ ဝိဂြိုဟ်တို့သည်၊ နိဒ္ဒေသာ၊ ဝိဂြိုဟ်၏အကျယ်တို့သည်၊ အတ္ထိ သန္တိ၊ ရှိကုန်၏၊ တေသေသဝဏ္ဏာသာ၊ ထိုသစ္စာဟုဆိုအပ်သောအနက်၏သာလျှင်၊ သံကာသနာ၊ အကျဉ်းပြအပ်သောအခြင်းအရာသည်၊ အပရိမာဏာ၊ အတိုင်းအရှည်မရှိ၊ ပကာသနာ၊ ရှေးဦးစွာပြအပ်သောအခြင်းအရာသည်၊ ဝိဝရဏာ၊ ဖွင့်အပ်သောအခြင်းအရာသည် ဝိဘဇနာ၊ ဝေဘန်အပ်သောအခြင်းအရာသည်၊ ဥတ္တာနိကမ္မံ၊ ထင်စွာပြုအပ်သောအခြင်းအရာသည်၊ ပညတ္တိ၊ အပြားအားဖြင့်သိအပ်သောအခြင်းအရာသည်၊ အပရိမာဏာ၊ အတိုင်းအရှည်မရှိ၊ ဣတိပိ ဣမိနာပိပကာရေန၊ ဤသို့သောအပြားဖြင့်လည်း၊ ဣဒံ ဒုက္ခံ အရိယသစ္စံ၊ ဤဒုက္ခဟုဆိုအပ်သောအရိယသစ္စာကို။ ဝေဒိတဗ္ဗံ၊ သိအပ်၏၊ ဘိက္ခဝေ၊ ရဟန်းတို့၊ အယံ၊ ဤတရားသည်။ ဒုက္ခသမုဒယော၊ ဒုက္ခ၏အကြောင်းဖြစ်သောသမုဒယသစ္စာမည်၏၊ ဣတိ၊ ဤသို့၊ မေမယာ၊ ငါဘုရားသည်၊ ဗာရာဏသိယံ၊ ဗာရာဏသီပြည်၌၊ ဣသိပတနေ၊ ဣသိပတနအမည်ရှိသော၊ မိဂဒါယေ၊ မိဂဒါဝုန်တော၌။ အနုတ္တရံ၊ အတုမရှိမြတ်သော။ ဓမ္မစက္ကံ၊ ဓမ္မစကြာသုတ်ကို။ ပဝတ္တိတံ၊ ဟောတော်မူအပ်ပြီ။ (ပ)၊ ဘိက္ခဝေ၊ ရဟန်းတို့၊ အယံ၊ ဤအသင်္ခတဓာတ်သည်၊ ဒုက္ခနိရောဓော ဒုက္ခ၏ချုပ်ရာနိရောဓသစ္စာမည်၏၊ ဣတိ၊ ဤသို့၊ မေမယာ၊ ငါဘုရားသည်၊ ပဝတ္တိတံ၊ ဟောတော်မူအပ်ပြီ၊ (ပ)၊ ဘိက္ခဝေ၊ ရဟန်းတို့၊ အယံ၊ ဤမဂ္ဂင်ရှစ်

ပါးသည်၊ ဒုက္ခနိရောဓဂါမိနီပဋိပဒါ၊ ဒုက္ခ၏ချုပ်ရာနိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်ဖြစ်သောမဂ္ဂသစ္စာမည်၏၊ ဣတိ၊ ဤသို့၊ မေမယာ၊ ငါဘုရားသည်၊ ဗာရာဏသိယံ၊ ဗာရာဏသီပြည်၌၊ ဣသိပတနေ၊ ဣသိပတနအမည်ရှိသော၊ မိဂဒါယေ၊ မိဂဒါဝုန်တော၌၊ လောကသ္မိံ၊ သတ္တလောက၌၊ သမဏေန ဝါ၊ ရဟန်းသည်လည်းကောင်း၊ ဗြာဟ္မဏေန ဝါ၊ ပုဏ္ဏားသည်လည်းကောင်း၊ ဒေဝေန ဝါ၊ နတ်သည်လည်းကောင်း၊ မာရေန ဝါ၊ မာရ်သည်လည်းကောင်း၊ ဗြဟ္မုနာ၊ ဗြဟ္မာသည်လည်းကောင်း၊ ကေနစိ ဝါ၊ တစုံတယောက်သောသူ သည်လည်းကောင်း၊ အပ္ပဋိဝတ္တိယံ၊ ပယ်ခြင်းငှါမစွမ်းနိုင်သော၊ အနုတ္တရံ၊ အတုမရှိမြတ်သော၊ ဓမ္မစက္ကံ၊ ဓမ္မစက္ကသုတ်ကို၊ ပဝတ္တိတံ၊ ဟောတော်မူ အပ်ပြီ၊ တတ္ထတိသံဒေသနာယံ၊ ထိုဒေသနာတော်၌၊ အပရိမာဏာ၊ အ တိုင်းအရှည် မရှိကုန်သော၊ ပဒါ၊ ပုဒ်တို့သည်၊ အတ္ထိ သန္တိ၊ ရှိကုန်၏၊ အပရိ မာဏာ၊ အတိုင်းအရှည် မရှိကုန်သော၊ အက္ခရာ၊ အက္ခရာတို့သည်၊ အတ္ထိ သန္တိ၊ ရှိကုန်၏၊ အပရိမာဏာ၊ အတိုင်းအရှည် မရှိကုန်သော၊ ဗျဉ္ဇနာ ဝါကျတို့သည်၊ အတ္ထိ သန္တိ၊ ရှိကုန်၏၊ အပရိမာနာ၊ အတိုင်း အရှည်မရှိ ကုန်သော၊ အာကာရာ၊ ဝေဘန်ပြီးသောဝါကျအစိပ်တို့သည်၊ အတ္ထိ သန္တိ ရှိကုန်၏၊ နေရုတ္တာ၊ ဝိဂြိုဟ်တို့သည်၊ နိဒ္ဒေသာ၊ ဝိဂြိုဟ် အကျယ်တို့သည်၊ အတ္ထိ သန္တိ၊ ရှိကုန်၏၊ တေသော ဝ အတ္ထသာ၊ ထိုသစ္စာဟုဆိုအပ်သောအနက် ၏သာလျှင်၊ သံကာသနာ၊ အကျဉ်းပြအပ်သောအခြင်းအရာသည်၊ အပရိ မာနာ၊ အတိုင်းအရှည်မရှိ၊ ပကာသနာ၊ ရှေးဦးစွာပြအပ်သောအခြင်းအရာ သည်၊ ဝိဝရဏာ၊ ဖွင့်အပ်သောအခြင်းအရာသည်။ ဝိဘဇနာ၊ ဝေဘန်အပ် သောအခြင်းအရာသည်၊ ဥတ္တာနီကမ္မံ၊ ထင်စွာပြုအပ်သော အခြင်းအရာ သည်၊ ပညတ္တိ၊ အပြားအားဖြင့်သိအပ်သော အခြင်းအရာသည်၊ အပရိမာ ဏာ၊ အတိုင်းအရှည်မရှိ၊ ဣတိပိ ဣမိနာပိ ပကာရေန၊ ဤသို့သောအပြားအား ဖြင့်လည်း၊ ဣဒံ ဒုက္ခနိရောဓဂါမိနီပဋိပဒါအရိယသစ္စံ၊ ဒုက္ခ၏ချုပ်ရာနိဗ္ဗာန် သို့ရောက်ကြောင်းအကျင့်ဖြစ်သောအရိယသစ္စာကို၊ ဝေဒိတဗ္ဗံ၊ သိအပ်၏၊ တတ္ထ၊ ထိုဗျဉ္ဇနပဒခြောက်ပါးတို့တွင်၊ ဘဂဝါ၊ မြတ်စွာဘုရားသည်၊ အက္ခရေ ဟိ၊ အက္ခရာတို့ဖြင့်၊ သံကာသေတိ၊ အနက်ကိုအကျဉ်းအားဖြင့်ပြတော်မူ၏၊ ပဒေဟိ၊ ပုဒ်တို့ဖြင့်၊ ပကာသေတိ၊ အနက်ကိုရှေးဦးစွာပြတော်မူ၏၊ ဗျဉ္ဇနေဟိ ဝါကျတို့ဖြင့်၊ ဝိဝရတိ၊ အနက်ကိုဖွင့်၏၊ အာကာရေဟိ၊ ဝါကျ၏အစိပ်တို့ ဖြင့်၊ ဝိဘဇတိ၊ အနက်ကိုဝေဘန်၏၊ နိရုတ္တိဟိ၊ ဝိဂြိုဟ်တို့ဖြင့်၊ ဥတ္တာနီ ကရော တိ၊ အနက်ကိုထင်စွာပြု၏၊ နိဒ္ဒေသေဟိ၊ ဝိဂြိုဟ်၏အကျယ်တို့ဖြင့်၊ ပညပေ

http://www.dhammadownload.com



တိ၊ အနက်ကိုအပြားအားဖြင့်သိစေ၏၊ တတ္ထ၊ ထိုဗျဥ္ဇနပဒခြောက်ပါးတို့တွင်၊ ဘဂဝါ၊ မြတ်စွာဘုရားသည်၊ အက္ခရေဟိစ၊ အက္ခရာတို့ဖြင့်လည်းကောင်း၊ ပဒေဟိစ၊ ပုဒ်တို့ဖြင့် လည်းကောင်း၊ ဥဿဋေတိ၊ အလိုရှိအပ်သော အနက်ကိုအကျဉ်းအားဖြင့် ပြတော်မူ၏၊ ဗျဥ္ဇနေဟိစ၊ ဝါကျတို့ဖြင့်လည်းကောင်း၊ အာကာရေဟိစ၊ ဝါကျ၏အစိပ်တို့ဖြင့်လည်းကောင်း၊ ဝိပဥ္စယတိ၊ မကျဉ်းမကျယ်ပြတော်မူ၏၊ နိရုတ္တိဟိစ၊ ဝိဂြိုဟ်တို့ဖြင့်လည်းကောင်း၊ နိဒ္ဒေသေဟိစ၊ ဝိဂြိုဟ်၏အကျယ်တို့ဖြင့်လည်းကောင်း၊ ဝိဘဇ္ဇတိ၊ ဝေဖန်ခြင်းကိုပြုတော်မူ၏၊ တတ္ထ၊ ထိုဥဿဋာတနစသောဒေသနာတို့တွင်၊ ဥဿဋနာ၊ အကျဉ်းပြခြင်းသည်၊ အာဒိ၊ ဒေသနာ၏အစတည်း၊ ဝိပဥ္စနာ၊ မကျဉ်းမကျယ်ပြခြင်းသည်၊ မဇ္ဈေ၊ ဒေသနာ၏အလယ်တည်း။ ဝိဘဇ္ဇာရဏာ၊ အကျယ်ချဲ့ခြင်းသည်၊ ပရိယောသာနာ၊ ဒေသနာ၏အဆုံးတည်း၊ သောယံဓမ္မဝိနယော၊ ထိုသုတ်အဘိဓမ္မါဝိနည်းသည်၊ ဥဿဋိယန္တော၊ အကျဉ်းပြအပ်သည်ဟုတွေ့ဖြစ်၍၊ ဥဿဋိတညုပုဂ္ဂလံ၊ ဥဿဋိတညုပုဂ္ဂိုလ်ကို၊ ဝိနေတိ၊ ဆုံးမ၏၊ တေန၊ ထိုဆုံးမခြင်းဖြင့်၊ နံဓမ္မဝိနယံ၊ ထိုသုတ်အဘိဓမ္မာဝိနည်းကို၊ အာဒိကလျာဏောတိ၊ အစ၌ကောင်းခြင်းရှိ၏ဟူ၍၊ အာဟု၊ ဟောတော်မူကုန်ပြီ၊ ဝိပဥ္စယန္တော၊ မကျဉ်းမကျယ်ချဲ့အပ်သည်ဟုတွေ့ဖြစ်၍၊ ဝိပဥ္စိတညုပုဂ္ဂလံ၊ ဝိပဥ္စိတညုပုဂ္ဂိုလ်ကို၊ ဝိနေတိ၊ ဆုံးမ၏၊ တေန၊ ထိုဆုံးမခြင်းဖြင့်၊ နံဓမ္မဝိနယံ၊ ထိုသုတ်အဘိဓမ္မာဝိနည်းကို၊ မဇ္ဈေကလျာဏောတိ၊ အလယ်၌ကောင်းခြင်းရှိ၏ဟူ၍၊ အာဟု၊ ဟောတော်မူကုန်ပြီ၊ ဝိဘဇ္ဇာရိယန္တော၊ အကျယ်ချဲ့အပ်သည်ဟုတွေ့ဖြစ်၍၊ နေယျပုဂ္ဂလံ၊ နေယျပုဂ္ဂိုလ်ကို၊ ဝိနေတိ ဆုံးမ၏၊ တေန၊ ထိုဆုံးမခြင်းဖြင့်၊ နံဓမ္မဝိနယံ၊ ထိုသုတ်အဘိဓမ္မာဝိနည်းကို၊ ပရိယောသာနကလျာဏောတိ၊ အဆုံး၌ကောင်းခြင်းရှိ၏ဟူ၍၊ အာဟု၊ ဟောတော်မူကုန်ပြီ၊ တတ္ထ တိဿန္နံဒေသနာနံ၊ ထိုဓမ္မဝေါဟာရဒေသိတသာသာမိ အစရှိသောဒေသနာတော်၌၊ ဆပ္ပဒါနိ၊ ခြောက်ပုဒ်တို့သည်၊ အတ္ထော၊ ပါဠိတော်၏အနက်မည်၏၊ တာနိဆပ္ပဒါနိ၊ ထိုခြောက်ပုဒ်တို့သည်၊ ကတမာနိ၊ အဘယ်သည်တို့နည်း၊ သံကာသနာ၊ အကျဉ်းပြအပ်သော အနက်ဟူသော အခြင်းအရာလည်းကောင်း၊ ပကာသနာ၊ ရှေးဦးစွာပြအပ်သော အနက်ဟူသော အခြင်းအရာလည်းကောင်း၊ ဝိဝရဏာ၊ ဖွင့်အပ်သောအနက်ဟူသောအခြင်းအရာလည်းကောင်း၊ ဝိဘဇနာ၊ ဝေဘန်အပ်သော အနက်ဟူသော အခြင်းအရာလည်းကောင်း၊ ဥတ္တာနီကမ္မံ၊ ထင်ရှားစွာပြုအပ်သော အနက်ဟူသောအခြင်းအရာလည်းကောင်း၊ ပညတ္တိ၊ အပြားအားဖြင့် သိစေအပ်သော အနက်ဟူသော

အခြင်းအရာ လည်းကောင်း၊ နတ္ထိ၊ ဤသည်တို့တည်း၊ နာမာနိဆပ္ပဒါနိ၊ ဤခြောက်ပုဒ်တို့သည်၊ အတ္ထာ၊ ပါဠိတော်၏အနက်မည်၏၊ ဆပ္ပဒါနိ၊ ခြောက်ပုဒ်တို့သည်၊ ဗျဉ္ဇနံ၊ သဒ္ဒါမည်၏၊ တာနိဆပ္ပဒါနိ၊ ထိုခြောက်ပုဒ်တို့သည်၊ ကတမာနိ၊ အဘယ်သည်တို့နည်း၊ အက္ခရံ၊ အက္ခရာ၊ ပဒံ၊ ပုဒ်၊ ဗျဉ္ဇနံ၊ ဝါကျ၊ အာကာရော၊ ဝါကျ၏အစိပ်၊ နိရုတ္တိ၊ ငြိုဟ်၊ နိဒ္ဒေသော၊ ငြိုဟ်၏အကျယ်၊ နာမာနိဆပ္ပဒါနိ၊ ဤခြောက်ပုဒ်တို့သည်၊ ဗျဉ္ဇနံ၊ သဒ္ဒါမည်၏၊ ဧတေန၊ ထိုအတ္ထပဒဗျဉ္ဇနပဒတို့နှင့် ပြည့်စုံသည်၏အဖြစ်ကြောင့်၊ ဘိက္ခဝေ၊ ရဟန်းတို့၊ ဝေါ၊ သင့်တို့အား၊ အာဒိကလျာဏံ၊ အစ၌ကောင်းခြင်းရှိထသော၊ မဇ္ဈေကလျာဏံ၊ အလယ်၌ကောင်းခြင်းရှိထသော၊ ပရိယောသာနကလျာဏံ၊ အဆုံး၌ကောင်းခြင်းရှိထသော၊ သာတ္ထံ၊ အနက်နှင့်ပြည့်စုံထသော၊ သဗျဉ္ဇနံ၊ သဒ္ဒါနှင့်ပြည့်စုံထသော၊ ဓမ္မံ၊ တရားတော်ကို၊ ဒေသိဿာမိ၊ ဟောတော်မူအံ့၊ နတ္ထိ၊ ဤသို့၊ ဘဂဝါ၊ မြတ်စွာဘုရားသည်၊ အာဟ၊ ဟောတော်မူ၏၊ ကေဝလန္တိ ဧသ၊ ကေဝလံဟူသော ဤပုဒ်၏၊ လောကိယေဟိ၊ လောက၌အကျုံးဝင်ကုန်သော၊ ဓမ္မေဟိ၊ တရားတို့နှင့်၊ နမိဿံ၊ မရောသည်ဖြစ်၍၊ လောကုတ္တရံ၊ သက်သက်သောလောကုတ္တရာတရားဖြစ်ထသော၊ နတ္ထိ အယံ၊ ဤသည်ကား၊ အတ္ထော၊ အနက်တည်း၊ ပရိပုဏ္ဏန္တိ၊ ပရိပုဏ္ဏံဟူသည်ကား၊ ပရိပုဏ္ဏံ အနူနံ အနတိရေကံ၊ မယုတ်မလွန်ပြည့်ထသော၊ ပရိသုဒ္ဓန္တိ၊ ပရိသုဒ္ဓံဟူသည်ကား၊ နိမ္မလံ၊ အညစ်အကြေးမရှိ၊ သဗ္ဗမလာပကတံ၊ ခပ်သိမ်းသောအညစ်အကြေးမှကင်းသည်ဖြစ်၍၊ ပရိယောဒါတံ၊ ဖြူစင်ထသော၊ သဗ္ဗဝိသေသာနံ၊ အလုံးစုံသောအထူးတို့၏၊ ဥပဋ္ဌိတံ၊ တည်ခြင်း၏အရာဖြစ်သော၊ နတ္ထံ၊ ဤသိက္ခာသုံးပါးတို့၏အပေါင်းဟုဆိုအပ်သောသာသနာတည်းဟူသော မြတ်သောအကျင့်ကို၊ ယတော၊ အကြင်ကြောင့်၊ တထာဂတပဒံ ဣတိပိ၊ မြတ်စွာဘုရား၏သွားရာခရီးဟူ၍လည်းကောင်း၊ တထာဂတနိသေဝိတံ ဣတိပိ၊ မြတ်စွာဘုရားသည် မှီဝဲသည်းကပ်ရာဟူ၍ လည်းကောင်း၊ တထာဂတရဉ္ဇိတံ ဣတိပိ၊ မြတ်စွာဘုရား၏ သဗ္ဗညုတဉာဏ်တည်းဟူသောအစွယ်ဖြင့်ထိုးပေါက်ရာဟူ၍ လည်းကောင်း၊ ဝုစ္စတိ၊ ဆိုအပ်၏၊ အဋ္ဌောစ၊ ထိုသို့သောအကြောင်းဖြင့်၊ ဧတံ၊ ဤသိက္ခာသုံးပါးတို့၏ အပေါင်းဖြစ်သောသာသနာကို၊ ဗြဟ္မစရိယံ မြတ်သောအကျင့်ဟူ၍၊ ပညာယတိ၊ အပြားအားဖြင့်သိအပ်၏၊ တေန၊ ထိုကြောင့်၊ ကေဝလပရိပုဏ္ဏံ၊ အလုံးစုံပြည့်စုံသော၊ ပရိသုဒ္ဓံ၊ စင်ကြယ်သော၊ ဗြဟ္မစရိယံ၊ မြတ်သောအကျင့်ကို၊ ပကာသေဿာမိ၊ ပြတော်မူအံ့၊ နတ္ထိ၊ ဤသို့၊ ဘဂဝါ၊ မြတ်စွာဘုရားသည်၊ အာဟ၊ ဟောတော်

http://www.dhammadownload.com



မှု၏၊ ၊ကေသံ၊အဘာသ်ပုဂ္ဂိုလ်တို့၏၊ အဇ္ဈာသယ၊အကျိုး၌၊ အယံဓမ္မဒေသနာ၊ဤဓမ္မဒေသနာသည်၊ဟောတိ၊ဖြစ်သနည်း၊ ယောဂီနံ၊ယောဂီပုဂ္ဂိုလ်တို့၏၊အဇ္ဈာသယ၊အကျိုး၌၊ဟောတိ၊ဖြစ်၏၊တေန၊ ထိုကြောင့်၊ အယသ္မာ မဟာကစ္စာယနော၊ အရှင်မဟာကစ္စည်းမထေရ်သည်၊ ။အဿာဒေါစ၊ သုခသောမနဿစသောတဏှာစသောအဿာဒလည်းကောင်း၊ အာဒီနဝေါစ၊ ဒုက္ခဒေါမနဿစသော အာဒီနဝလည်းကောင်း၊ နိဿရဏံစ၊ အရိယမဂ်နိဗ္ဗာန်ဟုဆိုအပ်သောနိဿရဏလည်းကောင်း၊ဖလံစ၊ ဒေသနာဖလလည်းကောင်း၊ ဥပါယောစ၊ အရိယမဂ်၏ အာသန္နကာရဏ ဖြစ်သော ပုဗ္ဗဘာဂပဋိပဒါ လည်းကောင်း၊ ယောဂီနံ၊ယောဂီပုဂ္ဂိုလ်တို့၏၊ အဇ္ဈာသယ၊အကျိုး၌၊ဘဂဝတော၊ မြတ်စွာဘုရား၏၊ အာဏတ္တိစ၊ ဝေနေယျတို့၏တိုက်တွန်းခြင်းအာဏာအစီအရင်လည်းကောင်း၊ ယောသံဝဏ္ဏနာဝိသေသော၊ အကြင်သံဝဏ္ဏနာအထူးသည်၊ ဧတေသံအဿာဒါဒီနံ၊ ဤအဿာဒအစရှိကုန်သောခြောက်ပါးကုန်သောသဘာဝတို့ကို၊ဝိဘဇ္ဇနလက္ခဏော၊ ဝေဘန်ခြင်းလက္ခဏာရှိ၏၊ သောသံဝဏ္ဏနာဝိသေသော၊ထိုသံဝဏ္ဏနာအထူးသည်၊ဒေသနာဟာရော၊ ဒေသနာဟာရမည်၏၊ ဣတိ၊ဤသို့၊အာဟ၊ မိန့်တော်မူ၏၊ ။ဒေသနာဟာရော၊ ဒေသနာ ဟာရကို၊နိယုတ္တော၊ပါဠိတော်မှထုတ်၍ယှဉ်စေအပ်၏ ၊

---

## ၅—ဝိစယဟာရဝိဘင်္ဂ၊

တတ္ထ၊ထိုဟာရတို့တွင်၊ဝိစယောဟာရော၊ ဝိစယဟာရသည်၊ ကတမော၊အဘယ်နည်း၊ယံပုစ္ဆိတဉ္စဝိဿဇ္ဇိတဉ္စာတိ၊ ယံပုစ္ဆိတဉ္စဝိဿဇ္ဇိတဉ္စ ဟူ၍၊ ယာဂါထာ၊ အကြင်ဂါထာကို၊ မယာ၊ငါသည်၊ဝုတ္တာ၊ ဆိုအပ်၏၊ အယံ၊ ဤဂါထာသည်၊ ဝိစယောဟာရော၊ ဝိစယဟာရမည်၏၊ သော၊ ထိုဝိစယဟာရသည်၊ ကိံ၊အဘယ်ကို၊ ဝိစိနတိ၊ ရွေးချယ်စိစစ်သနည်း၊ ပဒံ၊ပုဒ်ကို၊ဝိစိနတိ၊ရွေးချယ်စိစစ်၏၊ပဉှံ၊ပြဿနာကို၊ ဝိစိနတိ၊ရွေးချယ်စိစစ်၏၊ဝိဿဇ္ဇနံ၊ အဖြေကို၊ ဝိစိနတိ၊ရွေးချယ်စိစစ်၏၊ ပုဗ္ဗာပရံ၊ရှေ့စကားနောက်စကားကို၊ ဝိစိနတိ၊ ရွေးချယ်စိစစ်၏၊ အဿာဒံ၊အဿာဒကို၊ဝိစိနတိ၊ရွေးချယ်စိစစ်၏၊ အာဒီနဝံ၊အာဒီနဝကို၊ဝိစိနတိ၊ရွေးချယ်စိစစ်၏၊နိဿရဏံ၊နိဿရဏကို၊ ဝိစိနတိ၊ရွေးချယ်စိစစ်၏၊ ဖလံ၊ဒေသနာဖလကို၊ဝိစိနတိ၊ရွေးချယ်စိစစ်၏၊ဥပါယံ၊ဥပါယကို၊ ဝိစိနတိ၊ရွေးချယ်စိစစ်၏၊အာဏတ္တိံ၊အာဏတ္တိကို၊ဝိစိနတိ၊ရွေးချယ်စိစစ်၏၊အနုဂီတိံ၊ရှေးဆိုပြီးသည်ကို၊

ဝိဓိနတိ ၊ ရွေးချယ်ဝိစစ်၍၊ သမ္ဗေ၊ ခပ်သိမ်းကုန်သော၊ နဝသုတ္တန္တေ၊ သုတ္တ ဂေယျစသောကိုးပါးသောသုတ္တန်တို့ကို၊ ဝိဓိနတိ၊ ရွေးချယ်ဝိစစ်၍၊ ယထာ ယေနပကာရေန၊ အကြင်သို့သော အပြားအားဖြင့်၊ သောဝိစယော၊ ထိုဝိစ ယဟာရကို၊ ပဝတ္တတမွော၊ ဖြစ်စေအပ်၏၊ တံပကာရဇာတံ၊ ထိုသို့ဝိစယ ကိုဖြစ်စေခြင်း၏အကြောင်းဖြစ်သော အပြားသဘောသည်၊ ကိံ၊ အဘယ် သို့သဘောရှိသနည်း၊ အာယသ္မာ၊ အဇိတော၊ အရှင်အဇိတသည်။ ပါရာယ နေ၊ ပါရာယနသုတ်တို့၌၊ ဘဂဝန္တံ၊ မြတ်စွာဘုရားကို၊ ပဥှံ၊ ပြဿနာကို၊ ပုစ္ဆ တိ၊ မေး၏၊ ကိံ၊ အဘယ်သို့၊ အဇိတော၊ အဇိတသည်၊ ပုစ္ဆတိ၊ မေးသ နည်း၊ ဘောဂေါတမ၊ အရှင်ဂေါတမ၊ ကေန၊ အဘယ်တရားသည်၊ လော ကော၊ သတ္တလောကကို၊ နိဝုတော၊ ဖုံးလွှမ်းပိတ်ပင်အပ်သနည်း၊ ကေန၊ အဘယ်တရားကြောင့်၊ လောကော၊ သတ္တလောကသည်၊ နပ္ပကာသတိ၊ မထင်သနည်း၊ အဿ၊ ထိုသတ္တလောကအား၊ ကိံ၊ အဘယ်မည်သော၊ အဘိ လေပနံ၊ လိမ်းကျံခြင်းကို၊ တွံ၊ အရှင်ဘုရားသည်၊ ဗြူသိ၊ ဟောတော်မူသ နည်း၊ အဿလောကဿ၊ ထိုသတ္တလောက၏၊ ကိံ၊ အဘယ်မည်သော၊ မဟဗ္ဘယံ၊ ကြီးသောဘေးသည်၊ ဟောတိ၊ ဖြစ်သနည်း၊ ဣတိ၊ ဤသို့၊ အာယ သ္မာ၊ အဇိတော၊ အရှင်အဇိတသည်၊ ပုစ္ဆတိ၊ မေး၏၊ စတ္တာရိ၊ လေးပါးကုန် သော၊ ဣမာနိပဒါနိ၊ ဤဝါကျတို့ကို၊ ပုစ္ဆိတာနိ၊ ပုစ္ဆာ၏ အဖြစ်ဖြင့်ဆိုအပ် ကုန်ပြီးသော၊ ထိုပုစ္ဆာ၏အဖြစ်ဖြင့်ဆိုအပ်ကုန်သောလေးဝါကျတို့ဖြင့်မေး အပ်သော အနက်သည်၊ ဧကောပဥှော၊ တခုသော ပဥှာသည်၊ ဟောတိ၊ ဖြစ်၏၊ ကသ္မာ၊ အဘယ်ကြောင့်၊ ဧကောပဥှော၊ တခုသော ပဥှာသည်၊ ဟော တိ၊ ဖြစ်သနည်း၊ ဧကဝတ္ထုပရိဂ္ဂဟာ၊ တခုသော လောကဟူသောတည်ရာ ဝတ္ထုကို သိမ်းဆည်းသောကြောင့်၊ ဧကောပဥှော၊ တခုသောပဥှာသည်၊ ဟောတိ၊ ဖြစ်၏၊ ဟိတဒေဝယုတ္တံ၊ ထိုစကားသည်လျှင်သင့်၏၊ ဧဝံဣမေဟိ စတူဟိပဒေဟိ၊ ဤလေးဝါကျတို့ဖြင့်၊ အာယသ္မာ၊ အဇိတော၊ အရှင်အဇိတ သည်၊ ဧကတ္ထံ၊ တခုသောအနက်ကို၊ အာဟပုစ္ဆတိ၊ မေး၏၊ ကေန၊ အဘယ် ဝါကျဖြင့်၊ ပုစ္ဆတိ၊ မေးသနည်း၊ ကေနဿုနိဝုတောလောကောတိ ဣမိနာ၊ ကေနဿုနိဝုတောလောကောဟူသော ဤဝါကျဖြင့်၊ လောကာဓိဋ္ဌာနံ၊ လော ကဟူသောတည်ရာကို၊ ပုစ္ဆတိ၊ မေး၏၊ ကေနဿုနပ္ပကာသတီတိ ဣမိနာ၊ ကေနဿုနပ္ပကာသတိ ဟူသော ဤဝါကျဖြင့်၊ လောကဿ၊ လောက၏၊ အပ္ပကာသနံ၊ မထင်ရှားခြင်းကို၊ ပုစ္ဆတိ၊ မေး၏၊ ကိံသာဘိလေပနံ ဗြူသီတိ ဣမိနာ၊ ကိံသာဘိလေပနံ ဗြူသိ ဟူသော ဤဝါကျဖြင့်၊ လောကဿ၊ လော

http://www.dhammadownload.com



ကကို၊ အဘိညာယ၊ ဝိသိဌ္ဌ္ဂ၊ ပကာသိတ၊ မိုးပ၍၊ ကိသုတေသမဟာဇ္ဇ
ယနိတ္ထတ္ထမိနှ၊ ကိသုတေသမဟာဇ္ဇနာမ္ဟုသောဤဝါကျဖြင့်၊ တသေပဝလော
ကသ၊ ထိုလောက၏သော်ချင်း၊ မဟာဇ္ဇယံ၊ ကြီးစွာသော ဘေးကို၊ ပုစ္ဆတိ၊ မေး
၏၊ လောကော၊ လောကသည်၊ တိဝိဓော၊ သုံးပါးအပြားရှိ၏၊ ကိလေသလော
ကော၊ အပါယ်သတ္တဝါဟုဆိုအပ်သော ကိလေသလောက ရင်း၊ ဘဝလော
ကော၊ အပါယ်မှတပါးသော သတ္တဝါဟုဆိုအပ်သော ဘဝလောကလည်း
ကောင်း၊ ဣန္ဒြိယလောကော၊ ဝိရတ္တိကိုရင့်စေတတ်ပြီးစေတတ်သော သဒ္ဓါစ
သော ဣန္ဒြေနှင့်ပြည့်စုံသော သတ္တဝါဟု ဆိုအပ်သော ဣန္ဒြိယ လောကရင်း၊
ဣတိ၊ ဤသို့၊ တိဝိဓော၊ သုံးပါးအပြားရှိ၏၊ ၊ တတ္ထ၊ ထိုပုစ္ဆာ၌၊ ဝိဿဇ္ဇနာ၊
အဖြေကို၊ ဧဝံ၊ ဤသို့၊ ဝေဒိတဗ္ဗာ သိအပ်၏၊ ၊ ကထံ၊ အဘယ်သို့၊ ဝေဒိတ
ဗ္ဗာ၊ သိအပ်သနည်း၊ အဝိဇ္ဇာ၊ အဝိဇ္ဇာ၊ အဝိဇ္ဇာယ၊ အဝိဇ္ဇာသည်၊ လောကော၊
သတ္တလောကကို၊ နိဝုတော၊ ဖုံးလွှမ်းပိတ်ပင်အပ်၏၊ ဝိဝိစ္ဆာ၊ ယုံမှား ခြင်း
ကြောင့်၊ ပမာဒါ၊ မေ့လျော့ခြင်းကြောင့်၊ လောကော၊ လောကသည်၊ နပ္ပကာ
သတိ မထင်၊ လောကဿ၊ လောကကို၊ ဇပ္ပါဘိလေပနံ၊ တဏှာဖြင့်လိမ်း
ကျံခြင်းကို၊ ဗြူမိ၊ ငါဟော၏၊ ဒုက္ခံ၊ ဇာတိအစရှိသော ဝဋ်ဆင်းရဲသည်၊
အဿ၊ ထိုလောက၏၊ မဟာဘယံ၊ ကြီးစွာသောဘေးသည်၊ ဟောတိ၊ ဖြစ်၏၊
ဣတိ၊ ဤသို့၊ ဝေဒိတဗ္ဗာ၊ သိအပ်၏၊ ၊ ဣမာနိ စတ္တာရိ ပဒါနိ၊ ပုစ္ဆာဂါထာ
၌ဟောအပ်ကုန်သော ဤဝါကျတို့ကို၊ ဣမေဟိ စတူဟိ ပဒေဟိ၊ ဝိဿဇ္ဇနာ
ဂါထာ၌ဟောအပ်ကုန်သော ဤလေးဝါကျတို့ဖြင့်၊ ဝိဿဇ္ဇိတာနိ၊ ဖြေအပ်ကုန်
ပြီ၊ ပဌမံ၊ ပုစ္ဆာဂါထာ၌ဟောအပ်သောပဌမဝါကျကို၊ ပဌမေန၊ ဝိဿဇ္ဇနာဂါ
ထာ၌ဟောအပ်သောပဌမဝါကျဖြင့်၊ ဒုတိယံ၊ ပုစ္ဆာဂါထာ၌ဟောအပ်သော
ဒုတိယဝါကျကို၊ ဒုတိယေန၊ ဝိဿဇ္ဇနာဂါထာ၌ ဟောအပ်သောဒုတိယ
ဝါကျဖြင့်၊ တတိယံ၊ ပုစ္ဆာဂါထာ၌ဟောအပ်သော တတိယဝါကျကို၊ တတိ
ယေန၊ ဝိဿဇ္ဇနာဂါထာ၌ ဟောအပ်သော တတိယဝါကျဖြင့်၊ စတုတ္ထံ၊
ပုစ္ဆာဂါထာ၌ ဟောအပ်သောစတုတ္ထဝါကျကို၊ စတုတ္ထေန၊ ဝိဿဇ္ဇနာ
ဂါထာ၌ဟောအပ်သောစတုတ္ထဝါကျဖြင့်၊ ဝိဿဇ္ဇိတံ၊ ဖြေအပ်၏၊ ၊ ကေ
နဿုနိဝုတော လောကောတိ ပဒေ၊ ကေနဿုနိဝုတော လောကောဟူသော
ပုစ္ဆာ၌၊ အဝိဇ္ဇာယ၊ အဝိဇ္ဇာသည်၊ လောကော၊ သတ္တလောကကို၊ နိဝုတော၊
ဖုံးလွှမ်းပိတ်ပင်အပ်၏၊ ဣတိ၊ ဤသို့၊ ဝိဿဇ္ဇနာ၊ အဖြေသည်၊ ဟောတိ၊ ဖြစ်
၏၊ နိဝရဏေဟိ နိဝုတတ္တာသည်၊ လောကော၊ သတ္တလောကကို၊ နိဝုတော၊
ဖုံးလွှမ်းအပ်၏၊ ဟိ၊ သင့်စွ၊ သဗ္ဗေသတ္တာ၊ ခပ်သိမ်းသော သတ္တဝါတို့သည်၊

http://www.dhammadownload.com



အဝိဇ္ဇာနီဝရဏာ၊ အဝိဇ္ဇာဟူသော နီဝရဏာရှိကုန်၍၊ ယထာကိံ ဝစနံ၊အဆ
အဘာယ်ကဲ့သို့သောစကားကို၊ဘဂဝါ၊မြတ်စွာဘုရားသည်၊ အာဟ၊ဟော
တော်မူသနည်း၊ ဘိက္ခဝေ၊ရဟန်းတို့၊သဗ္ဗသတ္တာနံ၊ ခပ်သိမ်းသော အာရုံနှိ
တပ်တတ်သောသတ္တဝါတို့အား၊သဗ္ဗပါဏာနံ၊ခပ်သိမ်းသော ထွက်သက်
ဝင်သက်၌အကျုံးဝင်ကုန်သော သတ္တဝါတို့အား၊ သဗ္ဗဘူတာနံ၊ခပ်သိမ်း
သောကြီးပွါးပြီးကြီးပွါးဆဲသောသတ္တဝါတို့အား၊ ယဒိဒံယာအယံအဝိဇ္ဇာ၊
အကြင်အဝိဇ္ဇာသည်၊အတ္ထိ၊ရှိ၏၊ ဧကမေဝ၊တရသာလျှင် ဖြစ်သော ဧတံ၊
ဤအဝိဇ္ဇာကို၊ ပရိယာယတော၊ ကာမဆန္ဒနီဝရဏာ စသည်တို့၏ ထည်း
အကြောင်းဖြစ်သောကြောင့်၊နီဝရဏံ၊အဖုံးအလွှမ်းဟူ၍၊ဘဂဝါ၊မြတ်စွာ
ဘုရားသည်၊ဝဒါမိ၊ဟောတော်မူ၏၊ဟိကသ္မာ၊ အဘယ်ကြောင့်နည်းဟူမူ
ကား။ သဗ္ဗေသတ္တာ၊ခပ်သိမ်းသော သတ္တဝါတို့သည်၊ အဝိဇ္ဇာနီဝရဏာ၊အဝိ
ဇ္ဇာဟူသောအဖုံးအလွှမ်းရှိကုန်၏၊ တသ္မာ၊ထိုကြောင့်တည်း၊ ဘိက္ခဝေ၊
ရဟန်းတို့၊သဗ္ဗသော၊ အချင်းခပ်သိမ်းအားဖြင့်လျှင်၊ အဝိဇ္ဇာယ၊အဝိဇ္ဇာ
၏၊ နိရောဓာ၊ ချုပ်ခြင်းကြောင့်၊ အဝိဇ္ဇာယ၊ အဝိဇ္ဇာကို၊ စာဂါ၊စွန့်ခြင်း
ကြောင့်၊ ပဋိနိဿဂ္ဂါ၊လွတ်ခြင်းခွါခြင်းကြောင့်၊ သတ္တာနံ၊သတ္တဝါတို့အား၊
နီဝရဏံ၊နီဝရဏာသည်၊နတ္ထိ၊မရှိ။ဗြူမိ၊ဤသို့၊အဟံ၊ငါဘုရားသည်။ဝဒါမိ၊
ဟောတော်မူ၏၊ ဗြူမိ၊ဤသို့၊ဘဂဝါ၊ မြတ်စွာဘုရားသည် ။ အာဟ၊ဟော
တော်မူ၏၊တေနစ၊ထိုသို့ သတ္တလောက၏အဝိဇ္ဇာနီဝရဏာ ရှိသောကြောင့်
သာလျှင်။ပဋ္ဌမသော၊ ပဋ္ဌမဖြစ်သော၊ပဒဿ၊ ပုဗ္ဗာဂါထာ၌ဟောအပ်သော
ကေနဿုနိဝုတော လောကော ဟူသောဝါကျ၏၊ ဝိဿဇ္ဇနာ၊ အဝိဇ္ဇာယ
နိဝုတောဟူသော ဝိဿဇ္ဇနာသည်၊ ယုဇ္ဇာယောဇိတာ၊ ယှဉ်အပ်သည်၊
ဟောတိ၊ ဖြစ်၏၊ ၊ကေနဿု နပ္ပကာသတိ တိတိပဋ္ဌေ၊ ကေနဿုနပ္ပကာ
သတိဟူသော ဒုတိယပဋ္ဌာ၌၊ ဝိဝိစ္ဆာပမာဒါ နပ္ပကာသတိတိ၊ ဝိဝိစ္ဆာပ
မာဒါ နပ္ပကာသတိ ဟူသော၊ ဝိဿဇ္ဇနာ၊ ဝိဿဇ္ဇနာသည်၊ ဟောတိ၊
တတ္ထ၊ ထိုနှစ်ဆဲ့ရှစ်ပါးသော သုတ်တို့တွင်၊ ဒဿနဉ္စ၊ ဒဿနလည်းဖြစ် သော၊ ဘာဝနာစ၊ ဘာဝနာလည်းဖြစ်သော၊ သုတ္တံ၊ သုတ်သည်၊ ကတမံ၊ အဘယ်နည်း၊ ပဉ္စ၊ ငါးပါးကုန်သော ဩရမ္ဘာဂိယသံယောဇဉ်တို့ကို၊ ဆိန္ဒေ၊ ဖြတ်ရာ၏၊ ပဉ္စ၊ ငါးပါးကုန်သော ဥဒ္ဓံဘာဂိယသံယောဇဉ်တို့ကို၊ ဇဟေ၊ စွန့်ရာ၏၊ ဣတိဣဒံ၊ ဤဓမ္မပဒပါဠိသည်၊ ဒဿနံ၊ ဒဿနသုတ်မည်၏၊ ပဉ္စ၊ ငါးပါးကုန်သောဣန္ဒြေတို့ကိုလည်း၊ ဥတ္တရိ၊ အလွန်၊ ဘာဝယေ၊ ပွါးစေရာ၏၊ ပဉ္စသင်္ဂါတိဂေါ၊ ရာဂဒေါသမောဟ မာနဒိဋ္ဌိအားဖြင့် ငါးပါးသောကပ်ငြိခြင်းတို့ကို၊ ဘိက္ခု၊ ရဟန်းကို၊ ဩဃတိဏ္ဏောတိ၊ ဩဃကိုကူးမြောက်ပြီးသောရဟန်းဟူ၍၊ ဝုစ္စတိ၊ ဆိုအပ်၏၊ ဣတိအယံ၊ ဤဓမ္မပဒပါဠိသည်၊ ဘာဝနာ၊ ဘာဝနာသုတ်မည်၏၊ ဣဒံ သုတ္တံ၊ ဤပါဠိသည်၊ ဒဿနဉ္စ၊ ဒဿနလည်း မည်၏၊ ဘာဝနာစ၊ ဘာဝနာလည်းမည်၏၊ ဘိက္ခဝေ၊ ရဟန်းတို့၊ ဣန္ဒြိယာနိ၊ ဣန္ဒြေတို့သည်၊ တီဏိမာနိ တီဏိ၊ ဤသုံးပါးတို့တည်း၊ ကတမာနိတီဏိ၊ အဘယ်သုံးပါးတို့နည်းဟူမူကား၊ အနညာတညဿာမိတိန္ဒြိယံ၊ အနညာတညဿာမိတိန္ဒြေလည်းကောင်း၊ အညိန္ဒြိယံ၊ အညိန္ဒြေလည်းကောင်း၊ အညာတာဝိန္ဒြိယံ၊ အညာတာဝိန္ဒြေလည်းကောင်း၊ ဣမာနိတီဏိ၊ ဤသုံးပါး တို့တည်း၊ ဘိက္ခဝေ၊ ရဟန်းတို့၊ ကတမဉ္စ၊ အဘယ်တရားသည်လျှင်၊ အနညာတညဿာမိတိန္ဒြိယံ၊ အနညာတညဿာမိတိန္ဒြေမည်သနည်း၊ ဘိက္ခဝေ၊ ရဟန်းတို့၊ ဣဓ၊ ဤသာသနာတော်၌၊ ဘိက္ခု၊ ရဟန်းသည်၊ အနဘိသမေတဿ၊ မသိအပ်သေးသော၊ ဒုက္ခဿ၊ ဒုက္ခဖြစ်သော၊ အရိယသစ္စဿ၊ အရိယသစ္စာကို၊ အဘိသမယာယ၊ သိခြင်းငှါ၊ ဆန္ဒံ၊ ကုသိုလ်ဆန္ဒကို၊ ဇနေတိ၊ ဖြစ်စေ၏၊ ဝါယမတိ၊ လုံ့လပြု၏၊ ဝီရိယံ၊ လုံ့လကို၊ အာရဘတိ၊ အားထုတ်

http://www.dhammadownload.com



၏၊စိတ္တံ၊စိတ်ကို။ပဂ္ဂဏှာတိ၊ပြီးမြှောက်၏၊ ပဒဟတိ၊ အားထုတ်၏၊အနုတိ
သမေတသာ၊ မသိအပ်သေးသော၊ ဒုက္ခသမုဒယသာ၊ဒုက္ခ၏ ဖြစ်ကြောင်း
ဖြစ်သော၊ အရိယသစ္စသာ၊ အရိယသစ္စာကို၊(ပ)၊ ဒုက္ခနိရောဓသာ၊ဒုက္ခ၏
ချုပ်ရာဖြစ်သော၊(ပ)၊ဒုက္ခနိရောဓဂါမိနိယာပဋိပဒါယ၊ဒုက္ခ၏ချုပ်ရာနိဗ္ဗာန်
သို့ရောက်ကြောင်း အကျင့်ဖြစ်သော၊ အရိယသစ္စသာ၊အရိယသစ္စာကို၊အ
ဘိသမယာယ၊ သိခြင်းငှါ၊ ဆန္ဒံ၊ဆန္ဒကို၊ ဇနေတိ၊ဖြစ်စေ၏၊ ဝါယမတိ၊
လုံ့လပြု၏၊ဝီရိယံ၊လုံ့လကို၊ အာရဘတိ၊အားထုတ်၏၊ စိတ္တံ၊စိတ်ကို၊ပဂ္ဂ
ဏှာတိ၊ပြီးမြှောက်၏၊ပဒဟတိ၊အားထုတ်၏၊ ဘိက္ခဝေ၊ရဟန်းတို့၊ဣဒံ၊ဤ
ဆုံခြင်းသည်၊အနုပ္ပန္နာနံ ကုသလာနံ ဓမ္မာနံ ဥပ္ပါဒါယ အနုညာတညာသာမိတိန္ဒြိယံ၊ အနုညာတညာသာမိတိန္ဒြေမည်
၏၊ဣတိဣဒံ သုတ္တံ၊ ဤပါဠိသည်၊ ဒဿနံ၊ ဒဿနသုတ်မည်၏၊ ဘိက္ခဝေ၊
ရဟန်းတို့၊ကတမဉ္စ၊အဘယ်သည်လျှင်၊အညိန္ဒြိယံ၊ အညိန္ဒြေမည်သနည်း၊
ဘိက္ခဝေ၊ရဟန်းတို့၊ဣဓ၊ဤသာသနာတော်၌၊ ဘိက္ခု၊ရဟန်းသည်၊ဣဒံ၊ဤ
တဏှာ ကြွင်းသောတဘု မကာတရားအပေါင်းသည်၊ ဒုက္ခံ၊ဒုက္ခမည်၏၊
ဣတိ၊ဤသို့၊ ယထာဘူတံ၊မဖောက်မပြန်၊ပဇာနာတိ၊ အပြားအားဖြင့်သိ
၏၊အယံ၊ဤတဏှာသည်၊ ဒုက္ခသမုဒယော၊ဒုက္ခ၏ ဖြစ်ကြောင်းသမုဒယ
မည်၏၊ဣတိ၊ဤသို့၊ ယထာဘူတံ၊မဖောက်မပြန်၊ ပဇာနာတိ၊အပြားအား
ဖြင့်သိ၏၊ အယံ၊ ဤနိဗ္ဗာန်သည်၊ ဒုက္ခနိရောဓော၊ဒုက္ခနိရောဓ မည်၏၊(ပ)၊
အယံ၊ဤအရိယမဂ္ဂင်ရှစ်ပါးသည်၊ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ၊ဒုက္ခ၏ချုပ်
ရာနိဗ္ဗာန်သို့ ရောက်ကြောင်းအကျင့်မည်၏။ ဣတိ၊ ဤသို့၊ ယထာဘူတံ၊
မဖောက်မပြန်၊ပဇာနာတိ၊ အပြားအားဖြင့်သိ၏။ဘိက္ခဝေ၊ ရဟန်းတို့၊ဣဒံ၊
ဤဆုံခြင်းသည်၊အညိန္ဒြိယံ၊ အညိန္ဒြေမည်၏၊ ဘိက္ခဝေ ရဟန်းတို့။ ကတမံ၊
အဘယ်သည်လျှင်၊ အညာတာဝိန္ဒြိယံ၊ အညာတာဝိန္ဒြေမည်သနည်း၊ဘိက္ခ
ဝေ၊ရဟန်းတို့၊ဣဓ၊ဤသာသနာတော်၌၊ ဘိက္ခု၊ရဟန်းသည်၊ အာသဝါနံ၊
အာသဝေါတရားတို့၏၊ ခယာ၊ကုန်ခြင်းကြောင့်၊ အနာသဝံ၊အာသဝမရှိ
သော၊စေတောဝိမုတ္တိံ၊အနာဂါမိဖိုလ်ကို၊ပညာဝိမုတ္တိံ၊အရဟတ္တဖိုလ်ကို၊
ဒိဋ္ဌေဝဓမ္မေ၊မျက်မှောက်သောကိုယ်၏အဖြစ်၌သာလျှင်၊သယံ၊ကိုယ်တိုင်၊
အဘိညာ၊အဘိညာယ၊ထူးသောဉာဏ်ဖြင့်သိ၍၊သစ္ဆိကတွာ၊မျက်မှောက်
ပြု၍၊ဥပသမ္ပဇ္ဇ၊ပြည့်စုံစေ၍၊ ဝိဟရတိ၊နေ၏၊ ဇာတိ၊ပဋိသန္ဓေသည်၊ခီဏာ၊
ကုန်ပြီ၊ဖြဟ္မစရိယံ၊ မဂ်တည်းဟူသောသိတင်းသုံးခြင်းကို၊ ဝုသိတံ၊သုံး
အပ်ပြီ၊ကရဏီယံ၊ပြုဘွယ်ကိစ္စကို၊ကတံ၊ပြုအပ်ပြီ၊ ဣတ္ထတ္တာယ၊ဤတဆဲ့
ခြောက်ပါးသောမဂ်ကိစ္စအကျိုးငှါ၊ အပရံ၊တပါးသော ပြုဘွယ်ကိစ္စသည်၊

http://www.dhammadownload.com



နဋ္ဌိ၊ မရှိ။ ဣတိ၊ ဤသို့၊ ပဇာနာတိ၊ အပြားအားဖြင့်သိ၏၊ ဘိက္ခဝေ၊ ရဟန်းတို့၊ ဣဒံ၊ ဤဣန္ဒြေသည်၊ အညာတာဝိန္ဒြိယံ၊ အညာတာဝိန္ဒြေမည်၏၊ ဣတိ အယံ၊ ဤပါဠိသည်၊ ဘာဝနာ၊ ဘာဝနာသုတ်မည်၏၊ ဣဒံ သုတ္တံ၊ ဤပါဠိသည်၊ ဒဿနဉ္စ၊ ဒဿနလည်းမည်၏၊ ဘာဝနာစ၊ ဘာဝနာလည်းမည်၏၊ ။

တတ္ထ၊ ထိုနှစ်ဆဲ့ရှစ်ပါးသော သုတ်တို့တွင်၊ သကဝစနံ၊ သကဝစနသုတ်သည်၊ ကတမံ၊ အဘယ်နည်း၊ ။ သဗ္ဗပါပဿ၊ အလုံးစုံသောအကုသိုလ်ကို၊ ယံ အကရဏံ၊ အကြင်မပြုခြင်းသည်၊ ကုသလဿ၊ စတုဘူမကကုသိုလ်ကို၊ ယာ ဥပသမ္ပဒါ၊ အကြင်ပြည့်စုံစေခြင်း သည်လည်းကောင်း၊ ယံ သစိတ္တပရိယောဒပနံ၊ အကြင်မိမိစိတ်ကိုဖြူစင်စေခြင်းသည်လည်းကောင်း၊ အတ္ထိ၊ ရှိ၏၊ ဧတံ၊ ဤတရားသုံးပါးသည်၊ ဗုဒ္ဓါနံ၊ မြတ်စွာဘုရားတို့၏၊ သာသနံ၊ အဆုံးအမတော်တည်း၊ ဣဒံ သုတ္တံ၊ ဤသုတ်မဟာဝါပါဠိသည်၊ သကဝစနံ၊ သကဝစန သုတ်မည်၏။ ။ ဘိက္ခဝေ၊ ရဟန်းတို့၊ ယေဟိ၊ အကြင်သုံးပါးသော အကြောင်းတို့ဖြင့်၊ ဗာလံ၊ သူမိုက်ကို၊ ဗာလော ဣတိ၊ သူမိုက်ဟူ၍၊ ပရေ၊ တပါးသော သူတို့သည်၊ သဥ္ဇာနန္တိ၊ သိကုန်၏၊ ဣမာနိ တီဏိ၊ ဤသုံးပါးသော အကြောင်း တို့သည်၊ ဗာလဿ၊ သူမိုက်၏၊ ဗာလလက္ခဏာနိ၊ သူမိုက်ဟု မှတ်ကြောင်း တို့တည်း၊ ဗာလနိမိတ္တာနိ၊ သူမိုက်ဟုယူခြင်း၏ အကြောင်း တို့တည်း။ ဗာလာပဒါနာနိ၊ သူမိုက်၏ အခြေအမြစ်တို့တည်း။ ကတမာနိ တီဏိ၊ အဘယ်သုံးပါးတို့နည်းဟူမူကား၊ ဘိက္ခဝေ၊ ရဟန်းတို့၊ ဗာလော၊ သူမိုက်သည်၊ ဒုစ္စိန္တိတစိန္တီစ၊ မကောင်းသဖြင့်ကြံအပ်သောအဘိဇ္ဈာဗျာပါဒမိစ္ဆာဒိဋ္ဌိကို ကြံတတ်သည်လည်း၊ ဟောတိ၊ ဖြစ်၏၊ ဒုဗ္ဘာသိတဘာသီစ၊ မကောင်းသဖြင့်ဆိုအပ်သောမုသာဝါဒအစရှိသည်ကို ဆိုတတ်သည်လည်း။ ဟောတိ၊ ဖြစ်၏၊ ဒုက္ကဋကမ္မကာရီစ၊ မကောင်းသဖြင့် ပြုအပ်သောပါဏာတိပါတအစရှိသောအမှုကို ပြုတတ်သည်လည်း။ ဟောတိ၊ ဖြစ်၏၊ ဘိက္ခဝေ၊ ရဟန်းတို့၊ ဗာလဿ၊ မိုက်သောသူ၏၊ ဗာလလက္ခဏာနိ၊ သူမိုက်ဟု မှတ်ကြောင်းတို့သည်၊ ဗာလနိမိတ္တာနိ၊ သူမိုက်ဟုယူခြင်း၏ အကြောင်းတို့သည်၊ ဗာလာပဒါနာနိ၊ သူမိုက်၏ အခြေအမြစ်တို့သည်၊ ဣမာနိ ခေါ တီဏိ၊ ဤသုံးပါးတို့တည်း၊ ဘိက္ခဝေ၊ ရဟန်းတို့၊ ယေဟိ၊ အကြင်သုံးပါးသောအကြောင်းတို့ဖြင့်၊ ပဏ္ဍိတံ၊ ပညာရှိကို၊ ပဏ္ဍိတော ဣတိ၊ ပညာရှိဟူ၍၊ ပရေ၊ တပါးသောသူတို့သည်၊ သဥ္ဇာနန္တိ၊ ကောင်းစွာသိကုန်၏၊ ဣမာနိ တီဏိ၊ ဤသုံးပါးတို့သည်၊ ပဏ္ဍိတဿ၊ ပညာရှိသောသူ၏၊ ပဏ္ဍိတလက္ခဏာနိ၊ ပညာရှိဟုမှတ်ကြောင်းတို့တည်း။ ပဏ္ဍိတနိမိတ္တာနိ၊ ပညာရှိဟုယူခြင်း၏

http://www.dhammadownload.com



အကြောင်းတို့တည်း၊ ပဏ္ဍိတပဒါနာနိ၊ပညာရှိ၏ အခြေအမြစ်တို့တည်း၊ ကတမာနိတိဏိ၊ အဘယ်သုံးပါးတို့နည်းဟူမူကား၊ ဘိက္ခဝေ၊ရဟန်းတို့၊ ပဏ္ဍိတော၊ပညာရှိသည်။သုစိန္တိတစိန္တီစ၊ ကောင်းစွာကြံအပ်သောအနဘိဇ္ဈာစသည်ကိုကြံတတ်သည်လည်း၊ဟောတိ၊ဖြစ်၏၊သုဘာသိတဘာသီစ၊ ကောင်းစွာဆိုအပ်သော စကားကိုဆိုတတ်သည်လည်း၊ ဟောတိ၊ဖြစ်၏၊ သုကတကမ္မကာရီစ၊ကောင်းစွာ ပြုအပ်သော ပါဏာတိပါတ စသည်မှ ကြဉ်ခြင်းကို ပြုတတ်သည်လည်း၊ ဟောတိ၊ဖြစ်၏၊ ဘိက္ခဝေ၊ရဟန်းတို့၊ ပဏ္ဍိတဿ၊ပညာရှိ၏၊ပဏ္ဍိတလက္ခဏာနိ၊ပညာရှိဟုမှတ်ကြောင်းတို့သည် ပဏ္ဍိတနိမိတ္တာနိ၊ပညာရှိဟုယူခြင်း၏အကြောင်းတို့သည်၊ ပဏ္ဍိတပဒါနာနိ၊ပညာရှိ၏ အခြေအမြစ်တို့သည်၊ ဣမာနိခေါတိဏိ၊ ဤသုံးပါးတို့တည်း၊ ဣတိဣဒံသုတ္တံ၊ ဤအင်္ဂုတ္တရပါဠိသည်၊သကာဝစနံ၊သကာဝစနသုတ်မည်၏၊

တတ္ထ၊ ထိုနှစ်ဆဲ့ရှစ်ပါးသော သုတ်တို့တွင်၊ ပရဝစနံ၊ပရဝစနသုတ်သည်၊ ကတမံ၊ အဘယ်နည်း၊ ပထဝီသမော၊ မြေကြီးနှင့် တူသော၊ဗိုဒ္ဓတော၊ဖြန့်ကျယ်သောအရာသည်၊နတ္ထိ၊မရှိ၊ ပါတာလသမော၊အသူရာပြည်နှင့်တူသော၊နိန္နော၊ချိုင်းဝှမ်းရာအရပ်သည်၊နတ္ထိ၊မရှိ၊ မေရုသမော၊မြင့်မိုရ်တောင်နှင့်တူသော၊ဥန္နတော၊မြင့်သောအရပ်သည်။ နတ္ထိ၊မရှိ၊စက္ကဝတ္တိသမော၊စကြဝတေးမင်းနှင့်တူသော၊ပေါရိသော၊ယောကျာ်းသည်၊နတ္ထိ၊မရှိ၊ဣတိဣဒံသုတ္တံ၊ဤပါဠိသည်၊ပရဝစနံ၊ ပရဝစနသုတ်မည်၏၊ ၊ဒေဝါနမိန္ဒ၊သိကြားမင်း၊ သုဘာသိတေန၊ ကောင်းစွာဆိုအပ်သော စကားဖြင့်၊ဇယော၊အောင်ခြင်းသည်၊ ဟောတု၊ ဖြစ်စေ၊ဣတိ၊ဤသို့၊ ဝေပစိတ္တိ၊ဝေပစိတ္တိအသူရာသည်၊အာဟ၊ဆို၏၊ဝေပစိတ္တိ၊ဝေပစိတ္တိ အသူရာမင်း၊သုဘာသိတေန၊ကောင်းစွာ ဆိုအပ်သောစကားဖြင့်။ဇယော၊အောင်ခြင်းသည်၊ ဟောတု၊ဖြစ်စေ၊ဣတိ၊ဤသို့၊ ဒေဝါနမိန္ဒော၊ သိကြားမင်းသည်၊ အာဟ၊ ဆို၏၊ဝေပစိတ္တိ၊ဝေပစိတ္တိအသူရာမင်း၊ဂါထံ၊ဂါထာကို၊ ဘဏ၊ဆိုလော့၊ ဣတိ၊ဤသို့၊ ဒေဝါနမိန္ဒော၊ သိကြားမင်းသည်၊ အာဟ၊ဆို၏၊ ဘိက္ခဝေ၊ ရဟန်းတို့၊ အထခေါ၊ထိုအခါ၌၊ ဝေပစိတ္တိ၊ဝေပစိတ္တိအမည်ရှိသော၊အသုရိန္ဒော၊အသူရာသည်၊ဣမံဂါထံ၊ဤဂါထာကို၊အဘာသိ၊ဆို၏၊ကထံအဘာသိ၊အဘယ်သို့ဆိုသနည်း၊ဘိယျောဗာလာပကုဇ္ဈေယျုံ နောစဿပဋိသေဓကောတသ္မာဘုသေနဒဏ္ဍေနဓီရောဗာလံနိသေဓယေတိ၊ ဘိယျောဗာလာပကုဇ္ဈေယျုံ နောစဿပဋိသေဓကော တသ္မာဘုသေန ဒဏ္ဍေနဓီရော ဗာလံနိသေဓယေဟူ၍၊ အဘာသိ၊ဆို၏၊ ပဋိသေဓကော၊ တားမြစ်တတ်သောသူ

http://www.dhammadownload.com



သည်၊ နေ၁စသသနေ၁စေဆသ၊အကယ်၍မရှိခြားအံ့။ ဗာလာ၊လူမိုက်တို့
သည်၊ဘိယျော၊ လွန်စွာ၊ပကုဏ္ဍေယျုံ၊ ဆန့်ကျင် ကုန်ရာ၏၊ တသ္မာ၊ထို
ကြောင့်၊ မိရော၊ပညာရှိသည်၊ဗာလံ၊သူမိုက်ကို၊ ဘူသေန၊ပြင်းစွာသော၊
ဒဏ္ဍေန၊ဒဏ်ပေးသဖြင့်၊နိသေဓယေ၊တားမြစ်ရာ၏၊ ၊ဘိက္ခဝေ၊ရဟန်း
တို့၊ဝေပစိတ္တိနာ၊ဝေပစိတ္တိအမည်ရှိသော၊ အသုရိန္ဒေန၊အသုရာမင်းသည်၊
ဂါထာယ၊ဂါထာကို၊ ဘာသိတာယခေါ၊ ဆိုအပ်သည်ရှိသော်၊အသုရာ၊အ
သုရာတို့သည်၊အနုမောဒိံသု၊ဝမ်းမြောက်ကုန်၏၊ဒေဝါ၊ တာဝတိံသာနတ်
တို့သည်၊တုဏှီ၊ဆိတ်ဆိတ်၊ အဟေသုံ၊ဖြစ်ကုန်၏၊ ဘိက္ခဝေ၊ရဟန်းတို့၊အ
ထခေါ၊ထိုအခါ၌၊ဝေပစိတ္တိ၊ဝေပစိတ္တိအမည်ရှိသော၊ အသုရိန္ဒော၊အသုရာ
မင်းသည်၊ဒေဝါနမိန္ဒံ၊ နတ်တို့ကိုအစိုးရသော၊ သက္ကံ၊သိကြားကို၊ဒေဝါန
မိန္ဒ၊သိကြားမင်း၊ဂါထံ၊ဂါထာကို၊ဘဏ၊ဆိုလော့၊ဣတိ၊ ဤသို့၊တော်ဝစနံ၊
ဤစကားကို၊ အဝေါစ၊ဆို၏၊ ၊ဘိက္ခဝေ၊ရဟန်းတို့၊ အထခေါ၊ထိုအခါ
၌၊ဒေဝါနမိန္ဒော၊နတ်တို့ကို အစိုးရသော၊ သက္ကော၊သိကြားမင်းသည်၊ဣမံ
ဂါထံ၊ဤဂါထာကို၊ အဘာသိ၊ဆိုလေ၏၊ကထံအဘာသိ၊ အဘယ်သို့ဆို
သနည်း၊ ၊ဧတဒေဝအဟံဗာလဿပဋိသေဓနံမညေ၊ဃောပရံသင်္ကုပိတံဥတွာယော
သတော ဥပသမ္မတီတိ၊ ဧတဒေဝအဟံဗာလဿ ပဋိသေဓနံမညေ၊ ယောပရံသင်္ကုပိတံ
ဥတွာယော သတော ဥပသမ္မတိဟူ၍၊အဘာသိ၊ဆို၏၊ သင်္ကုပိတံ၊အမျက်
ထွက်သော၊ ပရံ၊ဆန့်ကျင်ဘက်ရန်သူကို၊ဉတွာ၊ သိ၍၊ယော၊အကြင်သူ
သည်၊သတော သတိနှင့်ပြည့်စုံသည်ဖြစ်၍၊ဥပသမ္မတိ၊အမျက်မထွက်ငြိမ်
သက်စွာနေ၏၊တဿ၊ထိုသူ၏၊ဧတဒေဝ၊ ထိုအမျက်မထွက်ငြိမ်သက်စွာ
နေခြင်းကိုသာလျှင်၊ ဗာလဿ၊သူမိုက်အား၊ ပဋိသေဓနံ၊တားမြစ်ခြင်းဟူ
၍၊အဟံ၊ငါသည်၊ မညေ၊မညာမိ၊ အောက်မေ့၏၊ ၊ဘိက္ခဝေ၊ရဟန်းတို့၊
ဒေဝါနမိန္ဒေန၊နတ်တို့ကိုအစိုးရသော၊ သက္ကေန၊သိကြားမင်းသည်၊ဂါထာ
ယ၊ဂါထာကို၊ ဘာသိတာယခေါ၊ ဆိုအပ်သည် ရှိသော်၊ ဒေဝါ၊နတ်တို့
သည်၊ အနုမောဒိံသု၊ ဝမ်းမြောက်ကုန်၏၊ အသုရာ၊ အသုရာတို့သည်၊
တုဏှီ၊ဆိတ်ဆိတ်၊ အဟေသုံ၊ဖြစ်ကုန်၏၊ ဘိက္ခဝေ၊ရဟန်းတို့၊ အထခေါ၊
ထိုအခါ၌၊ ဒေဝါနမိန္ဒော၊နတ်တို့ကို အစိုးရသော၊ သက္ကော၊ သိကြားမင်း
သည်၊ဝေပစိတ္တိံ၊ဝေပစိတ္တိအမည်ရှိသော၊အသုရိန္ဒံ၊အသုရာမင်းကို၊ဝေပ
စိတ္တိ၊ဝေပစိတ္တိအသုရာမင်း၊ဂါထံ၊ဂါထာကို၊ဘဏ၊ဆိုလော၊ဣတိ၊ဤသို့၊
တော်ဝစနံ၊ ဤစကားကို၊ အဝေါစ၊ဆို၏၊ ဘိက္ခဝေ၊ရဟန်းတို့၊အထခေါ၊
ထိုအခါ၌၊ ဝေပစိတ္တိ၊ ဝေပစိတ္တိအမည်ရှိသော၊ အသုရိန္ဒော၊ အသုရာမင်း

http://www.dhammadownload.com



သည်၊ဇွတ်ဓံဂါထံ၊ ဤဂါထာကို၊ အဘာသိ၊ဆိုၿ၏၊ ကထံအဘာသိ၊အဘယ်
သို့ဆိုသနည်း၊ တေဒေဝတိုတိက္ခာယဝဇ္ဇံ ပဿာမိဝါသဝ ယဒါနံမညတိ
ဗာလောဘာယာမျာယံ တိတိက္ခတိ အဇ္ဈာရူပာတိ ဒုမ္မေဓောဂေါဝဘိယျော
ပလာယိနန္တိ၊တေဒေဝတိတိက္ခာယဝဇ္ဇံပဿာမိဝါသဝယဒါနံမညတိဗာ
လောဘာယာမျာယံတိတိက္ခတိအဇ္ဈာရူပာတိ ဒုမ္မေဓောဂေါဝဘိယျောပလာ
ယိနံဟူ၍၊ အဘာသိ၊ ဆို၏၊ ၊ဝါသဝ၊ သိကြားမင်း၊၊ ယဒါ၊အကြင်
အခါ၌၊ နံ၊ထိုအမျက်မထွက်သည်းခံ၍ နေသောသူကို၊ အယံ၊ဤသူသည်၊
မေ၊ငါ့မှ၊ ဘယာ၊ ကြောက်ခြင်းကြောင့်၊ တိတိက္ခတိ၊သည်းခံ၏၊ ဇွတိ၊
ဤသို့၊ဗာလော၊သူမိုက်သည်၊ မညတိ၊မှတ်ထင်၏၊ တဒါ၊ထိုအခါ၌၊ဒုမ္မေ
ဓော၊ ပညာမဲ့သော၊သော ဗာလော၊ထိုသူမိုက်သည်၊ ဘိယျော၊လွန်စွာ၊
အဇ္ဈာရူပာတိ၊ဖိစီးလွှမ်းမိုးအစိုးတရနှိပ်စက်တတ်၏၊ ကိမိဝ၊အဘယ်ကဲ့
သို့နည်းဟူမူကား၊ပလာယိနံ၊ကြောက်၍ပြေးသောနွားကို၊ဂေါ၊နွားအပေါင်း
သည်၊ဘိယျော၊လွန်စွာ၊အဇ္ဈာရူပာတိဇွဝ၊ ဖိစီးလွှမ်းမိုးအစိုးတရနှိပ်စက်
သကဲ့သို့တည်း၊ဇွတိ၊ဤသို့၊တိတိက္ခာယ၊သည်းခံခြင်း၌၊တေဒေဝဝဇ္ဇံ၊ထို
အပြစ်ကိုသာလျှင်၊အဟံ၊ငါသည်၊ပဿာမိ၊မြင်၏၊ ၊ဘိက္ခဝေ၊ ရဟန်း
တို့၊ဝေပစိတ္တိနာ၊ဝေပစိတ္တိအမည်ရှိသော၊ အသုရိန္ဒေန၊အသုရာမင်းသည်၊
ဂါထာယ၊ဂါထာကို၊ဘာသိတာယခေါပန၊ဆိုအပ်သည်ရှိသော်ကား၊အသု
ရာ၊အသုရာတို့သည်၊အနုမောဒိံသု၊ ဝမ်းမြောက်ကြကုန်၏၊ ဒေဝါ၊ တာဝ
တိံသာနတ်တို့သည်၊တုဏှီ၊ဆိတ်ဆိတ်၊အဟေသုံ၊ဖြစ်ကုန်၏၊ အထခေါ၊
ထိုအခါ၌၊ဝေပစိတ္တိ၊ ဝေပစိတ္တိအမည်ရှိသော၊ အသုရိန္ဒော၊ အသုရာမင်း
သည်၊ဒေဝါနမိန္ဒံ၊နတ်တို့ကို အစိုးရသော၊ သက္ကံ၊သိကြားမင်းကို၊ ဒေဝါ
နမိန္ဒ၊သိကြားမင်း၊ဂါထံ၊ဂါထာကို၊ဘဏ၊ဆိုလော၊ ဇွတိ၊ဤသို့၊ ဝေါစ
နံ၊ဤစကားကို၊အဝေါစ၊ဆို၏၊ဘိက္ခဝေ၊ရဟန်းတို့၊ အထခေါ၊ ထိုအခါ၌၊
ဒေဝါနမိန္ဒော၊နတ်တို့ကိုအစိုးရသော၊ သက္ကော၊ သိကြားမင်းသည်၊ ဇွမာ
ဂါထာယော၊ဤဂါထာတို့ကို၊အဘာသိ၊ဆို၏၊ကထံအဘာသိ၊အဘယ်သို့
ဆိုသနည်း၊ကာမံမညတုမာဝါ(ပ)၊အကောဝိဒါတိ၊ကာမံမညတုမာဝါ(ပ)၊
အကောဝိဒါဟူ၍၊အဘာသိ၊ဆို၏၊ ၊အသုရိန္ဒ၊အသုရာမင်း၊အယံ၊ဤသူ
သည်၊မေ၊ငါ့မှ၊ ဘယာ၊ကြောက်ခြင်းကြောင့်၊ တိတိက္ခတိ၊ သည်းခံ၏၊
ဇွတိ၊ဤသို့၊ကာမံ၊စင်စစ်၊မညတုဝါ၊မှတ်ထင်သည်မူလည်းဖြစ်စေ၊မာဝါ
မညတု၊မမှတ်ထင်သည်မူလည်းဖြစ်စေ၊ အတ္ထာ၊ အကျိုးစီးပွါးတို့သည်၊
သဒတ္ထပရမာ၊မိမိအကျိုးစီးပွါးသာလျှင်အလွန်အမြတ်ရှိကုန်၏၊ တော၊ထို

http://www.dhammadownload.com



အကျိုးစီးပွါးတို့တွင်၊ ခန္တျာခန္တိယာ၊ သည်းခံခြင်းထက်၊ ဘိယျော၊ လွန်မြတ်သောအကျိုးစီးပွါးသည်၊ နဝိဇ္ဇတိ၊ မရှိ၊ ။ယော၊ အကြင်သူသည်၊ ဟဝေ၊ စင်စစ်၊ ဗလဝါ၊ အားကြီးသည်၊ သန္တော၊ ဖြစ်လျက်၊ ဒုဗ္ဗလဿ၊ အားနည်းသောသူအား၊ တိတိက္ခတိ၊ သည်းခံ၏၊ တဿ၊ ထိုသူ၏၊ တံ၊ ထိုသည်းခံခြင်းကို၊ ပရမံ၊ လွန်မြတ်သော၊ ခန္တိံ၊ သည်းခံခြင်းဟူ၍၊ အာဟု၊ ဆိုကုန်ပြီ၊ ဒုဗ္ဗလဿ၊ အားနည်းသောသူသည်၊ နိစ္စံ၊ အမြဲ၊ ခမတိ၊ သည်းခံရ သယ်ချင်ကတည်း ။ယဿ၊ အကြင်သူမိုက်အား၊ ဗာလဗလံ၊ သူမိုက်အားသည်၊ အတ္ထိ၊ ရှိ၏၊ တဿ၊ ထိုသူမိုက်၏၊ တံဗလံ၊ ထိုအားကို၊ အဗလံ၊ အားမဟုတ်ဟူ၍၊ အာဟု၊ ဆိုကုန်ပြီ၊ ဓမ္မဂုတ္တဿ၊ တရားကိုစောင့်သော၊ ဗလဿ၊ သန္တါ ဗလဿသည်နှင့်ပြည့်စုံသောသူအား၊ ပဋိဝတ္တာ၊ ဒေါသအဖြစ်ဖြင့် ရှုံ့စီးနှိပ်နင်း၍ဆိုနိုင်သောသူသည်၊ နဝိဇ္ဇတိ၊ မရှိ၊ ။တဿ၊ ထိုသူ၏၊ တံဗလံ၊ ထိုအားကို၊ ဗလံ၊ ဗလဟူ၍၊ အာဟု၊ ဆိုကုန်ပြီ၊ ။ယော၊ အကြင်သူသည်၊ ကုဒ္ဓံ၊ အမျက်ထွက်သောသူကို၊ ပဋိကုဇ္ဈတိ၊ တဖန်ပြန်၍အမျက်ထွက်၏၊ တေန၊ ထိုသို့အမျက်ထွက်ခြင်းကြောင့်၊ တဿေဝ၊ ထိုသူအားသာလျှင်၊ ပါပိယော၊ အထူးသဖြင့်ယုတ်မာသည်၊ ဟောတိ၊ ဖြစ်၏၊ ကုဒ္ဓံ၊ အမျက်ထွက်သောသူကို၊ အပ္ပဋိကုဇ္ဈန္တော၊ တဘန်ပြန်၍ အမျက်မထွက်သောသူသည်၊ ဒုဇ္ဇယံ၊ အောင်နိုင်ခဲသော၊ သင်္ဂါမံ၊ စစ်မြေကို၊ ဇေတိ၊ အောင်၏၊ ။ယော၊ အကြင်သူသည်၊ သကိုပိတံ၊ အမျက်ထွက်သော၊ ပရံ၊ ရန်သူကို၊ ဉတွာ၊ သိ၍၊ သတော၊ သတိနှင့်ပြည့်စုံသည်ဖြစ်၍၊ ဥပသမ္မတိ၊ အမျက်မထွက်ငြိမ်သက်သက်စွာနေ၏၊ သော၊ ထိုသူသည်၊ အတ္တနောစ၊ မိမိ၏လည်းကောင်း၊ ပရဿစ၊ သူတပါး၏လည်းကောင်း၊ ဥဘိန္နံ၊ နှစ်ပါးသောသူတို့၏၊ အတ္ထံ၊ အကျိုးကို၊ စရတိ၊ ကျင့်၏၊ ။ယေ၊ အကြင်သူတို့သည်၊ ဓမ္မဿ၊ တရား၌၊ အကောဝိဒါ၊ မလိမ္မာကုန်၊ တေဇနာ၊ ထိုသူတို့သည်၊ အတ္တနောစ၊ မိမိ၏လည်းကောင်း၊ ပရဿစ၊ သူတပါး၏ လည်းကောင်း၊ ဥဘိန္နံ၊ နှစ်ပါးသောသူတို့၏၊ အတ္ထံ၊ အကျိုးကို၊ တိကိစ္ဆန္တာနံ၊ ကုစားသောသူကို၊ ဗာလောတိ၊ မိုက်သောသူဟူ၍၊ မညန္တိ၊ မှတ်ထင်ကုန်၏၊ ။ဘိက္ခဝေ၊ ရဟန်းတို့၊ ဒေဝါနမိန္ဒေန၊ နတ်တို့ကိုအစိုးရသော၊ သက္ကေန၊ သိကြားမင်းသည်၊ ဂါထာသု၊ ဂါထာတို့ကို၊ ဘာသိတာသု ခေါပန၊ ဆိုအပ်ကုန်သည်ရှိသော်ကား၊ ဒေဝါ၊ တာဝတိံသာနတ်တို့သည်၊ အနုမောဒိံသု၊ ဝမ်းမြောက်ကြကုန်၏၊ အသုရာ၊ အသုရာတို့သည်၊ တုဏှီ၊ ဆိတ်ဆိတ်၊ အဟေသုံ၊ ဖြစ်ကုန်၏၊ ဇုတိဇုန္ဒိသုတ္တံ၊ ဤသံယုတ်ပါဠိသည်၊ ပရဝစနံ၊ ပရဝစနသုတ်မည်၏၊ ။

http://www.dhammadownload.com



တတ္ထ၊ ထိုနှစ်ဆဲ့ရှစ်ပါးသောသုတ်တို့တွင်၊ သကဝစနဥ္စ၊ သကဝစန လည်းဖြစ်သော၊ ပရဝစနဥ္စ၊ ပရဝစနလည်းဖြစ်သော၊ သုတ္တံ၊ သုတ်သည်၊ ကတမံ၊ အဘယ်နည်း၊ ယဥ္စ၊ အကြင်ကာမဂုဏ်သည်လည်း၊ ပတ္တံ၊ ယာခရ အစ်ခံစားအစ်သည်၊ ဟောတိ၊ ဖြစ်၏၊ ယဥ္စ၊ အကြင်ကာမဂုဏ်သည်လည်း၊ ပတ္တဗ္ဗံ၊ နောင်ရအစ်ခံစားအပ်ထဘ္တံ့သည်၊ ဟောတိ၊ ဖြစ်၏၊ တေံဥဘယံ၊ ဤနှစ်ပါးရုံသည်၊ အာတုရဿ၊ ရာဂစသောကိလေသာဖြင့် ကျင်နာသော၊ အနုသိက္ခတော၊ ကိလေသာများသောပုဂ္ဂိုလ်တို့သို့အတုလိုက်၍ကျင့်သော သူအား၊ ရဇာနုကိဏ္ဏံ၊ ရာဂရဇစသည်တို့ဖြင့်ပြွမ်းသည်၊ ဟောတိ၊ ဖြစ်၏၊ ယေစ၊ အကြင်သူတို့သည်လည်း၊ သိက္ခာသာရာ၊ ဆောက်တည်အပ်သော သိလအကျင့်စသောသိက္ခာကို အမြတ်အားဖြင့်ယူ၍တည်ကုန်သော၊ သိလံ၊ ငါမပြုအပ်ဟုကြဉ်ခြင်းတည်းဟူသော သိလကိုလည်းကောင်း၊ ဝတံ၊ အကျင့်ကို လည်းကောင်း၊ ဇီဝိတံ၊ အသက်မွေးခြင်းကို လည်းကောင်း၊ ဗြဟ္မစရိယံ၊ မေထုန်မှကြဉ်ခြင်းကို လည်းကောင်း၊ ဥပဋ္ဌာနသာရာ၊ အလွန် မြတ်သောအားဖြင့် ယူခြင်းရှိကုန်၏၊ တေသံ၊ ထိုသူတို့၏၊ အယံ၊ ဤသိလ စသည်ကိုအမြတ်အားဖြင့်ယူခြင်းသည်၊ ဧကော၊ တခုသော၊ အန္တော၊ အတ္တ ကိလမထာ နုယောဂအရသည်၊ ဟောတိ၊ ဖြစ်၏၊ ယေစ၊ အကြင်သူတို့ သည်လည်း၊ ကာမေသု၊ ကာမဂုဏ်တို့၌၊ ဒေါသော၊ အပြစ်သည်၊ နတ္ထိ၊ မရှိ၊ ဣတိဧဝံဝါဒိနော၊ ဤသို့ အယူရှိကုန်၏၊ ဧဝံဒိဋ္ဌိနော၊ ဤသို့ အမြင်ရှိကုန်၏၊ တေသံ၊ ထိုသူတို့၏၊ အယံ၊ ဤကာမဂုဏ် တို့၌အပြစ် မရှိဟူသောအယူ သည်၊ ဒုတိယော၊ နှစ်ခုမြောက်သော၊ အန္တော၊ ကာမ သုခလ္လိကာနုယောဂအ ရသည်၊ ဟောတိ၊ ဖြစ်၏၊ ဣတိဣမေဥဘောအန္တာ၊ ဤသို့အတ္တကိလမထာနု ယောဂတို့၏အပြားဖြင့်၊ ဥဘယော၊ နှစ်ပါးကုန်သော၊ ဧတေအန္တာ၊ ဤအရ တို့သည်၊ ကဋသိဝဍ္ဍနာ၊ သင်းချိုင်းမြေကြီးကို ပွါးစည်း စေတတ်ကုန်၏၊ ကဋသိယော၊ သင်းချိုင်းမြေကြီးကို ပွါးစည်းစေတတ်ကုန်သော၊ ဧတေဥ ဘောအန္တာ၊ ထိုနှစ်ပါးသော အရတို့သည်၊ ဒိဋ္ဌိံ၊ မိစ္ဆာဒိဋ္ဌိကို၊ ဝဍ္ဍေန္တိ၊ ပွါး စေကုန်၏၊ ဧတေဥဘောအန္တေ၊ ထိုနှစ်ခုသောတရားအရတို့ကို၊ အနဘိညာ ယ၊ မသိကုန်မူ၍၊ ဧကေ၊ အချို့ကုန်သောသူတို့သည်၊ ဩလိယန္တိ၊ ဘဝ တဏှာဘဝဒိဋ္ဌိ၏အစွမ်းဖြင့် သမ္မာပဋိပတ်မှတွန့်တိုခြင်းသို့ ရောက်ကုန်၏၊ ဧကေ၊ အချို့ကုန်သောသူတို့သည်၊ အတိဓာဝန္တိ၊ ဥစ္ဆေဒဒိဋ္ဌိ၏အစွမ်းအား ဖြင့်သမ္မာပဋိပတ်ကိုလွန်ကုန်၏၊ ဣတိဣဒံသုတ္တံ၊ ဤပါဠိသည်၊ ပရဝစနံ၊ ပရ ဝစနသုတ်မည်၏၊ ယေစခေါ၊ အကြင်သူတို့သည်ကား၊ တေဥဘောအန္တေ၊

ထိုနှစ်ပါးသောအရတို့ကို၊အဘိညာယ၊သိကုန်၍၊ တတြ၊ ထိုနှစ်ပါးသော
အရ၌လည်း၊နအဟောသိ၊ တဏှာဒိဋ္ဌိအားဖြင့်မဖြစ်ကုန်၊ တေနစ၊ထိုနှစ်ပါး
သောအရဖြင့်လည်း၊နအမညိံသု၊တဏှာဒိဋ္ဌိ၏ အစွမ်းအားဖြင့်မအောက်
မေ့ကုန်၊ တေသံ၊ထိုသူတို့အား။ ဝဋ္ဋံ၊သုံးပါးသော ဝဋ်သည်၊ပညာပနာယ၊
ပညတ်ခြင်းငှါ၊ နတ္ထိ၊မရှိ၊ ဣတိ၊ဤသို့၊ဣဒံသုတ္တံ၊ ဤပါဠိသည်၊ သကဝစနံ၊ သက
ဝစနသုတ်မည်၏၊ အယံဥဒါနေသာ၊ ဤဥဒါန်းသည်၊ သကဝစနဉ္စ၊ သက
ဝစန လည်းဖြစ်သော၊ ပရဝစနဉ္စ၊ပရဝစနလည်းဖြစ်သော၊ သုတ္တံ၊သုတ်
မည်၏၊ ၊ကောသလော၊ ကောသလတိုင်း၏ အရှင်ဖြစ်သော၊ ပသေနဒိ၊
ပသေနဒိအမည်ရှိသော။ ရာဇာ၊မင်းသည်၊ ဘဂဝန္တံ၊ မြတ်စွာ ဘုရားကို၊
တော်ဝစနံ၊ ဤစကားကို၊ အဝေါစ၊လျှောက်၏၊ ကိံ အဝေါစ၊ အဘယ်သို့
လျှောက်သနည်း၊ဘန္တေ၊မြတ်စွာဘုရား။ဣဓ၊ဤအရပ်၌၊ ရဟောဂတဿ၊
ဆိတ်ငြိမ်ရာအရပ်သို့ကပ်သော။ပဋိသလ္လီနဿ၊တယောက်အထည်းထည်း
ကိန်းဝပ်သော၊ မယှံ၊အကျွန်ုပ်၏၊ စေတသော၊စိတ်၏၊ ပရိဝိတက္ကော၊
အကြံသည်၊ဥဒပါဒိ၊ထင်ရှားဖြစ်၏၊ ကထံ ဥဒပါဒိ၊အဘယ်သို့ထင်ရှားဖြစ်
သနည်း။ ကေသံ၊အဘယ်သူတို့သည်၊ အတ္တာ၊မိမိကိုယ်ကို၊ပိယော၊နှစ်ခြို
ချစ်အပ်သနည်း၊ ကေသံ၊ အဘယ်သူ တို့သည်၊ အတ္တာ၊ ကိုယ်ကို၊ အပ္ပိ
ယော၊နှစ်ခြို၊မချစ်အပ်သနည်း။ဣတိ၊ဤသို့၊ပရိဝိတက္ကော၊အကြံသည်၊ ဥဒပါ
ဒိ၊ထင်ရှားဖြစ်၏၊ ဘန္တေ၊မြတ်စွာဘုရား၊ တဿမယှံ၊ထိုအကျွန်ုပ်အား၊
တော်သောပရိဝိတက္ကော၊ဤသို့သောအကြံသည်၊ အဟောသိ၊ဖြစ်ပြီ၊ကထံ
အဟောသိ၊ အဘယ်သို့ဖြစ်သနည်း၊ ယေခေါကေစိ၊ အမှတ်မရှိ ခပ်သိမ်း
ကုန်သောသူတို့သည်၊ ကာယေန၊ကိုယ်ဖြင့်၊ ဒုစ္စရိတံ၊ဒုစရိုက်ကို၊ စရန္တိ၊
ကျင့်ကုန်၏၊ ဝါစာယ၊နှုတ်ဖြင့်။ ဒုစ္စရိတံ၊ဒုစရိုက်ကို၊ စရန္တိ၊ကျင့်ကုန်၏၊
မနသာ၊စိတ်ဖြင့်၊ဒုစ္စရိတံ၊ဒုစရိုက်ကို၊စရန္တိ၊ကျင့်ကုန်၏၊တေသံ၊ထိုသူတို့
သည်၊အတ္တာ၊ကိုယ်ကို၊ အပ္ပိယော၊မချစ်အပ်၊ တေ၊ထိုသူတို့သည်၊ နော
အဓ္ဓာကံ၊အကျွန်ုပ်တို့၏၊ အတ္တာ၊ကိုယ်ကို၊ ပိယော၊ချစ်အပ်၏၊ ဣတိစေ၊
ဤသို့၊ကိဉ္စာပိဝဒေယျုံ၊ အကယ်၍ဆိုကုန်ငြားအံ့၊၊အထခေါ၊ ထိုသို့ဆိုကုန်
သော်လည်း၊ တေသံ၊ ထိုသူတို့သည်၊ အတ္တာ၊ကိုယ်ကို၊ အပ္ပိယော၊မချစ်
အပ်၊တံ၊ထိုသို့မချစ်ခြင်းသည်၊ကိဿဟေတု၊ အဘယ်အကြောင်းကြောင့်
နည်းဟူမူကား။ ဟိယသ္မာ၊အကြောင်ကြောင့်၊ ယံ၊ အကြောင်အမှုကို။အပ္ပိယော၊
မချစ်အပ်သောသူသည်၊ အပ္ပိယဿ၊ မချစ်အပ်သောသူအား၊ ကရေယျ၊
ပြုရာ၏၊တေ၊ထိုသူတို့သည်၊ တံ၊ထိုအမှုကို၊အတ္တနာဝ၊မိမိသည်ပင်လျှင်၊

http://www.dhammadownload.com



အတ္တနော၊မိမိအား၊ ကရောန္တိ၊ပြုကုန်၏၊ တသ္မာ၊ထိုကြောင့်၊ တေသံ၊ထို
သူတို့သည်၊အတ္တာ၊ကိုယ်ကို၊အပ္ပိယော၊မချစ်အပ်၊ယေစခေါကေစိ၊အကြင်
အချို့ကုန်သောသူတို့သည်ကား၊ကာယေန၊ကိုယ်ဖြင့်၊ သုစရိတံ၊သုစရိုက်
ကို၊စရန္တိ၊ကျင့်ကုန်၏၊ ဝါစာယ၊နှုတ်ဖြင့်၊ သုစရိတံ၊သုစရိုက်ကို၊စရန္တိ၊
ကျင့်ကုန်၏၊မနသာ၊စိတ်ဖြင့်၊ သုစရိတံ၊သုစရိုက်ကို၊ စရန္တိ၊ကျင့်ကုန်၏၊
တေသံ၊ထိုသူတို့သည်၊အတ္တာ၊ကိုယ်ကို၊ပိယော၊ချစ်အပ်၏၊တေ၊ထိုသူတို့
သည်၊နေသအမှာကံ၊အကျွန်ုပ်တို့၏၊အတ္တာ၊ကိုယ်ကို၊ အပ္ပိယော၊မချစ်အပ်
ဇူတိဝေ၊ဤသို့၊ကိဉ္စာပိဝဒေယျုံ၊ အကယ်၍ဆိုကုန်ငြားအံ့၊ အထခေါ၊ထိုသို့
ဆိုသော်ထည်း၊တေသံ၊ထိုသူတို့သည်၊ အတ္တာ၊ကိုယ်ကို၊ ပိယော၊ချစ်အပ်
သည်၊ဟောတိ၊ဖြစ်၏၊တံ၊ထိုသို့ချစ်ခြင်းသည်၊ ကိဿဟေတု၊ အဘယ်
အကြောင်းကြောင့် နည်းဟူမူကား၊ ပိယော၊ချစ်ခြင်းသည်၊ ပိယဿ၊ချစ်
သောသူအား၊ယံကမ္မံ၊အကြင်အမှုကို၊ကရေယျ၊ပြုရာ၏၊တံကမ္မံ၊ထိုအမှုကို
တေ၊ထိုသူတို့သည်၊ အတ္တနာဝ၊မိမိသည်သာလျှင်၊ အတ္တနော၊မိမိအား၊ဟိ
ယသ္မာ၊အကြင်ကြောင့်၊ ကရောန္တိ၊ပြုကုန်၏၊ တသ္မာ၊ထိုကြောင့်၊တေသံ၊
ထိုသူတို့သည်။ အတ္တာ၊ကိုယ်ကို၊ပိယော၊ချစ်အပ်၏၊ ဣတိ၊ဤသို့၊ တော်ဝေ
သောပရိဝိတက္ကော၊ဤသို့သောအကြံသည်၊အဟောသိ၊ဖြစ်ပြီ၊ ဣတိ၊ဤသို့၊
အဝေါစ၊လျှောက်၏၊မဟာရာဇ၊မြတ်သောမင်းကြီး၊ဧဝံ၊ဤသင်မင်းကြီး
အကြံသည်၊ဧဝံ၊ဤသင်မင်းကြီး ကြံတိုင်းမှန်၏၊မဟာရာဇ၊မြတ်သောမင်း
ကြီး၊ ဧတံ၊ဤသင်မင်းကြီးအကြံသည်၊ ဧဝံ၊ဤသင်မင်းကြီး ကြံတိုင်းမှန်
၏၊ဟိယသ္မာ၊သင့်စွ၊မဟာရာဇ၊မြတ်သောမင်းကြီး၊ ယေကေစိ၊အမှတ်မရှိ
တစုံတယောက်သောသူတို့သည်၊၊ကာယေန၊ကိုယ်ဖြင့်၊ ဒုစ္စရိတံ၊ဒုစရိုက်
ကို၊စရန္တိ၊ကျင့်ကုန်၏၊ ဝါစာယ၊နှုတ်ဖြင့်၊ ဒုစ္စရိတံ၊ဒုစရိုက်ကို၊ စရန္တိ၊
ကျင့်ကုန်၏၊ မနသာ၊စိတ်ဖြင့်၊ ဒုစ္စရိတံ၊ဒုစရိုက်ကို၊ စရန္တိ၊ ကျင့်ကုန်၏၊
တေသံ၊ထိုသူတို့သည်၊ အတ္တာ၊ကိုယ်ကို၊အပ္ပိယော၊မချစ်အပ်၊ တေ၊ထိုသူ
တို့သည်၊နေသအမှာကံ၊အကျွန်ုပ်တို့၏၊အတ္တာ၊ကိုယ်ကို၊ပိယော၊ချစ်အပ်၏၊
ဇူတိဝေ၊ဤသို့၊ ကိဉ္စာပိဝဒေယျုံ၊အကယ်၍ဆိုကုန်ငြားအံ့၊ အထခေါ၊ထို
သို့ဆိုသောအခါ၌၊ တေသံ၊ထိုသူတို့သည်၊ အတ္တာ၊ကိုယ်ကို၊ အပ္ပိယော၊
မချစ်အပ်၊တံ၊ထိုသို့မချစ်ခြင်းသည်၊ ကိဿဟေတု၊ အဘယ်အကြောင်း
ကြောင့်နည်းဟူမူကား၊ မဟာရာဇ၊ မြတ်သောမင်းကြီး၊ယံကမ္မံ၊အကြင်
အမှုကို၊ အပ္ပိယော၊ မချစ်အပ်သောသူသည်၊ အပ္ပိယဿ၊မချစ်အပ်သော
သူအား၊ကရေယျ၊ပြုရာ၏၊တံကမ္မံ၊ထိုအမှုကို၊ တေ၊ထိုသူတို့သည်၊ အတ္တ

http://www.dhammadownload.com



နာဝ၊မိမိသည်သာလျှင်၊ အတ္တနော၊မိမိအား၊ ဟိယသ္မာ၊ အကြင်ကြောင့်၊
ကရောန္တိ၊ပြုကုန်၏၊ တသ္မာ၊ထိုကြောင့်၊ တေသံ၊ထိုသူတို့သည်၊ အတ္တာ၊
ကိုယ်ကို၊အပ္ပိယော၊ မချစ်အပ်၊မဟာရာဇ၊မြတ်သောမင်းကြီး၊ ယေစခေါ
ကေစိ၊ အမှတ်မရှိတစုံတယောက်ကုန်သောသူတို့သည်ကား၊ ကာယေန၊
ကိုယ်ဖြင့်၊ သုစရိတံ၊သုစရိုက်ကို၊ စရန္တိ၊ကျင့်ကုန်၏၊ဝါစာယ၊နှုတ်ဖြင့်၊
သုစရိတံ၊ သုစရိုက်ကို၊စရန္တိ၊ ကျင့်ကုန်၏၊မနသာ၊ စိတ်ဖြင့်၊ သုစရိတံ၊
သုစရိုက်ကို၊ စရန္တိ၊ကျင့်ကုန်၏၊ တေသံ၊ထိုသူတို့သည်၊ အတ္တာ၊ကိုယ်ကို၊
ပိယော၊ ချစ်အပ်၏၊ တေ၊ထိုသူတို့သည်၊ နေသံအရှာကံ၊ အကျွန်ုပ်တို့၏၊
အတ္တာ၊ကိုယ်ကို၊အပ္ပိယော၊မချစ်အပ်၊ ဣတိဝေ ၊ဤသို့၊ ကိဉ္စာပိဝဒေယျုံ၊
အကယ်၍ဆိုကုန်ငြားအံ့၊အထခေါ၊ထိုသို့ဆိုသောအခါ၌၊ တေသံ၊ထိုသူတို့
သည်၊ အတ္တာ၊ကိုယ်ကို၊ ပိယော၊ ချစ်အပ်၏၊ တံ၊ထိုသို့ ချစ်ခြင်းသည်၊
ကိံသဟေတု၊ အဘယ်အကြောင်းကြောင့် နည်းဟူမူကား၊ မဟာရာဇ၊
မြတ်သော မင်းကြီး၊ ယံကမ္မံ၊ အကြင်အမှုကို၊ ပိယော၊ ချစ်အပ်သောသူ
သည်၊ ပိယဿ၊ ချစ်အပ်သော သူအား၊ ကရေယျ၊ ပြုရာ၏၊ တံကမ္မံ၊ထို
အမှုကို၊ တေ၊ထိုသူတို့သည်၊ အတ္တနာဝ၊ မိမိသည်သာလျှင်၊ အတ္တနော၊
မိမိအား၊ ဟိယသ္မာ၊ အကြင်ကြောင့်၊ ကရောန္တိ၊ ပြုကုန်၏၊ တသ္မာ၊ထို
ကြောင့်၊ တေသံ၊ ထိုသူတို့သည်၊ အတ္တာ၊ကိုယ်ကို၊ ပိယော၊ချစ်အပ်၏၊
ဣတိဣဒံဝစနံ၊ ဤစကားကို၊ ဘဂဝါ၊မြတ်စွာ ဘုရားသည်၊ အဝေါစ၊
မိန့်တော်မူ၏၊(ပ)၊ သတ္ထာ၊မြတ်စွာ ဘုရားသည်၊ အတ္တာနံ၊ မိမိကိုယ်ကို၊
ပိယံ၊ချစ်အပ်၏ဟု၊ စေ၊အကယ်၍၊ ဇာနာ၊သိငြားအံ့၊ ဧဝံသတိ၊ဤသို့သိ
သည်ရှိသော်၊နံအတ္တာနံ၊ထိုကိုယ်ကို၊ ပါပေန၊မကောင်းမှုနှင့်၊ ၊နသံယုဇေ၊
မယှဉ်စေရာ၊ဟိသစ္စံ ၊မှန်၏၊ဒုက္ကဋကာရိနာ၊မကောင်းမှုကို ပြုလေ့ရှိသော
သူသည်၊သုခံ၊ချမ်းသာသော၊ တံအတ္တာနံ၊ထိုကိုယ်ကို၊ သုလဘံ ၊ရလွယ်
သည်၊ နဟောတိ၊မဖြစ်၊ ၊မရဏေန၊ သေမင်းသည်၊ အဘိဘူတဿ၊
နှိပ်စက်အပ်သော၊ မာနုသံ၊လူတို့၏ ဥစ္စာဖြစ်သော၊ ဘဝံ၊ဘဝကို၊ဇဟ
တော၊စွန့်ထသော၊ တဿ၊ ထိုသတ္တဝါ၏၊ ကိံ ဟိ၊အဘယ်သည်လျှင်၊သ
ကံ၊မိမိဥစ္စာသည်၊ ဟောတိ၊ဖြစ်သနည်း၊ကိဉ္စ၊ အဘယ်ဥစ္စာကိုလည်း၊အာ
ဒါယ၊ယူ၍၊ ဂစ္ဆတိ၊သွားသနည်း၊ အနုပါယိနီ၊နောက်သို့ အစဉ်တစိုက်
လိုက်တတ်သော၊ ဆာယာ၊အရိပ်သည်၊ အနုဂံ၊အစဉ်တစိုက်လိုက်သည့်၊
ဟောတိဣဝ၊ဖြစ်သကဲ့သို့၊ကိဉ္စ၊အဘယ်ဥစ္စာသည်လည်း၊အဿ၊ထိုသတ္တ
ဝါသို့၊အနုဂံ၊အစဉ်လိုက်သည့်၊ ဟောတိ၊ဖြစ်သနည်း၊ ၊ဣမေ၊ဤလောက

http://www.dhammadownload.com



ဦး၊ ယံပုညဥ္စ၊ အကြင်ကောင်းမှုကို လည်းကောင်း၊ ယံပါပဥ္စ၊ အကြင်မကောင်းမှုကို လည်းကောင်း၊ဥဘော၊နှစ်ပါးသော ကောင်းမှုမကောင်းတို့ကို၊ မစ္စော၊ သတ္တဝါသည်၊ ကုရုတေ၊ပြု၏၊ တဉ္စတံ၀ေ၊ ထိုကောင်းမှုမကောင်းမှုသည်သာလျှင်၊ တဿ၊ ထိုသတ္တဝါအား၊ သကံ၊မိမိဉစ္စာသည်၊ ဟောတိ၊ဖြစ်၏၊ တဉ္စ၊ထိုကောင်းမှုမကောင်းမှုကိုသာလျှင်၊ အာဒါယ၊ယူ၍၊ဂစ္ဆတိ၊သွား၏၊ အနုပါယိနီ၊နောက်သို့အစဉ်မပြတ် လိုက်တတ်သော၊ ဆာယာ၊အရိပ်သည်၊အနုဂါ၊နောက်သို့ အစဉ်မပြတ်လိုက်သည်၊ဟောတိ ယထာ၊ဖြစ်သကဲ့သို့၊တဉ္စ၊ ထိုကောင်းမှု မကောင်းမှုသည်သာလျှင်၊ တဿ၊ ထိုသတ္တဝါသို့၊ အနုဂံ၊ အစဉ်လိုက်သည်၊ ဟောတိ၊ဖြစ်၏၊ ၊တသ္မာ၊ ထိုကြောင့်၊ သမ္ပရာယိကံ၊တမလွန်အကျိုးကို ဖြစ်စေတတ်သော၊ ကလျာဏံ၊ကောင်းမှုကို၊ နိစယံနိစယနေ္တာ၊ ဆည်းဘူးလျက်၊ ကရေယျ၊ပြုရာ၏၊ ပုညာနိ၊ကောင်းမှုတို့သည်၊ ပရလောကသ္မိံ၊တမလွန်လောက၌၊ ပါဏိနံ၊ သတ္တဝါတို့၏၊ ပတိဋ္ဌာပတိဋ္ဌာနိ၊ တည်ရာတို့သည်၊ ဟောန္တိ၊ဖြစ်ကုန်၏။ ဣတိဣဒံသုတ္တံ၊ဤဂါထာမရှိသောသုတ်သည်၊ ပရဝစနံ၊ပရဝစနသုတ်မည်၏၊အနုဂီတိ၊ နောက်၌ ဆိုအပ်သော ဂါထာသည်၊ သကဝစနံ၊သကဝစနသုတ်မည်၏၊ ၊ဣဒံသုတ္တံ၊ဤပါဠိသည်၊ သကဝစနဉ္စ၊ သကဝစနလည်း ဖြစ်သော၊ပရဝစနဉ္စ၊ပရဝစနလည်းဖြစ်သော၊သုတ္တံ၊သုတ်မည်၏ ၊

တတ္ထ၊ထိုတဆဲ့ခြောက်ပါးသော သုတ်တို့တွင်၊ ဝိဿဇ္ဇနိယံ၊ဝိဿဇ္ဇနိယသုတ်သည်၊ကတမံ၊ အဘယ်နည်း၊ ပဥှေ၊ပြဿနာတို့ကို။ပုဋ္ဌော၊မေးအပ်သည်ရှိသော်၊ ဣဒံ၊ဤခန္ဓာပဉ္စကကို၊ အဘိညေယျံ၊ ထူးသောဉာဏ်ဖြင့်သိအပ်၏၊ဣဒံ၊ဤဒုက္ခသစ္စာကို၊ ပရိညေယျံ၊ပိုင်းခြား၍သိအပ်၏၊ဣဒံ၊ဤသမုဒယသစ္စာကို၊ ပဟာတဗ္ဗံ၊ပယ်အပ်၏၊ ဣဒံ၊ဤမဂ္ဂသစ္စာကို၊ ဘာဝေတဗ္ဗံ၊ပွါးအပ်၏၊ဣဒံ၊ဤနိရောဓသစ္စာကို၊သစ္ဆိကာတဗ္ဗံ၊မျက်မှောက်ပြုအပ်၏၊ ဣမေဓမ္မာ၊ ဤသို့ယူအပ် ကုန်သော၊ ဣမေဓမ္မာ၊ ဤကုသိုလ် အကုသိုလ်တရားတို့သည်၊ ဣဒံဖလံ၊ဤအကျိုးကို၊ နိဗ္ဗတ္တေန္တိ၊ဖြစ်စေတတ်ကုန်၏၊ဧဝံဂဟိတာနံ၊ဤသို့ယူအပ်ကုန်သော၊ တေသံ၊ထိုကုသိုလ်အကုသိုလ်တို့၏၊အယံ၊ဤသည်ကား၊ အတ္ထော၊အစီးအပွါးတည်း၊ ဣတိဣဒံသုတ္တံ၊ဤပါဠိသည်၊ ဝိဿဇ္ဇနိယံ၊ ဝိဿဇ္ဇနိယသုတ်မည်၏၊ ဘဂဝါ၊ဘုန်းတော်ကြီးသော၊ဗုဒ္ဓေါ၊မြတ်စွာဘုရားသည်၊ ဥဋ္ဌာရော၊မြတ်၏၊ ဣတိ၊ဤသို့၊ဗုဒ္ဓဥဋ္ဌာရတဥ္စ၊ဘုရား၏မြတ်သောအဖြစ်ကိုလည်းကောင်း၊ဓမ္မသွာက္ခါတတဥ္စ၊တရားတော်၏ကောင်းစွာ ဟောအပ်သော အဖြစ်ကိုလည်းကောင်း၊ သံဃသုပ္ပဋိ

http://www.dhammadownload.com



ပုဗ္ဗေနိဝါသ၊ ဉာဏ်တော်၏ကောင်းစွာကျင့်သောအဖြစ်ကိုလည်းကောင်း။ ဇေက်ံ သေနေဝ၊ စင်စစ်အားဖြင့်သာလျှင်၊ နိဒ္ဒိသေ၊ ပြရာ၏၊ သဗ္ဗေ၊ ခပ်သိမ်းကုန် သော၊ သင်္ခါရာ၊ သင်္ခါရတရားတို့သည်၊ အနိစ္စာ၊ အမြဲမရှိကုန်၊ ဣတိ၊ ဤသို့၊ သဗ္ဗေ၊ အလုံးစုံကုန်သော၊ သင်္ခါရာ၊ သင်္ခါရတရားတို့သည်၊ ဒုက္ခာ၊ ဆင်းရဲ ကုန်၏၊ ဣတိ၊ ဤသို့၊ သဗ္ဗေ၊ အလုံးစုံကုန်သော၊ ဓမ္မာ၊ တရားတို့သည်၊ အနတ္တာ၊ ပြုတတ်ခံစားတတ်သောသဘောမရှိကုန်၊ ဣတိ၊ ဤသို့၊ ဇေက်ံသေနေဝ၊ စင်စစ် အားဖြင့်သာလျှင်၊ နိဒ္ဒိသေ၊ ပြရာ၏။ ဝါပန၊ ထိုမှုသာမကသေး။ ဇေ ဇာတိယံ၊ ဤသို့စင်စစ်ဖြေအပ်သည်ကို ဟောတတ်သောသဘောရှိသော၊ ယံသုတ္တံ၊ အကြင်သုတ်သည်၊ အတ္ထိ၊ ရှိ၏၊ ဣဒံသုတ္တံ၊ ဤပါဠိသည်၊ ဝိသဇ္ဇနီယံ၊ ဝိသဇ္ဇ နီယသုတ်မည်၏၊ တတ္ထ၊ ထိုနှစ်ဆဲ့ရှစ်ပါးသောသုတ်တို့တွင်၊ အဝိသဇ္ဇနီယံ အဝိသဇ္ဇနီယသုတ်သည်၊ ကတမံ၊ အဘယ်နည်း၊ နရဒမ္မသာရထိ၊ လူတို့ကို ဆုံးမတော်မူတတ်သော အရှင်ဘုရား၊ အာကင်္ခတော၊ အလိုတော်ရှိသော၊ တော၊ အရှင်ဘုရား၏၊ မနသာ၊ စိတ်တော်ဖြင့်၊ ဝိဝဋ္ဋံ တံ၊ အထူးသဖြင့်ကြံအပ် သောအလိုတော်ကို၊ သဗ္ဗေ၊ အလုံးစုံကုန်သော၊ ဒေဝါ၊ နတ်တို့သည် ထည်း ကောင်း၊ မနုဿာ၊ လူတို့သည်လည်းကောင်း၊ ကသိဏာ၊ အလုံးစုံကုန်သော ပါကဋိနော ပိ၊ သတ္တဝါတို့သည်လည်းကောင်း၊ နဇညာ၊ မသိနိုင်ကုန်၊ သန္တံ၊ ငြိမ်သက်စွာထသော၊ အရဏံ၊ ကိလေသာမရှိထသော၊ သမာဓိ၊ အရေဘဏ္ဍ ဖိုလ်သမာဓိကို၊ နိသေဝတော၊ အမြဲမပြတ်မှီဝဲထော်မူသော အရှင်ဘုရား၏၊ တံ၊ ထိုအလိုတော်သည်၊ ကိံ၊ အဘယ်နည်း။ ကိံ၊ အဘယ်ကို၊ ဘဂဝါ၊ မြတ် စွာဘုရားသည်၊ အာကင်္ခတိ၊ လိုတော်မူသနည်း။ ဣတိ ဣဒံသုတ္တံ၊ ဤပါဠိသည် အဝိသဇ္ဇနီယံ၊ အဝိသဇ္ဇနီယသုတ်မည်၏။ ဘဂဝါ၊ မြတ်စွာဘုရားသည်၊ သီလက္ခန္ဓေ၊ သီလကျေးဇူးကြောင့်။ ဧတ္တကော၊ ဤမျှအတိုင်း အရှည်ရှိ ၏။ သမာဓိက္ခန္ဓေ၊ သမာဓိကျေးဇူးကြောင့်။ ပညာက္ခန္ဓေ၊ ပညာကျေးဇူး ကြောင့်။ ဝိမုတ္တိက္ခန္ဓေ၊ ဝိမုတ္တိကျေးဇူးကြောင့်၊ ဝိမုတ္တိညာဏ ဒဿနက္ခန္ဓေ၊ ဝိမုတ္တိညာဏဒဿနကျေးဇူးကြောင့်၊ ဣရိယာယံ၊ ကာယသမာစာရ ဝစီ သမာ စာရကြောင့်၊ ပဘာဝေ၊ အာနုဘော်ကြောင့်။ ဟိတေသိ တာယ၊ သတ္တဝါတို့၏ အကျိုးစီးပွါးကို ရှာတတ်သော မေတ္တာကြောင့်၊ ကရုဏာ ယ၊ သတ္တဝါတို့ကို သနားတော် မူတတ်သော ကရုဏာကြောင့်၊ ဣဒ္ဓိယံ၊ တံခိုး ဘန်ဆင်းခြင်းကြောင့်။ ဧတ္တကော၊ ဤမျှအတိုင်းအရှည်ရှိ၏၊ ဣတိ ဣဒံသုတ္တံ၊ ဤသုတ်သည်၊ အဝိသဇ္ဇနီယံ၊ အဝိသဇ္ဇနီယသုတ်မည်၏၊ ၊ ဘိက္ခဝေ၊ ရဟန်းတို့၊ အရဟတော၊ ပူဇော်အထူးကို ခံတော်မူထိုက်ထ

http://www.dhammadownload.com



သော၊ သမ္မာသမ္ဗုဒ္ဓသာ၊ သစ္စာလေးပါး တရားကိုမဘောက် မပြန်ကိုယ်တော်တိုင်သိတော်မူထသော၊တထာဂတသာ၊မြတ်စွာဘုရား၏၊လောကေ၊လောက၌၊ဥပ္ပါဒ၊ဖြစ်ခြင်းကြောင့်၊ ဗုဒ္ဓရတနသာ၊ တရားရတနာ၏ ထည်းကောင်း၊ ဓမ္မရတနသာ၊ တရားရတနာ၏ထည်းကောင်း၊ သံဃရတနသာ၊ သံဃာရတနာ၏ လည်းကောင်း၊ ဣတိ၊ ဤသို့၊ တိဏ္ဏံ ရတနာနံ၊ သုံးပါးသောရတနာတို့၏၊ ဥပ္ပါဒ၊ ဖြစ်ခြင်းကြောင့်၊ တိဏိရတနာနိ၊ သုံးပါးကုန်သောရတနာ တို့သည်၊ ကိံ ပမာဏာနိ၊ အဘယ်မျှသော ပမာဏ အတိုင်းအရှည်ရှိ ကုန်သနည်း၊ ဣတိဣဒံသုတ္တံ၊ ဤပါဠိသည်၊ အဝိသဇ္ဇနီယံ၊ အဝိသဇ္ဇနီယသုတ်မည်၏၊ ဗုဒ္ဓဝိသယော၊ဘုရားတို့၏ အရာကို၊ အဝိသဇ္ဇနီယော၊ မဖြေအပ်၊ ပုဂ္ဂလပရော ပရညုတာ၊ သတ္တာဝါ၏ အဆောင်ဆက်ကိုသိလိုသော အဖြစ်ဖြင့် မေးသော ပုစ္ဆာကို၊ အဝိသဇ္ဇနီယာ၊ မဖြေအပ်ဘိက္ခဝေ၊ရဟန်းတို့၊ အဝိဇ္ဇာနိဝရဏာနံ၊ အဝိဇ္ဇာနိဝရဏဖြင့် ဖိတ်ပင်ဆီးတားခြင်းရှိကုန်သော၊တဏှာသံယောဇနာနံ၊တဏှာသံယောဇဉ်ဖြင့် နှောင်ဖွဲ့အပ်ကုန်သော၊သတ္တာနံ၊တကြိမ်၊နိရယံ၊ငရဲသို့၊သကိံ၊တကြိမ်၊တိရစ္ဆာနယောနိံ၊တိရစ္ဆာန်အမျိုးသို့၊သကိံ၊တကြိမ်၊ ပေတ္တိဝိသယံ၊ ပြိတ္တာဘုံသို့၊ သကိံ၊တကြိမ်၊အသုရယောနိံ၊အသုရာအမျိုးသို့၊သကိံ၊တကြိမ်၊ ဒေဝေ၊ နတ်တို့သို့၊သကိံ၊တကြိမ်၊ မနုဿေ၊ လူတို့သို့၊ သန္ဓာဝိတံ၊ ပြေးဝင်ကုန်သော၊သံသရိတံ၊ ကျင်လည်သွားလာကုန်သော၊ သတ္တာနံ၊ သတ္တဝါတို့၏၊ ပုဗ္ဗာ၊ရှေးဖြစ်သော၊ကောဋိ၊အစွန်းသည်၊ နပညာယတိ၊မထင်၊ပုဗ္ဗာ၊ရှေးဖြစ်သော၊ ကောဋိ၊ အစွန်းသည်၊ ကတမာ၊အဘယ်နည်း၊ ဣတိပုစ္ဆံ၊ဤသို့မေးခြင်းကို၊အဝိသဇ္ဇနီယံ၊မဖြေအပ်၊နပညာယတီတိ၊နပညာယတိဟူသည်ကားသာဝကာနံ၊တပည့်တို့အား၊ဉာဏဂေါစရဿ၊ဉာဏ်၏ကျက်စားခြင်းကြောင့်နပညာယတိ၊မထင်၊ဘဂဝတော၊ဘုန်းတော်ခြောက်ပါးနှင့်ပြည့်စုံတော်မူကုန်သော၊ဗုဒ္ဓါနံ၊မြတ်စွာဘုရားတို့၏၊ဒေသနာ၊ဒေသနာတော်သည်၊ အတ္တူပနာယိကာစ၊ဆောင်အပ်သောမိမိကိုယ်ရှိသောဒေသနာသည်းကောင်း၊ပရူပနာယိကာစ၊ဆောင်အပ်သောသူတပါးရှိသောဒေသနာ လည်းကောင်း၊ဣတိ၊ ဤသို့၊ဒုဝိဓါ၊ နှစ်ပါးရှိ၏၊နပညာယတီတိ၊နပညာယတိဟူသောဒေသနာသည်၊ ပရူပနာယိကာ၊ဆောင်အပ်သောသူတပါးရှိသောဒေသနာမည်၏၊နတ္ထိဗုဒ္ဓါနံ ဘဂဝန္တာနံအဝိဇာနနာတိ၊နတ္ထိဗုဒ္ဓါနံ ဘဂဝန္တာနံအဝိဇာနနာဟူသောဒေသနာသည်၊အတ္တူပနာယိကာ၊ ဆောင်အပ်သော မိမိကိုယ်ရှိသော ဒေသနာမည်၏၊ ဘဂဝန္တာနံ၊ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူကုန်သော၊

http://www.dhammadownload.com



ဗုဒ္ဓါနံ၊ မြတ်စွာဘုရားတို့အား၊ အဝိဇာနနာ၊မသိခြင်းသည်၊နတ္ထိ၊မရှိ၊ယထာ၊ အဝိသယ္ဟနီယ တနည်း အဘာယ်မှာနည်း၊ ဘဂဝါ၊ မြတ်စွာဘုရားသည်၊ ကောကာလိကံ၊ကောကာလိကအမည်ရှိသော၊ဘိက္ခုံ၊ရဟန်းကို၊အာရဗ္ဘ အကြောင်းပြု၍၊အညတရံ၊တပါးသော၊ဘိက္ခုံ၊ရဟန်းကို၊ ဧဝံ၊ဤသို့၊ အာဟ၊မိန့်တော်မူ၏။ကိံ၊အာဟ၊ အဘာယ်သို့မိန့်တော်မူသနည်း၊ဘိက္ခု၊ရဟန်း သေယျထာပိ၊ဥပမာမည်သည်ကား၊ဝိသတိခါရိကော၊ခါရီနှစ်ဆယ်ရှိသော ကောသလကော၊ကောသလတိုင်း၌ ဖြစ်သော၊တိလဝါဟော၊ နှမ်းလှည်းသည်၊ ဝဿသတဝဿသတစ္စယေန၊ အနှစ်တရာအနှစ်တရာလွန်သဖြင့်၊ ဧကမေကံ၊တစေ့တစေ့သော၊တိလံ၊နှမ်းကို၊ဥဒ္ဓရဏေန၊ထုတ်သဖြင့်၊ပရိက္ခယံ၊ကုန်ခြင်းသို့၊ဂစ္ဆေယျ၊ရောက်ရာ၏၊ဧကော၊တခုသော၊ အဗ္ဗုဒေါ၊နိရယော၊ အဗ္ဗုဒအရေအတွက်ဖြင့် ကျက်ရာ ဖြစ်သောငရဲသည်၊ ပရိက္ခယံ၊ ကုန်ခြင်းသို့၊နတွေဝဂစ္ဆေယျ၊မရောက်သည် သာတည်း၊ ဘိက္ခု၊ရဟန်း ဝိသတိအဗ္ဗုဒါ၊နှစ်ဆယ်သော အဗ္ဗုဒအရေအတွက် အသက်ရှိကုန်သော၊ နိရယာသေယျထာပိ၊ငရဲတို့ကဲ့သို့၊ဧဝံ၊တထာ၊ထိုအတူ၊ဧကော၊တခုသော နိရဗ္ဗုဒေါ၊ နိရဗ္ဗုဒအရေအတွက်ရှိသော၊ နိရယော၊ ငရဲသည်၊ ဟောတိ၊ ဖြစ်၏၊ဘိက္ခု၊ရဟန်း၊ဝိသတိနိရဗ္ဗုဒါ၊နှစ်ဆယ်သောနိရဗ္ဗုဒအရေအတွက် အသက်ရှိကုန်သော၊နိရယာသေယျထာပိ၊ငရဲတို့ကဲ့သို့၊ ဧဝံ၊တထာ၊ထိုအတူ၊ဧကော၊တခုသော၊အဗဗော၊အဗဗအရေအတွက်ဖြင့်ကျက်ရသော၊နိရယော၊ငရဲသည်၊ဟောတိ၊ဖြစ်၏၊ ဘိက္ခု၊ရဟန်း၊ဝိသတိအဗဗာ၊ နှစ်ဆယ်သောအဗဗအရေအတွက်အသက်ရှိကုန်သော၊ နိရယာသေယျထာပိ၊ ငရဲတို့ကဲ့သို့၊ဧဝံ၊တထာ၊ ထိုအတူ၊ဧကော၊တခုသော၊ အဋဋော၊အဋဋအရေအတွက်ဖြင့်ကျက်ရသော၊ နိရယော၊ငရဲသည်၊ ဟောတိ၊ဖြစ်၏၊ ဘိက္ခု၊ ရဟန်း၊ဝိသတိအဋဋာ၊နှစ်ဆယ်သောအဋဋအရေအတွက် အသက်ရှိကုန်သော၊နိရယာသေယျထာပိ၊ ငရဲတို့ကဲ့သို့၊ ဧဝံ၊တထာ၊ထိုအတူ၊ ဧကော၊ တခုသော၊အဟဟော၊အဟဟအရေအတွက်ဖြင့်ကျက်ရသော၊နိရယော၊ ငရဲသည်၊ဟောတိ၊ဖြစ်၏၊ဘိက္ခု၊ရဟန်း၊ ဝိသတိအဟဟာ၊နှစ်ဆယ်သော အဟဟအရေအတွက်အသက်ရှိကုန်သော၊ နိရယာသေယျထာပိ၊ ငရဲတို့ကဲ့သို့၊ဧဝံ၊တထာ၊ထိုအတူ၊ ဧကော၊တခုသော၊ ကုမုဒေါ၊ ကုမုဒအရေအတွက်ဖြင့်ကျက်ရသော၊ နိရယော၊ငရဲသည်၊ ဟောတိ၊ဖြစ်၏၊ ဘိက္ခု၊ ရဟန်း၊ဝိသတိကုမုဒါ၊နှစ်ဆယ်သော ကုမုဒအရေအတွက်အသက်ရှိကုန်သော၊ နိရယာသေယျထာပိ၊ ငရဲတို့ကဲ့သို့၊ဧဝံ၊တထာ၊ ထိုအတူ၊ဧကော၊

http://www.dhammadownload.com



တခုသော၊ သောဝဂ္ဂိကော၊ သောဝဂ္ဂိကအရေအတွက်ဖြင့် ကျက်ရသော၊ နိရယော၊ ငရဲသည်၊ ဟောတိ၊ ဖြစ်၏၊ ဘိက္ခု၊ ရဟန်း၊ ဝီသတိသောဝဂ္ဂိကာ၊ နှစ်ဆယ်သော သောဝဂ္ဂိကအရေအတွက်အသင်္ချာရှိကုန်သော၊ နိရယာသော ယျထာပိ၊ ငရဲတို့ကဲ့သို့၊ ဧဝံ ဧဝံ၊ တထာ၊ ထိုအတူ၊ ဧကော၊ တခုသော၊ ဥပ္ပလကော ဥပ္ပလကအရေအတွက်ဖြင့် ကျက်ရသော၊ နိရယော၊ ငရဲသည်၊ ဟောတိ၊ ဖြစ်၏၊ ဘိက္ခု၊ ရဟန်း၊ ဝီသတိဥပ္ပလကာ၊ နှစ်ဆယ်သော ဥပ္ပလကအရေအ တွက်အသင်္ချာရှိကုန်သော၊ နိရယာသော ယျထာပိ၊ ငရဲတို့ကဲ့သို့၊ ဧဝံ တထာ၊ ထိုအတူ၊ ဧကော၊ တခုသော၊ ပုဏ္ဍရိကော၊ ပုဏ္ဍရိကအရေ အတွက်ဖြင့် ကျက်ရသော၊ နိရယော၊ ငရဲသည်၊ ဟောတိ၊ ဖြစ်၏၊ ဘိက္ခု၊ ရဟန်း၊ ဝီသတိ ပုဏ္ဍရိကာ၊ နှစ်ဆယ်သောပုဏ္ဍရိကအရေအတွက် အသင်္ချာရှိကုန်သော၊ နိရယာသော ယျထာပိ၊ ငရဲတို့ကဲ့သို့၊ ဧဝံ တထာ၊ ထိုအတူ၊ ဧကော၊ တခုသော ပဒုမော၊ ပဒုမအရေအတွက်ဖြင့်ကျက်ရသော၊ နိရယော၊ ငရဲသည်၊ ဟော တိ၊ ဖြစ်၏၊ ဘိက္ခု၊ ရဟန်း၊ ကောကာလိကော၊ ကောကာလိကအမည်ရှိသော ဘိက္ခု၊ ရဟန်းသည်၊ သာရိပုတ္တမောဂ္ဂလာနေသု၊ သာရိပုတ္တရာမောဂ္ဂလာန်တို့၌ စိတ္တံ၊ စိတ်ကို၊ အာဃာတေတွာ၊ ဖြစ်စေ၍၊ ပဒုမံ၊ ပဒုမအရေအတွက်ဖြင့်ကျက် ရသောပဒုမအမည်ရှိသော၊ နိရယံ၊ ငရဲ၌၊ ဥပပန္နော၊ ကပ်၍ဖြစ်သည်၊ ဟော တိ၊ ဖြစ်၏၊ ဣတိ၊ ဤသို့၊ အာဟ၊ မိန့်တော်မူ၏၊ အယံ၊ ဤသည်ကား၊ အပ္ပမေ ယျော၊ မနှိုင်းယှဉ်အပ်၊ အသင်္ချေယျော၊ မရေတွက်အပ်၊ ဣတိ၊ ဤသို့၊ ယံဝါပ နကိဉ္စိ၊ အမှတ်မရှိသောသုတ်ကို၊ အာဟ၊ ဟောတော်မူ၏၊ တံသဗ္ဗံ၊ ထိုအလုံး ရုံသောသုတ်သည်၊ အဝိသဇ္ဇနိယံ၊ အဝိသဇ္ဇနိယသုတ်မည်၏၊ ဣဒံသုတ္တံ၊ ဤပါဠိသည်၊ အဝိသဇ္ဇနိယံ၊ အဝိသဇ္ဇနိယ သုတ်မည်၏၊ တတ္ထ၊ ထိုနှစ်ဆဲ့ ရှစ်ပါးသောသုတ်တို့တွင်၊ ဝိသဇ္ဇနိယဥ္စ၊ ဝိသဇ္ဇနိယလည်းဖြစ်သော၊ အဝိ သဇ္ဇနိယဥ္စ၊ အဝိသဇ္ဇနိယလည်းဖြစ်သော၊ သုတ္တံ၊ သုတ်သည်၊ ကတမံ၊ အဘယ်နည်း၊ ယဒါ၊ အကြင်အခါ၌၊ ဥပကော၊ ဥပကအမည်ရှိသော၊ သော အာဇီဝကော၊ ထိုတက္ကတွန်းသည်၊ ဘဂဝန္တံ၊ မြတ်စွာဘုရားကို၊ အာရသော ဂေါတမ၊ ငါ့ရှင်ဂေါတမ၊ ကုဟိံ၊ အဘယ်အရပ်သို့၊ ဂမိဿတိ၊ သွားလတ္တံ့ နည်း၊ ဣတိ၊ ဤသို့၊ အာဟ၊ လျှောက်၏၊ တဒါ၊ ထိုအခါ၌၊ ဘဂဝါ၊ မြတ်စွာ မြတ်စွာဘုရားသည်၊ အာဟ၊ မိန့်တော်မူ၏၊ ကိံ အာဟ၊ အဘယ်သို့ မိန့်တော် မူသနည်း၊ ဥပက၊ ဥပက၊ လောကေ၊ လောက၌၊ အပ္ပဋိဝတ္တိယံ၊ သူတပါးတို့မ ဟောကြားနိုင်သော၊ အမတဒုန္ဒုဘိံ၊ အမြိုက်တရားစည်ဟုဆိုအပ်သော၊ တံ ဓမ္မစက္ကံ၊ ထိုဓမ္မစကြာ တရားတော်ကို၊ ပဝတ္တေတုံ၊ ဟောခြင်းငှါ၊ အဟံ၊

http://www.dhammadownload.com



ငါသည်၊ဗါရာဏသိယံ၊ဗါရာဏသိပြည်သို့၊ဂမိဿာမိ၊သွါးအံ့၊ ဣတိ၊ ဤသို့
အာဘာ၊မိန့်တော်မူ၏၊ဥပကော၊ဥပကအမည်ရှိသော၊ အာဇီဝကော၊တဏှာ
ထွန်းသည်၊ အာဝုသော ဂေါတမ၊ငါ့ရှင်ဂေါတမ၊ဇိနေ့ာတိ၊ ဇိနပတ္တာ၊ခေါ၊
စင်စစ်၊ပဋိဇာနာသိ၊ဝန်ခံသလော၊ ဣတိ၊ ဤသို့၊အာဟ၊ဆို၏၊ ၊ဘဂဝါ၊
မြတ်စွာဘုရားသည်၊အာဟ၊မိန့်တော်မူ၏၊ကိံ အာဟ၊အဘယ်သို့မိန့်တော်
မူသနည်း၊ ဥပက၊ဥပက၊မာဒိသာ၊ ငါသို့သဘောရှိကုန်သော၊ ယေဇိနာ၊
အကြင် ဘုရားတို့သည်၊ အာသဝက္ခယံ၊ အာသဝေါတရား ကုန်ခြင်းသို့၊
ပတ္တာ၊ရောက်ကုန်၏၊တေဇိနာ၊ထိုဘုရားတို့သည်၊ ဝေ၊စင်စစ်၊ ဇိနာ၊ မာရ်
ငါးပါးကိုအောင်တော်မူသောကြောင့်ဇိနမည်ကုန်သည်၊ ဟော န္တိ၊ဖြစ်ကုန်
၏၊မေမယာ၊ငါသည်၊ ပါပကာ၊ယုတ်မာကုန်သော၊ ဓမ္မာ၊ တရားတို့ကို၊
ယာသွာ၊အကြင်ကြောင့်၊ ဇိတာ၊ အောင်အပ်ကုန်ပြီ၊ တသွာ၊ ထိုကြောင့်၊
အဟံ၊ငါသည်၊ဇိနော၊ဇိနမည်တော်မူ၏၊ ဣတိ၊ဤသို့၊ အာဟ၊မိန့်တော်မူ
၏၊ ၊ကထံ၊အဘယ်သို့သောအပြားအားဖြင့်၊ ဇိနော၊ ဇိနမည်သနည်း၊
ကေန၊အဘယ်အကြောင်းကြောင့်၊ဇိနော၊ဇိနမည်သနည်း၊ ဣတိပုစ္ဆနံ၊ ဤ
သို့မေးခြင်းကို၊ ဝိသဇ္ဇနီယံ၊ဖြေအပ်၏၊ ကတမော၊ အဘယ်တရားသည်၊
ဇိနော၊ဇိနမည်သနည်း၊ဣတိပုစ္ဆနံ၊ဤသို့မေးခြင်းကို၊အဝိသဇ္ဇနီယံ၊မဖြေ
အပ်၊ အာသဝက္ခယော၊ အာသဝေါတရား၏ကုန်ခြင်းသည်၊ ကတမော၊
အဘယ်နည်း၊ရာဂက္ခယော၊ရာဂ၏ကုန်ခြင်းလော၊ ဒေါသက္ခယော၊ဒေါသ
၏ကုန်ခြင်းလော၊ မောဟက္ခယော၊မောဟ၏ကုန်ခြင်းလော၊ ဣတိပုစ္ဆနံ၊
ဤသို့မေးခြင်းကို၊ဝိသဇ္ဇနီယံ၊ဖြေအပ်၏၊ အာသဝက္ခယော အာသဝေါတ
ရား၏ကုန်ခြင်းသည်၊ကိတ္တကော၊အဘယ်မျှအတိုင်းအရှည်ရှိသနည်း၊ဣတိ
ပုစ္ဆနံ၊ဤသို့သောအမေးကို၊ အဝိသဇ္ဇနီယံ၊မဖြေအပ်၊ ဣဒံသုတ္တံ၊ ဤပါဠိ
သည်၊ ဝိသဇ္ဇနီယဥ္စ၊ ဝိသဇ္ဇနီယလည်း ဖြစ်သော၊ အဝိသဇ္ဇနီယဥ္စ၊
အဝိသဇ္ဇနီယလည်း ဖြစ်သော၊ သုတ္တံ၊ သုတ်မည်၏၊ ၊တထာဂတော၊
သတ္တဝါသည်၊အတ္တိ၊ရှိ၏လော၊ဣတိပုစ္ဆနံ၊ဤသို့သောအမေးကို၊ ဝိသဇ္ဇနီ
ယံ၊ဖြေအပ်၏၊ရူပံ၊ရုပ်သည်၊အတ္ထိ၊ရှိ၏လော၊ဣတိပုစ္ဆနံ၊ဤသို့သောအမေး
ကို၊ဝိသဇ္ဇနီယံ၊ဖြေအပ်၏၊ တထာဂတော၊သတ္တဝါသည်၊ ရူပံ၊ ရုပ်မည်
သလော၊ဣတိပုစ္ဆနံ၊ဤသို့သောအမေးကို၊ အဝိသဇ္ဇနီယံ၊ မဖြေအပ်၊ တ
ထာဂတော၊သတ္တဝါသည်၊ ရူပဝါ၊ရုပ်ရှိသလော၊ ဣတိပုစ္ဆနံ၊ဤသို့သော
အမေးကို၊အဝိသဇ္ဇနီယံ၊မဖြေအပ်၊ရူပေ၊ရုပ်၌၊ တထာဂတော၊ သတ္တဝါ
သည်၊အတ္ထိ၊ရှိသလော၊ဣတိပုစ္ဆနံ၊ဤသို့သောအမေးကို၊ အဝိသဇ္ဇနီယံ၊

http://www.dhammadownload.com



မဖြေအပ်၊တထာဂတော၊သတ္တဝါ၌၊ရုပ်၊ရုပ်သည်၊ အတ္ထိ၊ရှိသလော၊ ဣတိ ပုစ္ဆန်၊ ဤသို့သောအမေးကို၊အဗျာကတ္တနိယံ၊မဖြေအပ်၊ ဧဝံ၊ဤအတူ၊ ဝေဒ နာ၊ဝေဒနာသည်၊ အတ္ထိ၊ရှိသလော၊ (ပ)။သညာ၊သညာသည်၊ သင်္ခါရာ၊ သင်္ခါရတို့သည်၊ ဝိညာဏံ၊ဝိညာဉ်သည်၊ အတ္ထိ၊ရှိသလော၊ ဣတိပုစ္ဆန်၊ ဤသို့သောအမေးကို၊ဝိဿဇ္ဇနီယံ၊ဖြေအပ်၏၊တထာဂတော၊သတ္တဝါသည် ဝိညာဏံ၊ဝိညာဉ်မည်သလော၊ဣတိပုစ္ဆန်၊ဤသို့သောအမေးကို။ အဗျာ ကတ္တ နီယံ၊မဖြေအပ်၊တထာဂတော၊ သတ္တဝါသည်၊ ဝိညာဏံဝါ၊ဝိညာဉ်ရှိသ လော၊ဣတိပုစ္ဆန်၊ဤသို့သောအမေးကို၊ အဗျာကတ္တနီယံ၊မဖြေအပ်၊ ဝိညာ ဏေ၊ဝိညာဉ်၌၊တထာဂတော၊သတ္တဝါသည်၊အတ္ထိ၊ရှိသလော၊ဣတိပုစ္ဆန်၊ ဤသို့သောအမေးကို၊ အဗျာကတ္တနီယံ၊မဖြေအပ်၊တထာဂတော၊ သတ္တဝါ၌၊ ဝိညာဏံ၊ဝိညာဉ်သည်၊အတ္ထိ၊ရှိသလော၊ဣတိပုစ္ဆန်၊ ဤသို့သောအမေးကို၊ အဗျာကတ္တနီယံ၊မဖြေအပ်။ရူပေန၊ရုပ်ကို။အညတြ၊ကြဉ်၍၊ တထာဂတော၊ သတ္တဝါသည်၊အတ္ထိ၊ရှိသလော၊ဣတိပုစ္ဆန်၊ဤသို့သောအမေးကို၊ အဗျာက တ္တနီယံ၊မဖြေအပ်၊ဝေဒနာယ၊ဝေဒနာကို၊ အညတြ၊ကြဉ်၍၊(ပ)၊သညာယ၊ သညာကို၊သင်္ခါရေဟိ၊သင်္ခါရတို့ကို၊ ဝိညာဏေန၊ ဝိညာဉ်ကို၊ အညတြ၊ ကြဉ်၍၊တထာဂတော၊ သတ္တဝါသည်၊ အတ္ထိ၊ရှိသလော၊ဣတိပုစ္ဆန်၊ ဤသို့ သောအမေးကို၊ အဗျာကတ္တနီယံ၊ မဖြေအပ်။ အယံသောတထာဂတော၊ဤ သတ္တဝါသည်၊အရူပကော၊ရုပ်မရှိသလော။အဝေဒနကော၊ဝေဒနာမရှိသလော၊ အသညကော၊သညာမရှိသလော၊အသင်္ခါရကော၊သင်္ခါရမရှိသလော၊ အဝိညာ ဏကော၊ဝိညာဉ်မရှိသလော၊ ဣတိပုစ္ဆန်၊ဤသို့သောအမေးကို၊ အဗျာကတ္တနီ ယံ၊မဖြေအပ်၊ ။ဣဒံသုတ္တံ၊ဤပါဠိသည်၊ဝိဿဇ္ဇနီယဉ္စ၊ဝိဿဇ္ဇနီယလည်း ဖြစ်သော၊အဗျာကတ္တနီယဉ္စ၊ အဗျာကတ္တနီယလည်းဖြစ်သော၊ သုတ္တံ၊ သုတ် မည်၏၊ ။ဘဂဝါ၊မြတ်စွာဘုရားသည်၊ဝိသုဒ္ဓေန၊ အလွန်သဖြင့်စင်ကြယ် သော၊အတိက္ကန္တမာနုသကေန၊ လူတို့၏ပသာဒစက္ခုကို လွန်သော၊ ဒိဗ္ဗေန စက္ခုနာ၊ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့်၊စဝမာနေ၊စုတေကုန်သော၊ဥပပဇ္ဇမာနေ ပဋိသန္ဓေနေကုန်သော၊သတ္တေ၊သတ္တဝါတို့ကို။ပဿတိ၊မြင်၏သော၊ ဧဝံ၊ ဤအတူ။သဗ္ဗံ၊အလုံးစုံကို၊ဝေဒိတဗ္ဗံ၊သိအပ်၏၊ (ပ)၊ ယထာကမ္မူပဂေ၊ကံ အားလျော်စွာကပ်၍ဖြစ်ကုန်သော၊သတ္တေ၊သတ္တဝါတို့ကို၊ ပဇာနာတိ၊ သိ ၏၊ဣတိပုစ္ဆန်၊ ဤသို့သောအမေးကို၊ ဝိဿဇ္ဇနီယံ၊ဖြေအပ်၏၊ ကတမေ၊ အဘယ်တရားတို့သည်၊ သတ္တာ၊ သတ္တဝါမည်ကုန်သနည်း၊ ကတမော၊ အဘယ်တရားသည်၊တထာဂတော၊သတ္တဝါမည်သနည်း၊ ဣတိပုစ္ဆန်၊ဤ

http://www.dhammadownload.com



သို့သောအမေးကို၊ အဝိသဇ္ဇနိယံ၊ မဖြေအပ်၊ ဌာနံသုတ္တံ၊ ဤပါဠိသည်၊ ဝိသဇ္ဇနိယဥ္စ၊ ဝိသဇ္ဇနိယာလည်း ဖြစ်သော၊ အဝိသဇ္ဇနိယဥ္စ၊ အဝိသဇ္ဇနိယ လည်းဖြစ်သော၊ သုတ္တံ၊ သုတ်မည်၏။ ၊တထာဂတော၊ သတ္တဝါသည်၊ အတ္ထိ၊ ရှိသလော၊ ဣတိပုဋ္ဌံ၊ ဤသို့သောအမေးကို၊ ဝိသဇ္ဇနိယံ၊ ဖြေအပ်၏။ မရဏာ၊ ရတေ့ကြသည်မှ၊ ပရံ၊ နောက်၌၊ တထာဂတော၊ သတ္တဝါသည်၊ အတ္ထိ၊ ရှိသလော၊ ဣတိပုဋ္ဌံ၊ ဤသို့သောအမေးကို၊ အဝိသဇ္ဇနိယံ၊ မဖြေအပ်၊ ဌာနံ သုတ္တံ၊ ဤပါဠိသည်၊ ဝိသဇ္ဇနိယဥ္စ၊ ဝိသဇ္ဇနိယ လည်းဖြစ်သော၊ အဝိသဇ္ဇနိယဥ္စ၊ အဝိသဇ္ဇနိယ လည်းဖြစ်သော၊ သုတ္တံ၊ သုတ်မည်၏။ ၊

တတ္ထ၊ ထိုနှစ်ဆဲ့ရှစ်ပါးသော သုတ်တို့တွင်၊ ကမ္မံ၊ ကမ္မသုတ်သည်၊ ကတမံ၊ အဘယ်နည်း၊ ၊မရဏေန၊ သေမင်းသည်၊ အတိဘူတဿ၊ နှိပ်စက်အပ်သော၊ မာနုသံ ဘဝံ၊ လူ၏ဥစ္စာ ဖြစ်သော ဘဝကို၊ ဇဟတော၊ ဇဟန္တဿ၊ စွန့်သော၊ တဿ၊ ထိုသတ္တဝါအား၊ ကိံ၊ အဘယ်သည်လျှင်၊ သကံ၊ မိမိဥစ္စာသည်၊ ဟောတိ၊ ဖြစ်သနည်း၊ ကိဥ္စ၊ အဘယ် ဥစ္စာကိုလည်း၊ အာဒါယ၊ ယူ၍၊ ဂစ္ဆတိ၊ သွားသနည်း၊ အနပါယိနီ၊ အစဉ်လိုက်သော၊ ဆာယာဝ၊ အရိပ်ကဲ့သို့၊ ကိဥ္စ၊ အဘယ်ဥစ္စာ သည်လည်း၊ အဿ၊ ထိုသူသို့၊ အနုဂံ၊ အစဉ် လိုက်သည်၊ ဟောတိ၊ ဖြစ်သနည်း၊ ၊ဣဓ၊ ဤပစ္စုပ္ပန်ဘဝ၌၊ ယံပုညဥ္စ၊ အကြင် ကောင်းမှုကို လည်းကောင်း၊ ယံပါပဥ္စ၊ အကြင်မကောင်းမှုကို လည်းကောင်း၊ ဥဘော၊ နှစ်ပါးသော ကောင်းမှု မကောင်းမှုတို့ကို၊ မစ္စော၊ သတ္တဝါသည်၊ ကုရုတေ၊ ပြု၏၊ တဥ္စ်တံဝေ၊ ထိုကောင်းမှုမကောင်းမှု သည်သာလျှင်၊ တဿ၊ ထိုသတ္တဝါ၏၊ သကံ၊ မိမိဥစ္စာသည်၊ ဟောတိ၊ ဖြစ်၏၊ တဥ္စ၊ ထိုကောင်းမှုမကောင်းမှုကိုသာလျှင်၊ အာဒါယ၊ ယူ၍၊ ဂစ္ဆတိ၊ သွား၏၊ တဥ္စ၊ ထိုကောင်းမှု မကောင်းမှုသည် သာလျှင်၊ အနပါယိနီ၊ အစဉ်လိုက်သော၊ ဆာယာဝ၊ အရိပ်ကဲ့သို့၊ အဿ၊ ထိုသတ္တဝါကို၊ အနုဂံ၊ အစဉ်လိုက်သည်၊ ဟောတိ၊ ဖြစ်၏၊ ၊ဣတိဣဒံသုတ္တံ၊ ဤပါဠိသည်၊ ကမ္မံ၊ ကမ္မသုတ်မည်၏၊ ၊ဘိက္ခဝေ၊ ရဟန်းတို့၊ ပုနစပရံ၊ တပါးတပ်လည်း၊ ပိဋ္ဌသမာရုဠှံဝါ၊ သေရာအင်ပျဉ်းသို့တက်သည် မူလည်းဖြစ်သော၊ မဉ္စသမာရုဠှံဝါ၊ သေရာညောင်းစောင်းသို့ တက်သည် မူလည်းဖြစ်သော၊ ဆမာယံ၊ မြေ၌၊ သေမာနံဝါ၊ အိပ်သည်လည်းဖြစ်သော၊ ဗာလံ မိုက်စွာသော၊ အဿ၊ ထိုသူ၏၊ ပုဗ္ဗေ၊ ရှေး၌၊ ပါပကာနိ၊ ယုတ်မာကုန်သော၊ ယာနိ ကမ္မာနိ အကြင်ကံတို့ကို၊ ကတာနိ၊ ပြုအပ်ကုန်ပြီ၊ ကာယေန၊ ကိုယ်ဖြင့်၊ ဒုစ္စ

http://www.dhammadownload.com



ရိတာနိ၊ ဒုစရိုက်တို့ကို၊ကတာနိ၊ပြုအပ်ကုန်၏။ ဝါစာယ၊နှုတ်ဖြင့်၊ဒုစ္စရိတာ
နိ၊ဒုစရိုက်တို့ကို၊ကတာနိ ပြုအပ်ကုန်၏၊ မနသာ၊စိတ်ဖြင့်၊ ဒုစ္စရိတာနိ၊ဒုစ
ရိုက်တို့ကို၊ကတာနိ၊ပြုအပ်ကုန်၏၊ အသဿ၊ထိုသူရိက်၏၊ တာနိကမ္မာနိ၊ထို
ကံတို့သည်၊ တမှိသမယေ၊ ထိုသေရာအင်းပျဉ် ညောင်စောင်း မြေဝယ်
အိပ်နေသောကာလ၌၊ဩလမ္ဗန္တိ၊ တွဲရရွဲဆွဲကုန်၏၊အဇ္ဈောလမ္ဗန္တိ၊အလွန်
တွဲရွဲဆွဲကုန်၏။အဘိလမ္ဗန္တိ၊ရှေးရှုတွဲရွဲဆွဲကုန်၏၊ဘိက္ခဝေ၊ရဟန်းတို့၊
သေယျထာပိ၊ဥပမာမည်သည်ကား၊ မဟတံ၊ကြီးစွာကုန်သော၊ ပဗ္ဗတကူ
ဋာနံ၊တောင်ထွဋ်တို့၏၊ဆာယာ၊အရိပ်သည်၊သာယန္ဟသမယံ၊ညချမ်းသော
အခါ၌၊ ပထဝိယံ၊မြေ၌၊ ဩလမ္ဗန္တိ၊သေယျထာပိ၊ တွဲရွဲဆွဲကုန်သကဲ့သို့
အဇ္ဈောလမ္ဗန္တိသေယျထာပိ၊ အလွန်တွဲရွဲဆွဲကုန်သကဲ့သို့၊ အဘိလမ္ဗန္တိ
သေယျထာပိ၊ရှေးရှုတွဲရွဲဆွဲကုန်သကဲ့သို့၊ ဧဝမေဝ၊ ဤအတူသာလျှင်၊
ဘိက္ခဝေ၊ ရဟန်းတို့၊ ပီဌသမာရုဠှံ ဝါ၊ သေရာအင်းပျဉ်သို့ တက်သည်မူ
လည်းဖြစ်သော၊ မဉ္စသမာရုဠှံ ဝါ၊ သေရာညောင် စောင်းသို့ တက်သည်
မူလည်းဖြစ်သော၊ ဆမာယ၊မြေ၌၊ သေမာနံ ဝါ၊ အိပ်သည် မူလည်းဖြစ်
သော၊ဗာလံ၊ရိက်သော၊အသဿ၊ထိုသူ၏၊ ပုဗ္ဗေ၊ရှေး၌၊ ပါပကာနိ၊ယုတ်မာ
ကုန်သော၊ယာနိကမ္မာနိ၊အကြင်ကံတို့ကို၊ ကာယေန၊ကိုယ်ဖြင့်၊ ဒုစ္စရိတာ
နိ၊ဒုစရိုက်တို့ကို၊ဝါစာယ၊ နှုတ်ဖြင့်၊ ဒုစ္စရိတာနိ၊ ဒုစရိုက်တို့ကို၊မနသာ၊
စိတ်ဖြင့်၊ဒုစ္စရိတာနိ၊ဒုစရိုက်တို့ကို။ ကတာနိ၊ ပြုအပ်ကုန်၏၊ အသဿ၊ထိုသူ
ရိက်၏၊ တာနိကမ္မာနိ၊ ထိုကံတို့သည်၊တမှိယမယေ၊ ထိုသေရာအင်းပျဉ်
ညောင်စောင်းမြေဝယ်အိပ်နေသောကာလ၌ ဩလမ္ဗန္တိ၊ တွဲရွဲဆွဲကုန်၏၊
အဇ္ဈောလမ္ဗန္တိ၊အလွန်တွဲရွဲဆွဲကုန်၏၊ အဘိလမ္ဗန္တိ၊ရှေးရှုတွဲရွဲဆွဲကုန်
၏။ဘိက္ခဝေ၊ရဟန်းတို့၊တဂြ၊ထိုသို့ထင်သောအခြင်းအရာဖြင့်၊ဗာလသာ၊
ရိက်သောသူအား၊ဧဝံ၊ဤသို့သောစိတ်အကြံသည်၊ဟောတိ၊ဖြစ်၏၊ ကထံ
ဟောတိ၊အဘယ်သို့ဖြစ်သနည်း၊ မေမယာ၊ ငါသည်၊ကလျာဏံ၊ကောင်း
မှုကို၊ဝတ၊စင်စစ်၊အကတံ၊မပြုအပ်၊ ကုသလံ၊ကုသိုလ်ကို၊ အကတံ၊မပြု
အပ်။ ဘီရုတ္တာဏံ၊ သေခါနီး၌ ကြောက်ခြင်းကိုစောင့်ရှောက် တတ်သော
ကောင်းမှုကို၊ အကတံ၊မပြုအပ်၊ ပါပံ၊မကောင်းမှုကို၊ ကတံ၊ပြုအပ်ပြီ၊
လုဒ္ဒကံ၊ ကြမ်းတန်းသောအမှုကို၊ ကတံ၊ပြုအပ်ပြီ၊ ကိဗ္ဗိသံ၊ ကြမ်းတန်း
သောအမှုကို၊ကတံ၊ပြုအပ်ပြီ၊ ဘော၊အိုအချင်းတို့၊ အကတကလျာဏာနံ၊
ပြုအပ်သောကောင်းမှုမရှိကုန်သော၊ အကတကုသလာနံ၊ ပြုအပ်သောကု
သိုလ်မရှိကုန်သော၊အကတဘီရုတ္တာဏာနံ၊ပြုအပ်ပြီးသောသေခါနီးကာလ

နွံကြောက်ခြင်းကိုစောင့်ရှောက်တတ်သော ကောင်းမှုမရှိကုန်သော၊ ကတပါပါနံ၊ပြုအပ်ပြီးသောမကောင်းမှုရှိကုန်သော၊ကတလုဒ္ဒါနံ၊ပြုအပ်ပြီးသောကြမ်းကြုတ်သောအမှုရှိကုန်သော၊ကတကိဗ္ဗိသာနံ၊ ပြုအပ်ပြီးသောကြမ်းတမ်းသောအမှုရှိကုန်သော၊သူတို့၏၊ ယာဝတာ၊ အကြောင်းမျှလောက်သော၊ဂတိ၊ ပေတနိရယ တိရစ္ဆာနဂတိသည်၊ အတ္ထိ၊ရှိ၏၊ တံတတ္တကံ၊ထိုမျှလောက်သော၊ဂတိံ၊ဂတိသို့၊ပစ္စာဂစ္ဆာမိ၊လားရအံ့၊ဣတိဧဝံ၊ဤသို့သောအကြံသည်၊ဟောတိ၊ဖြစ်၏၊ ဣတိ၊ဤသို့၊ သော၊ဗာလော၊ထိုသူမိုက်သည်၊သောစတိ၊စိုးရိမ်၏၊ ကိလမတိ၊ ပင်ပန်း၏၊ ပရိဒေဝတိ၊ငိုကြွေးမြည် တမ်း၏၊ဥရတ္တာဠိံ၊ရင်ကိုတီးခတ်လျက်၊ ကန္ဒတိ၊ယောင်ယမ်း၏၊သမ္မောဟံ၊ပြင်းစွာတွေဝေခြင်းသို့၊အာပဇ္ဇတိ၊ရောက်၏၊ ဣတိ၊ဤသို့မှတ်အပ်၏၊ဘိက္ခဝေ၊ရဟန်းတို့၊ပုန စပရံ၊တပါးတို့လည်း၊ပီဌသမာရုဠှံ ဝါ၊ သေရာအင်းပျဉ်သို့တက်သည်လည်းဖြစ်သော၊မဉ္စသမာရုဠှံ ဝါ၊သေရာညောင်စောင်းသို့တက်သည်လည်းဖြစ်သော၊ ဆမာယ၊ မြေ၌၊ သေမာနံ ဝါ၊ အိပ်သည်လည်းဖြစ်သော၊ပဏ္ဍိတံ၊ပညာရှိသော၊ အဿ၊ထိုသူ၏၊ ပုဗ္ဗေ၊ရှေး၌၊ ကလျာဏာနိ၊ကောင်းကုန်သော၊ ယာနိကမ္မာနိ၊အကြင်အမှုတို့ကို၊ ကတာနိ၊ပြုအပ်ကုန်ပြီ၊ကာယေန၊ကိုယ်ဖြင့်၊သုစရိတာနိ၊ သုစရိုက်တို့ကို၊ ဝါစာယ၊နှုတ်ဖြင့်၊သုစရိတာနိ၊သုစရိုက်တို့ကို၊မနသာ၊စိတ်ဖြင့်၊သုစရိတာနိ၊သုစရိုက်တို့ကို၊ကတာနိ၊ပြုအပ်ကုန်ပြီ၊အဿ၊ထိုပညာရှိ၏၊ တာနိကမ္မာနိ၊ထိုအမှုတို့သည်၊တသ္မိံသမယေ၊ ထိုသေရာအင်းပျဉ် ညောင်စောင်းမြေဝယ် အိပ်နေသောကာလ၌၊ဩလမ္ဗန္တိ၊တွဲရရွဲဆွဲကုန်၏၊အဇ္ဈောလမ္ဗန္တိ၊အလွန်တွဲရရွဲဆွဲကုန်၏၊အဘိလမ္ဗန္တိ၊ရှေးရှုတွဲရရွဲဆွဲကုန်၏၊ ဘိက္ခဝေ၊ရဟန်းတို့၊ သေယျထာပိ၊ဥပမာမည်သည်ကား၊ မဟတံ၊ ကြီးကုန်သော၊ ပဗ္ဗတကူဋာနံ၊ တောင်ထွဋ်တို့၏၊ ဆာယာ၊အရိပ်တို့သည်၊ သာယန္ဟသမယံ၊ညချမ်းသောအခါ၌၊ပထဝိယံ၊မြေ၌၊ဩလမ္ဗန္တိ သေယျထာပိ၊ တွဲရရွဲဆွဲကုန်သကဲ့သို့၊ အဇ္ဈောလမ္ဗန္တိ သေယျထာပိ၊အလွန်တွဲရရွဲဆွဲကုန်သကဲ့သို့၊ အဘိလမ္ဗန္တိ သေယျထာပိ၊ရှေးရှုတွဲရရွဲဆွဲကုန်သကဲ့သို့၊ ဧဝမေဝ၊ဤအတူသာလျှင်၊ဘိက္ခဝေ၊ရဟန်းတို့၊ပီဌသမာရုဠှံ ဝါ၊သေရာအင်းပျဉ်သို့တက်သည်လည်းဖြစ်သော၊မဉ္စသမာရုဠှံ ဝါ၊သေရာညောင်စောင်းကိုတက်သည်လည်းဖြစ်သော၊ဆမာယ၊မြေ၌၊ သေမာနံ ဝါ၊ အိပ်သည်လည်းဖြစ်သော၊ ပဏ္ဍိတံ၊ပညာရှိသော၊အဿ၊ထိုသူ၏၊ပုဗ္ဗေ၊ရှေး၌၊ကလျာဏာနိ၊ကောင်းကုန်သော၊ယာနိကမ္မာနိ၊အကြင်အမှုတို့ကို၊ကတာနိ၊ပြုအပ်ကုန်၏၊ကာယေန၊ကိုယ်ဖြင့်၊သုစရိတာနိ

http://www.dhammadownload.com



သုစရိုက်တို့ကို၊ ဝါစာယ၊ နှုတ်ဖြင့်၊ သုစရိတာနိ၊ သုစရိုက်တို့ကို၊မနသာ၊ စိတ်ဖြင့်၊ သုစရိတာနိ၊ သုစရိုက်တို့ကို၊ ကတာနိ၊ပြုအပ်ကုန်၏၊ အသေ၊ထို ပညာရှိ၏၊တာနိကမ္မာနိ၊ထိုကံတို့သည်၊တမ္ဟိသမယေ၊ထိုသေရာအင်းပျဉ် ညောင်စောင်း မြေဝယ်အိပ်နေသောကာလ၌၊ဩလမ္ဗန္တိ၊တွဲရရွဲဆွဲကုန်၏၊ အဇ္ဈောလမ္ဗန္တိ၊အလွန်တွဲရရွဲဆွဲကုန်၏၊ အဘိလမ္ဗန္တိ၊ ရှေးရှုတွဲရရွဲဆွဲကုန် ၏၊ဘိက္ခဝေ၊ရဟန်းတို့၊တတြ၊ထိုသို့ထင်သောအခြင်းအရာ၌၊ပဏ္ဍိတဿ၊ ပညာရှိအား၊ဧဝံ၊ဤသို့သောစိတ်အကြံသည် ဟောတိ၊ဖြစ်၏၊ ကထံဟော တိ၊ အဘယ်သို့ ဖြစ်သနည်း၊ မေမယာ၊ ငါသည်၊ ပါပံ၊မကောင်းမှုကို၊ ဝတ၊စင်စစ်၊အကတံ၊မပြုအပ်၊ လုဒ္ဒံ၊ကြမ်းကြုတ်သောအမှုကို၊ အကတံ၊ မပြုအပ်၊ကိဗ္ဗိသံ၊ကြမ်းတန်းသောအမှုကို၊ အကတံ၊မပြုအပ်၊ ကလျာဏံ၊ ကောင်းမှုကို၊ ကတံ၊ပြုအပ်ပြီ၊ ကုသလံ၊ကုသိုလ်ကို၊ကတံ၊ ပြုအပ်ပြီ၊ဘိ ရုဏ္ဏာဏံ၊ သေခါနီးသောကာလ၌ ကြောက်ခြင်းကို စောင့်ရှောက်တတ် သောကောင်းမှုကို၊ ကတံ၊ပြုအပ်ပြီ၊ဘော၊ အိုအခြင်းတို့၊အကတပါပါနံ၊ ပြုအပ်သောမကောင်းမှုမရှိကုန်သော၊အကတလုဒ္ဒါနံ၊ကြမ်းကြုတ်ခြင်း မရှိ ကုန်သော၊အကတကိဗ္ဗိသာနံ၊ပြုအပ်သောကြမ်းတန်းခြင်း မရှိကုန်သော၊ ကတကလျာဏာနံ၊ ပြုအပ်သောကောင်းမှုရှိကုန်သော၊ ကတကုသလာနံ၊ ပြုအပ်သောကုသိုလ်ရှိကုန်သော၊ ကတဘိရုဏ္ဏာဏာနံ၊ပြုအပ်ပြီးသောသေ ခါနီးသောကာလ၌ကြောက်ခြင်းကို စောင့်ရှောက်တတ်သော ကောင်းမှုရှိ ကုန်သောသူတို့၏၊ ယာဂတာ၊အကြင်မျှလောက်သော၊ ဂတိ၊မနုဿဂတိ ဒေဝဂတိသည်၊အတ္ထိ၊ရှိ၏၊တံတဏ္ဍကံ၊ထိုမျှလောက်သော၊ဂတိံ၊ဂတိသို့၊ ပစ္စာဂန္တာ ဟိ၊သွားရအံ့၊ ဣတိဧဝံ၊ ဤသို့သောစိတ်အကြံသည်၊ ဟောတိ၊ ဖြစ်၏၊ဣတိ၊ဤသို့၊ သော၊ထိုပညာရှိသည်၊ နသောစတိ၊မစိုးရိမ်၊နကိလ မတိ၊မပင်ပန်း၊ နပရိဒေဝတိ၊ မငိုကြွေး၊ဥရတ္တာဠိံ၊ရင်ကို တီးခတ်ချက်၊ နကန္ဒတိ၊မယောင်ယမ်း၊ သမ္မောဟံ၊ပြင်းစွာတွေဝေခြင်းသို့၊ နအာပဇ္ဇတိ၊ မရောက်၊ မေမယာ၊ငါသည်၊ ပုညံ၊ကောင်းမှုကို၊ ကတံ၊ ပြုအပ်ပြီ၊ပါပံ၊ မကောင်းမှုကို၊ အကတံ၊မပြုအပ်၊အကတပါပဿ၊ပြုအပ်သောမကောင်း မှုမရှိသော၊အကတလုဒ္ဒဿ၊ပြုအပ်သော ကြမ်းကြုတ်သော အမှုမရှိသော၊ အကတကိဗ္ဗိသဿ၊ ပြုအပ်သောကြမ်းတန်းသော အမှုမရှိသော၊ ကတ ပုညဿ၊ပြုအပ်ပြီးသော ကောင်းမှုရှိသော၊ ကတကုသလဿ၊ ပြုအပ်ပြီး သော ကုသိုလ်ရှိသော၊ ကတဘိရုဏ္ဏာဏဿ၊ ပြုအပ်ပြီးသောကြောက် ခြင်းကို စောင့်ရှောက်တတ်သော ကောင်းမှုရှိသော သူအား၊ယာဂတိ၊

http://www.dhammadownload.com

အကြောင်ဂတိသည့်၊ဘာဝိသတိ၊ဖြစ်ထတ္တံ့၊ တံဂတိ ၊ထိုဂတိကို၊ ပစ္စာဘဝေ၊
တမလွန်ဘဝ၌၊ ပစ္စနုဘဝိဿာမိ၊ ခံစားရအံ့၊ဣတိ၊ဤသို့၊ ဝိပ္ပဋိသာရော၊
နှလုံးမသာယာခြင်းသည်၊ နစာယတိ၊မဖြစ်၊ ဘိက္ခဝေ၊ရဟန်းတို့၊ အဝိပ္ပဋိ
သာရိနော၊ နှလုံးမသာယာခြင်းမရှိသော၊ ဘဒ္ဒိကာ၀ါ၊ မိန်းမ၏ လည်း
ကောင်း၊ ပုရိသဿ၀ါ၊ ယောကျ်ား၏လည်းကောင်း၊ ဂဟဋ္ဌဿ၀ါ၊ လူ၏
လည်းကောင်း၊ပဗ္ဗဇိတဿ၀ါ၊ ရဟန်း၏လည်းကောင်း၊ ဘဒ္ဒကံ၊ ကောင်း
သော၊ မရဏံ၊သေခြင်းသည်၊ ဟောတိ၊ဖြစ်၏၊ ဘဒ္ဒိကာ၊ကောင်းသော၊
ကာလံကိရိယာ၊ရတိကာလကိုပြုခြင်းသည်၊ဟောတိ၊ဖြစ်၏၊ ဣတိ၊ဤသို့၊
ဝဒါမိ၊ဟောတော်မူ၏၊ဣဒံသုတ္တံ၊ဤပါဠိသည်၊ကမ္မံ၊ကမ္မသုတ်မည်၏၊ ။
ဘိက္ခဝေ၊ရဟန်းတို့၊ ဒုစ္စရိတာနိ၊ဒုစရိုက်တို့သည်၊ ဣမာနိတီဏိ၊ဤသုံး
ပါးတို့တည်း၊ကတမာနိတီဏိ၊ အဘယ်သုံးပါးတို့နည်းဟူမူကား၊ ကာယ
ဒုစ္စရိတံ၊ကာယဒုစရိုက်၊ ဝစီဒုစ္စရိတံ၊ဝစီဒုစရိုက်၊ မနောဒုစ္စရိတံ၊မနော
ဒုစရိုက်၊ ဘိက္ခဝေ၊ရဟန်းတို့၊ ဒုစ္စရိတာနိ၊ဒုစရိုက်တို့သည်၊ ဣမာနိခေါ
တီဏိ၊ဤသုံးပါးတို့တည်း၊ဘိက္ခဝေ၊ရဟန်းတို့၊ သုစရိတာနိ၊သုစရိုက်တို့
သည်၊ဣမာနိတီဏိ၊ဤသုံးပါးတို့တည်း၊ ကတမာနိတီဏိ၊ အဘယ်သုံး
ပါးတို့နည်းဟူမူကား၊ ကာယသုစရိတံ၊ ကာယသုစရိုက်၊ ဝစီသုစရိတံ၊
ဝစီသုစရိုက်၊ မနောသုစရိတံ၊မနောသုစရိုက်၊ဘိက္ခဝေ၊ရဟန်းတို့၊ သုစရိ
တာနိ၊သုစရိုက်တို့သည်၊ဣမာနိခေါတီဏိ၊ဤသုံးပါးတို့တည်း၊ဣဒံသုတ္တံ၊
ဤပါဠိသည်၊ကမ္မံ၊ကမ္မသုတ်မည်၏။ ။

တတ္ထ၊ထိုနှစ်ဆယ့်ရှစ်ပါးသောသုတ်တို့တွင်၊ ဝိပါကော၊ဝိပါကသုတ်
သည်၊ကတမော အဘယ်နည်း၊ဘိက္ခဝေ၊ရဟန်းတို့၊ဝေါတုမှာကံ၊ သင်တို့
အား၊ဿဘာ၊လူ၏အဖြစ်ကို ရတော်စွ၊ဘိက္ခဝေ၊ ရဟန်းတို့၊ဝေါတုမှေဟိ
သင်တို့သည်၊ သုလဒ္ဓံ၊စတုပါရိသုဒ္ဓိသီလမစရှိသည်နှင့် ပြည့်စုံခြင်းကို
ကောင်းစွာ ရအပ်၏၊ ဘိက္ခဝေ၊ရဟန်းတို့၊ ဝေါတုမှေဟိ၊ သင်တို့သည်၊
ဖြဟ္မစရိယဝါသာယ၊မြတ်သော အကျင့်ဖြင့် သီတင်းသုံးခြင်း၌၊ ခဏော၊
ဇုန္တပ္ပါဒနဝမခဏကို၊ပဋိလဒ္ဓေါ၊ရအပ်ပြီ၊ဘိက္ခဝေ၊ရဟန်းတို့၊ ဆ၊ခြောက်
ပါးကုန်သော၊ ဖဿာယတနိကာနာမ၊ ဖဿာယတနိက အမည်ရှိသော၊
နိရယာ၊ငရဲတို့ကဲ့သို့၊မယာ၊ငါသည်၊ဒိဋ္ဌာ၊မြင်အပ်ပြီ၊ တတ္ထ၊ထိုငရဲတို့၌၊
ယံကိဉ္စိ၊အမှတ်မရှိသော၊ရူပံ၊ရုပ်ကို၊စက္ခုနာ၊မျက်စိဖြင့်၊ ပဿတိ၊မြင်၏၊
အနိဋ္ဌရူပံယော၀၊ အလိုမရှိအပ်သော ရူပါရုံကိုသာလျှင်၊ ပဿတိ၊မြင်၏၊
ဣဋ္ဌရူပံ၊အလိုရှိအပ်သောရူပါရုံကို၊နောပဿတိ၊မမြင်၊အကန္တရူပံယေ၀

မနှစ်သက်အပ်သော ရူပါရုံကိုသာလျှင်၊ ပဿတိ၊မြင်၏၊ ကန္တရူပံ၊နှစ်
သက်အပ်သောရူပါရုံကို၊နောပဿတိ၊မမြင်၊အမနာပရူပံယေဝ၊ မနှစ်လို
စေတတ်သော ရူပါရုံကိုသာလျှင်၊ ပဿတိ၊မြင်၏၊ မနာပရူပံ၊နှစ်လိုစေ
တတ်သောရူပါရုံကို၊နောပဿတိ၊ မမြင်၊ယံကိဉ္စိ၊အမှတ်မရှိသော၊သဒ္ဒံ၊
သဒ္ဒါရုံကို၊သောတေန၊သောတဝိညာဉ်ဖြင့်၊ သုဏာတိ၊ကြား၏၊(ပ)၊ဃာနေ
န၊ဃာနဝိညာဉ်ဖြင့်၊ဇိဝှါယ၊ဇိဝှါဝိညာဉ်ဖြင့်၊ကာယေန၊ကာယဝိညာဉ်ဖြင့်၊
ယံကိဉ္စိ၊ အမှတ်မရှိထရံတရသော၊ ဓမ္မံ၊ဓမ္မာရုံကို၊မနသာ၊ မနောဝိညာဉ်
ဖြင့်၊ဝိဇာနာတိ၊သိ၏၊အနိဋ္ဌဓမ္မံယေဝ၊အလိုမရှိအပ်သောတရားကိုသာလျှင်
ဝိဇာနာတိ၊သိ၏၊ဣဋ္ဌဓမ္မံ၊အလိုရှိအပ်သောတရားကို၊နောဝိဇာနာတိ၊ မသိ၊
အကန္တဓမ္မံယေဝ၊ မနှစ်သက်အပ်သော တရားကို သာလျှင်၊ဝိဇာနာတိ၊
သိ၏၊ကန္တဓမ္မံ၊နှစ်သက်အပ်သောတရားကို၊နောဝိဇာနာတိ၊မသိ၊ အမနာ
ပဓမ္မံယေဝ၊ မနှစ်လိုစေတတ်သောတရားကိုသာလျှင်၊ ဝိဇာနာတိ၊သိ၏၊
မနာပဓမ္မံ၊နှစ်လိုစေတတ်သောတရားကို၊ နောဝိဇာနာတိ၊မသိ၊ ဘိက္ခဝေ၊
ရဟန်းတို့၊ ဝေါတုမှာကံ၊သင်တို့အား၊ လာဘာ၊လူ၏ အဖြစ်ကိုရတော်စွ၊
ဘိက္ခဝေ၊ရဟန်းတို့၊ ဝေါတုမှေဟိ၊သင်တို့သည်၊ သုလဒ္ဓံ၊ စတုပါရိသုဒ္ဓိ
သီလအစရှိသည်နှင့်ပြည့်စုံခြင်းကိုကောင်းစွာရအပ်၏၊ဘိက္ခဝေ၊ ရဟန်း
တို့၊ဝေါတုမှေဟိ၊ သင်တို့သည်၊ဗြဟ္မစရိယာဝါသာယ၊ မြတ်သော အကျင့်
ဖြင့်သီတင်းသုံးခြင်းငှါ၊ခဏော၊ဗုဒ္ဓုပ္ပါဒနဝမခဏကို၊ပဋိလဒ္ဓေါ၊ရအပ်ပြီ၊
ဘိက္ခဝေ၊ရဟန်းတို့၊မယာ၊ငါသည်၊ ဆ၊ခြောက်ပါးကုန်သော၊ ဖဿာယ
တနိကာနာမ၊ဖဿာယတနိကအမည်ရှိကုန်သော၊သဂ္ဂါ၊နတ်ပြည်တို့ကို၊
မယာ၊ငါသည်၊ဒိဋ္ဌာ၊မြင်အပ်ကုန်ပြီ၊တတ္ထ၊ထိုနတ်ပြည်တို့၌၊ယံကိဉ္စိ၊အမှတ်
မရှိသော၊ရူပံ၊ရူပါရုံကို၊စက္ခုနာ၊စက္ခုဝိညာဉ်ဖြင့်၊ပဿတိ၊မြင်၏၊ဣဋ္ဌရူပံ
ယေဝ၊ အလိုရှိအပ်သော ရူပါရုံကိုသာလျှင်၊ ပဿတိ၊မြင်၏၊ အနိဋ္ဌရူပံ၊
အလိုမရှိအပ်သော ရူပါရုံကို၊ နောပဿတိ၊ မမြင်၊ ကန္တရူပံယေဝ၊ နှစ်
သက်အပ်သောရူပါရုံကိုသာလျှင်၊ပဿတိ၊မြင်၏၊အကန္တရူပံ၊ မနှစ်သက်
အပ်သော ရူပါရုံကို၊ နောပဿတိ၊မမြင်၊မနာပရူပံယေဝ၊နှစ်လိုစေတတ်
သော ရူပါရုံကို သာလျှင်၊ ပဿတိ၊မြင်၏၊အမနာပရူပံ၊မနှစ်လိုစေတတ်
သောရူပါရုံကို၊ နောပဿတိ၊ မမြင်၊ယံကိဉ္စိ၊အမှတ်မရှိသော၊သဒ္ဒံ၊အသံ
ကို၊ သောတေန၊ သောတဝိညာဉ်ဖြင့်၊ သုဏာတိ၊ကြား၏၊ (ပ)၊ဃာနေန၊
ဃာနဝိညာဉ်ဖြင့်၊ ဇိဝှါယ၊ဇိဝှါဝိညာဉ်ဖြင့်၊ ကာယေန၊ကာယဝိညာဉ်ဖြင့်၊
မနသာ၊မနောဝိညာဉ်ဖြင့်၊ ဓမ္မံ၊ဓမ္မာရုံကို၊ဝိဇာနာတိ၊သိ၏၊ ဣဋ္ဌဓမ္မံယေဝ၊

http://www.dhammadownload.com



အလိုရှိအပ်သောတရားကိုသာလျှင်၊ဝိဇာနာတိ၊သိ၏၊ အနိဋ္ဌခမ္ဘံ၊ အလိုမရှိ
အပ်သောတရားကို၊ နောဝိဇာနာတိ၊ မသိ၊ကန္တခမ္ဘံယောဝ၊ နှစ်သက်အပ်
သောတရားကိုသာလျှင်၊ ဝိဇာနာတိ၊သိ၏၊ အကန္တခမ္ဘံ၊ မနှစ်သက်အပ်
သောတရားကို၊နောဝိဇာနာတိ၊မသိ၊ မနာပခမ္ဘံယောဝ၊နှစ်လိုစေတတ်သော
တရားကိုသာလျှင်၊ဝိဇာနာတိ၊သိ၏၊ အမနာပခမ္ဘံ၊ မနှစ်လိုစေတတ်သော
တရားကို၊နောဝိဇာနာတိ၊မသိ၊ဘိက္ခဝေ၊ရဟန်းတို့၊ ဝေါတုမှာကံ၊သင်တို့
အား၊ထာဘာ၊လူ၏အဖြစ်ကိုရတော်စွ၊ဘိက္ခဝေ၊ရဟန်းတို့၊ ဝေါတုမှေဟိ၊
သင်တို့သည်၊ သုလဒ္ဓံ၊ စတုပါရိသုဒ္ဓိသီလအစရှိသည်နှင့် ပြည့်စုံခြင်းကို
ကောင်းစွာရအပ်၏၊ဘိက္ခဝေ၊ရဟန်းတို့၊ဝေါတုမှေဟိ၊သင်တို့သည်၊ဗြဟ္မ
စရိယဝါသာယ၊ မြတ်သော အကျင့်ဖြင့် သီတင်း သုံးခြင်းငှါ၊ ခဏော၊
ဗုဒ္ဓုပ္ပါဒနဝမခဏကို၊ပဋိလဒ္ဓေါ၊ရအပ်၏၊ဖုဋ္ဌတိအယံ၊ဤသံယုတ်ပါဠိသည်၊
ဝိပါကော၊ဝိပါကသုတ်မည်၏၊ ၊သမ္ဘသော၊ခပ်သိမ်းသောအခြင်းအရာ
အားဖြင့်၊နိရယော၊ လောဟကုမ္ဘိငရဲ၌၊ ပစ္စမာနသာ၊ ကျက်သောငါ့အား၊
သမ္ပဝသသ ဘ သာနိ၊အနှစ်ခြောက်သောင်းတို့သည်၊ ပရိပုဏ္ဏာနိ၊ ပြည့်
ကုန်ပြီ၊ကဒါ၊အဘယ်အခါ၌၊အန္တော၊အဆုံးသည်၊ ဘဝိဿတိ၊ ဖြစ်လတ္တံ့
နည်း၊ ၊အန္တော၊အဆုံးသည်၊နတ္ထိ၊မရှိ၊အန္တော၊အဆုံးသည်၊ ကုတော၊
အဘယ်မှာရှိအံ့နည်း၊အန္တော၊အဆုံးသည်၊နပဋိဒိဿတိ၊မထင်၊ မာရိသာ၊
ဆင်းရဲမကင်းအချင်းယောကျ်ားသူငယ်သားတို့၊ တဒါ၊ထိုလူဖြစ်သောအ
ခါ၌၊မမစ၊ငါသည်လည်းကောင်း၊တုမှာကဉ္စ၊သင်တို့သည်လည်းကောင်း၊
ပါပံ၊မကောင်းမှုကို၊ပကတံ၊ပြုအပ်ပြီ၊ဖုဋ္ဌတိအယံ၊ဤဇာတ်ပါဠိသည်၊ ဝိပါ
ကော၊ဝိပါကသုတ်မည်၏၊ ၊

တတ္ထ၊ထိုနှစ်ဆဲ့ရှစ်ပါးသောသုတ်တို့တွင်၊ကမ္မဉ္စ၊ကမ္မလည်းဖြစ်သော
ဝိပါကောစ၊ ဝိပါကလည်းဖြစ်သော၊ သုတ္တံ၊သုတ်သည်၊ကတမံ၊အဘယ်
နည်း၊ ၊ယောနရော၊အကြင်သူသည်၊အခမ္မစာရီဟိအခမ္မစာရီဝေ၊အခမ္မကို
သာလျှင်ကျင့်လေ့ရှိ၏၊ ပမဏ္ဍာ၊ မေ့လျော့၏၊သောနရော၊ထိုသူသည်၊ယာ
ဟိံ တဟိံ၊အကြင်အကြင်သို့သော၊ဒုဂ္ဂတိံ၊ဒုဂ္ဂတိသို့၊ဂစ္ဆတိ၊ သွားရ၏၊တ
ဟိံ တဟိံ၊ထိုထိုသို့သောဒုဂ္ဂတိ၌၊စရိတော၊မိမိသည်ကျင့်အပ်သော၊သော
အခမ္မော၊ထိုအခမ္မသည်၊နှံနှရံ၊ထိုကျင့်သောသတ္တဝါကို၊ သယံဂဟိတော၊
မိမိဘာမ်းအပ်သော၊ကဏှသပ္ပေါယထာ၊မြွေဟောက်ကဲ့သို့၊ ဟာနတိ၊ သတ်
၏၊ ၊ခမ္မောစ၊ဒါနစသောခမ္မသည်လည်းကောင်း၊အခမ္မောစ၊ ပါဏာတိ
ပါတစသောအခမ္မသည်လည်းကောင်း၊ ဥဘော၊နှစ်ပါးကုန်သောတရားတို့

http://www.dhammadownload.com



သည့်၊ သမဝိပါကိနော၊ တူသောအကျိုးရှိကုန်သည်၊ နယိဟောန္တိ၊ မဖြစ်ကုန်သည်သာလျှင်တည်း၊ အဝေမွော၊ ကျေးဇူးမရှိသော အကုသိုလ်ဓမ္မသည်၊ နိရယံ၊ ငရဲသို့၊ နေတိ၊ ဆောင်၏၊ ဓမ္မော၊ ကျေးဇူးရှိသော ကုသိုလ်ဓမ္မသည်၊ သုဂတိံ၊ သုဂတိသို့၊ ပါပေတိ၊ ရောက်စေတတ်၏၊ ဣတိဣဒံသုတ္တံ၊ ဤထေရ ပါဠိသည်၊ ကမ္မဥ္စ၊ ကမ္မထည်းဖြစ်သော၊ ဝိပါကော စ၊ ဝိပါကထည်းဖြစ်သော၊ သုတ္တံ၊ သုတ်မည်၏၊ ၊ ဘိက္ခဝေ၊ ရဟန်းတို့၊ ပုညာနံ၊ ကောင်းမှုတို့၏၊ မာ ဘာယိတ္ထ၊ မကြောက်ကြကုန်လင့်၊ ဘိက္ခဝေ၊ ရဟန်းတို့၊ ပုညာနီတိ၊ ပုညာနိ ဟူသော၊ ယဒိဒံ နာမံ၊ အကြင်အမည်သည်၊ အတ္ထိ၊ ရှိ၏၊ ဧတံ၊ ဤပုညာနိ ဟူသောအမည်သည်၊ ဣဋ္ဌဿ၊ အလိုရှိအပ်သော၊ ကန္တဿ၊ နှစ်သက်အပ် သော၊ ပိယဿ၊ ချစ်အပ်သော၊ မနာပဿ၊ နှလုံးကိုပွါးစေတတ်သော၊ သု ခဿ၊ ချမ်းသာ၏၊ အဓိဝစနံ၊ အမည်တည်း၊ ဘိက္ခဝေ၊ ရဟန်းတို့၊ ဒီဃရတ္တံ၊ ရှည်စွာသောနေ့ညဥ့်ပတ်လုံး၊ ကတာနံ၊ ပြုအပ်ကုန်သော၊ ပုညာနံ၊ ကောင်း မှုတို့၏၊ ဒီဃရတ္တံ၊ ရှည်စွာသောနေ့ညဥ့်ပတ်လုံး၊ ပစ္စနုဘူတံ၊ ခံစားအပ်သော ဣဋ္ဌံ၊ အလိုရှိအပ်သော၊ ကန္တံ၊ နှစ်သက်အပ်သော၊ ပိယံ၊ ချစ်အပ်သော၊ မနာ ပံ၊ နှလုံးကိုပွါးစေတတ်သော၊ ဝိပါကံ၊ အကျိုးကို၊ အဟံ၊ ငါသည်၊ အဘိဇာ နာမိခေါ်ပန၊ သိသည်သာလျှင်တည်း၊ သတ္တဝဿာနိ၊ ခုနစ်နှစ်တို့ ပတ်လုံး၊ မေတ္တစိတ္တံ၊ မေတ္တာနှင့်ယှဥ်သောစိတ်ကို၊ ဘာဝေတွာ၊ ပွါးစေ၍၊ သတ္တသံ ဝဋ္ဋဝိဝဋ္ဋကပ္ပေ၊ ခုနစ်ပါးသောသံဝဋ္ဋဝိဝဋ္ဋကပ်တို့ပတ်လုံး၊ ဣမံလောကံ၊ ဤ ကာမဘုံသို့၊ ပုန၊ တဖန်၊ နာဂမာသိံ၊ မလာ၊ ဘိက္ခဝေ၊ ရဟန်းတို့၊ ကပ္ပေ၊ ကပ် သည်၊ သံဝဋ္ဋမာနေ၊ ပျက်သည်ရှိသော်၊ အဟံ၊ ငါသည်၊ အာဘဿရူပဂေါ၊ အာဘဿရဘုံသို့ကပ်သည့်၊ ဟောတိ၊ ဖြစ်၏၊ ကပ္ပေ၊ ကပ်သည်၊ ဝိဝဋ္ဋမာ နေ၊ တည်သည်ရှိသော်၊ သုညံ၊ ဆိတ်သော၊ ဗြဟ္မဝိမာနံ၊ ဗြဟ္မဝိမာန်သို့၊ ဥပ ပဇ္ဇာမိ၊ ကပ်ရ၏၊ ဘိက္ခဝေ၊ ရဟန်းတို့၊ တတြ၊ ထိုဗြဟ္မဝိမာန်၌၊ အဘိဘူ၊ သူ တပါးကိုနှိပ်နင်းနိုင်သော၊ အနဘိဘူတော၊ သူတပါးတို့သည် မနှိပ်စက် အပ်သော၊ အညဒတ္ထု၊ စင်စစ်၊ ဒသော၊ မြင်တတ်သောအလေ့ရှိသော၊ ဝသ ဝတ္တီ၊ အလိုသို့လိုက်စေနိုင်သော၊ မဟာဗြဟ္မာ၊ မဟာဗြဟ္မာဟူ ဆိုအပ် သော၊ ဗြဟ္မာ၊ ဗြဟ္မာသည်၊ ဟောမိ၊ ဖြစ်၏၊ ဘိက္ခဝေ၊ ရဟန်းတို့၊ ဆတ္တိံသက္ခ တ္တုံ၊ သုံးဆဲ့ခြောက်ကြိမ်၊ အဟံ၊ ငါသည်၊ ဒေဝါနမိန္ဒော၊ နတ်တို့ကိုအစိုးရ သော၊ သက္ကော၊ သိကြားမင်းသည်၊ အဟောသိံ၊ ဖြစ်ပြီ၊ အနေက သတက္ခ တ္တုံ၊ အကြိမ်များစွာ၊ ဓမ္မိကော၊ တရားစောင့်သော၊ ဓမ္မရာဇာ၊ တရားစောင့် သောမင်းဖြစ်သော၊ စာတုရန္တော၊ သမုဒ္ဒရာအဆုံးတိုင်အောင်လေးကျွန်း

http://www.dhammadownload.com



